Pwintthit

ESSAYS ON PROVERBS

စကားပုံ အက်ဆေးများ

တက္ကသိုလ်ဝင်တန်း
ကျောင်းသားကျောင်းသူများနှင့်
ရာထူးဝင်ခွင့်ဖြေဆိုမည့်သူများ
အတွက်...

designed by tin htoon

UTA
(ရန်ကုန်တက္ကသိုလ်)

တက္ကသိုလ်ဝင်တန်း
ကျောင်းသားကျောင်းသူများနှင့်
ရာထူးဝင်ခွင့်ဖြေဆိုမည့်သူများ
အတွက်...

Printhit

ESSAYS ON PROVERBS

စကားပုံ အက်ဆေးများ



UTA
(ရန်ကုန်တက္ကသိုလ်)

ပထမအကြိမ် ပုံနှိပ်ခြင်း
၂၀၁၅ ခုနှစ်၊ ဇူလိုင်လ၊ အုပ်ရေ - ၁၀၀၀

မျက်နှာဖုံး ဒီဇိုင်း
ပန်းချီတင်ထွဋ်

တာဝီ
DREAM CITY

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်မိုးဇင် (အောင်သာပုံနှိပ်တိုက်)
၁၇၂၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးလှတိုး (ရန်အောင်စာပေ)
တိုက် ၁၇၊ အခန်း ၂၃၊ ရွှေအုန်းပင်အိမ်ရာ
အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၅၀၀ ကျပ်

စာအုပ်ကတ်တလောက် အချက်အလက်များ - CIP

UTA (ရန်ကုန်တက္ကသိုလ်) ၄၂၅
ESSAYS ON PROVERBS (စကားပုံအက်ဆေးများ)
ရန်ကုန်၊ ရန်အောင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၄။
၂၀၀ စာ၊ ၁၄ × ၂၁ စင်တီ။
(၁) ESSAYS ON PROVERBS (စကားပုံအက်ဆေးများ)

Practical ESSAYS ON PROVERBS

စကားပုံ အက်ဆေးများ

တက္ကသိုလ်ဝင်တန်း
ကျောင်းသားကျောင်းသူများနှင့်
ရာထူးဝင်ခွင့်ဖြေဆိုမည့်သူများ
အတွက်...



UTA
(ရန်ကုန်တက္ကသိုလ်)

မာတိကာ

အမှာစာ

1. All Good Things Must Come To An End 9
မက်မောစရာတွေအားလုံး တစ်နေ့တော့ နိဂုံးချုပ်ရမှာ
2. All Roads Lead To Rome 14
လမ်းဆုံးလျှင် ရွာတွေ့မှာပါ
3. All Clouds Bring Not Rain 18
တိမ်ညိုလာတိုင်း မိုးမပါ
4. Actions Speak Louder Than Words 22
အပြောထက် ထိရောက်သည်မှာ အလုပ်
5. Ask A Stupid Question
And You'll Get A Stupid Answer 26
အမေးဆိုးလျှင် အဖြေမကောင်းနိုင်
ရောင်းသူဝယ်သူ အသံတူ
6. Pen is Mightier than Sword 31
ကလောင်သွားသည် ဓားသွားထက်ပိုထက်သည်
7. There is no smoke without fire 36
ဟုတ်လို့ကြော်၊ ပုပ်လို့ပေါ်
8. Where There is a Will, There is a Way 41
လိုလျှင်ကြံဆ နည်းလမ်းရ
9. Beauty Lies in the Eye of the Beholder 46
ရှမ်းကြိုက်လျှင်နွားချော (ကိုယ်ထင်ခုတင်ရွှေနန်း)

10. Prevention is Better than Cure 50
ကြိုတင်ကာကွယ်ခြင်းသည်
ကုသခြင်းထက် ပိုကောင်းသည်
11. An Early Bird Catches the Worm 54
စောစောနိုးထ၊ အစာရ
12. A Fool and His Money are Soon Parted 57
လူမိုက်နဲ့ငွေ အတူမနေ
13. A Friend in Need is a Friend Indeed 61
အရေးကြုံသည့်အခါ အားကိုးရသူမှာ မိတ်ဆွေစစ်ပါ
14. No Pain, No Gain 65
အနာမခံ၊ အသာမစံရ
15. Unity is strength
(United we stand, divided we fall) 69
စည်းလုံးခြင်းသည် အင်အား
(နွားကွဲလျှင် ကျားဆွဲမည်)
16. Slow and steady win the race 74
တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ
17. Time and Tide Waits For No Man 78
အချိန်နှင့်ဒီရေသည် လူကိုမစောင့်
18. Learn to walk before you run
(OR) Look before you leap 81
ကြိုတင်ပြင်ဆင် အောင်ပွဲဝင်
19. Run with the hare, hunt with the hound 85
ယုန်နဲ့အတူ ပြေး၊ ခွေးနဲ့ အတူလိုက်
20. The blind leading the blind 89
အနူတော လူချော၊ မျက်မမြင်က အကန်းကို လမ်းပြ
21. Money makes the world go around 93
ပိုက်ဆံရှိလျှင် ကမ္ဘာကြီးကို ခါးစောင်းတင်
22. Clothes make the man 97
တောင်းမှာ အကွပ် လူမှာ အဝတ်

23. "A chain is only as strong as
its weakest link" 101
အားနည်းချက်ကိုယ်စီ ရှိကြသည်
24. More haste, less speed 105
အလျှင်လို အနှေးဖြစ်
25. Still water runs deep 109
လူသန်မပြော၊ လူပြောမသန်
26. Two wrongs don't make a right 113
ရန်ကို ရန်ချင်း မတုန့်နှင်းနှင့်
27. Birds of the same feather flock together 117
သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့
အသွင်တူမှ အိမ်သူဖြစ်/ ဒီပုတ်ထဲက ဒီပဲ
28. Monkeys see, monkeys do 121
သူများယောင်လို့ယောင်
အမောင်တောင်မှန်း မြောက်မှန်း မသိ၊
29. Honey on the edge of the blade
(OR) The road to hell is paved with good intention 125
ဓားသွားထက်က ပျားရည်စက် (သို့မဟုတ်)
အလှဆင်မြန်း အန္တရာယ်လမ်း
30. Sticks and stones may break my bones,
but words will never hurt me 130
ချိုးမွမ်းခုနှစ်ရက်၊ ကဲ့ရဲ့ခုနှစ်ရက်
31. The tail wagging the dog
(OR) Put the cart before the horse 134
မိချောင်းမင်းရေခင်းပြ (သို့) နွားရှေ့ထွန်ကျူး
32. A rose by any other name
would smell as sweet (OR)
Put silk on a goat and it's still a goat 138
နဂိုရှိမှ နဂိုထား‌ထွက်

33. When the cat is away, the mice will play 142
ကြောင်မရှိကြွက်ထ
34. A bad workman blames his tools 145
လူမတန် ကံပုံချ
35. Money does not grow on trees 149
ငွေဆိုတာ တွင်းထဲက နှိက်ယူမရ
36. The customer is always right 154
ဝယ်လက်သည် အမြဲမှန်သည်
37. Many hands make light work 158
တစ်ယောက်တစ်လက်၊ လုပ်ငန်းသွက်
38. Honesty is the best policy 162
ရိုးသားခြင်းသည် အကောင်းဆုံးလမ်းစဉ်
39. The grass is always greener
on the other side 167
ရွာနားကမြက်၊ ရွာနွားမစား (အထင်မကြီး)
40. Fortune favours the brave 171
ကြောက်ရင် လွဲ၊ ရဲ မင်းဖြစ်
41. Don't judge a book by its cover/
All that glitters is not gold 176
အဖုံးကြည့်ရုံနှင့် စာအုပ်အကြောင်းမသိနိုင်
ဝါဝါမြင်တိုင်း ရွှေမဟုတ်
42. Talk is cheap 180
အပြောက ငြေ
43. When in Rome, do as Romans do 184
ရောမရောက်ရင် ရောမသားလိုကျင့်
44. A picture paints a thousand words 188
ပုံတစ်ချပ် စကားလုံးတစ်ထောင် အဓိပ္ပါယ်ဆောင်
45. An empty purse drives friends away 192
ရွှေရှိမှ အမျိုးတော်ချင်/ ရွှေမရှိသည့်ဘုရား လူမရှိသေ

အမှာစာ

အင်္ဂလိပ်စာအုပ်တွေ အတော်များများ ပြုစုရေးသားပြီးတဲ့အခါ စကားပုံအက်ဆေးတွေ ရေးဖို့ စိတ်ကူးရလာပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲတွေအပါအဝင် စာမေးပွဲအတော်များများမှာ စကားပုံအက်ဆေးတွေကို ရံဖန်ရံခါမေးနေလေတော့ ဒီစာအုပ်ကို ရေးဖြစ်အောင် ရေးမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

စကားပုံတွေက အနောက်တိုင်း အထူးသဖြင့် အင်္ဂလိပ်စကားပုံတွေဖြစ်ကြောင်း တွေ့ရပါမယ်။ အနောက်တိုင်းမှာ အင်္ဂလိပ်လူမျိုးတွေ အပါအဝင် ကျား-မ မရွေး ဦးထုပ်ဆောင်းတဲ့ ယဉ်ကျေးမှုဓလေ့ရှိလေတော့ မြန်မာတို့က သူတို့ကို သိုးဆောင်းလူမျိုးတွေလို့ ခေါ်ပါတယ်။ သူတို့ရဲ့ စကားပုံတွေကိုလည်း သိုးဆောင်းစကားပုံတွေလို့ ခေါ်ပါတယ်။ နှောင်းလူငယ်တွေက "သိုးဆောင်း" ဆိုတဲ့ စကားနဲ့ အကျွမ်းတဝင်မရှိလေတော့ အင်္ဂလိပ်စကားပုံလို့ပဲ ဆိုလိုက်ပါရစေတော့။

အက်ဆေးတွေ ရေးဖို့ စကားပုံတွေ စုဆောင်းတဲ့အခါ မြန်မာ့လူ့ဘောင်နဲ့ အကျွမ်းတဝင်ရှိတဲ့ စကားပုံတွေကိုပဲ ဦးစားပေးရွေးချယ်ထားပါတယ်။ လက်တွေ့ရေးတဲ့အခါမှာ "စကားပုံ" ဆိုတဲ့ ဘောင်က ခတ်ထားလေတော့ ဒီဘောင်ထည်းက လွတ်မသွားအောင် သတိထားရပါတယ်။

ဒီစာအုပ်မှာ စကားပုံအက်ဆေး ၄၅ ပုဒ်ဆိုပေမယ့်၊ အက်ဆေးအတော်များများမှာ အဓိပ္ပာယ်သက်ရောက်ပုံတူတဲ့ အလားတူစကားပုံတွေနဲ့ သိုင်းသိုင်းဝိုင်းဝိုင်း ရေးထားလေတော့ စကားပုံအရေအတွက်က အတော်များများ ပါရှိနေပါတယ်။ အက်ဆေးရဲ့ရည်ရွယ်ချက်က အင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်စေရေးပါပဲ။ အင်္ဂလိပ်စာဘာသာစကားလိုက်စားသူတို့အတွက် အထောက်အကူ ဖြစ်လိမ့်မည်ဟု ယုံကြည်လျက်···

UTA

(ရန်ကုန်တက္ကသိုလ်)

ဆရာဦးသိန်းအေး

All Beings are Subject to a Change of Fortune

All Good Things Must Come To An End

Some people are proud of their good things. Some are pleased with these things. Most people dream of having things of good quality. Whether the things are good or bad, they must come to an end one day. Nothing exists for ever.

Everyone loves a comfortable life. Enjoying the wordly possessions, he or she may forget to follow the tradition and custom of his or her race. He or she may become conceited. However, his or her wealth may be destroyed by an unexpected natural disa+ster or may be robbed or stolen. When you belong to a high society for your wealth, or for your ability or for your honour, one day you may be degraded because of your misconduct or those of your relations and friends. If you have gained authority to manage a society, you may lose it by any means. If you were a successful althlete, one may break your record in the event of yours. On the other hand, even your good health may be destroyed one day. Even your good-looking may be faded away by your ill-health or your aging. So we see there is nothing perpetual.

According to a philosopher, "change is real". Our wealth, our success, our authority, even our good-looking, may be

gone at any time. Buddha has taught that everything in this world is subject to a change of fortune. So, all good things must come to an end one day just like a soap bubble in water.

*

Glossary

All-beings	- ရှိရှိသမျှ ဝေနေယျ
Subject to a change	- ပြောင်းလဲရမည်
fortune	- ကံကြမ္မာ
come to an end	- ဆုံးခန်းတိုင်၊ နိဂုံး၊ အဆုံးသတ်
proud of	- ဂုဏ်ယူသော၊ မာနကြီးသော
pleased with	- ကျေနပ်နှစ်သိမ့်
dream of	- စိတ်ကူးယဉ်
nothing exist	- ဘာမျှအတည်မရှိ
for ever	- အစဉ်ထာဝရ
a comfortable life	- ခြေမွေးမီးမလောင်၊ လက်မွေး မီးမလောင် (အဆင်ပြေဘဝ)
worldly possessions	- လောကီစည်းစိမ်
tradition and custom	- ဓလေ့ထုံးစံ
become conceited	- အောက်ခြေလွတ်
natural disaster	- သဘာဝဘေးဒုက္ခ
degraded	- အောက်တန်းကျ၊ အဆင့်နိမ့်ကျ
misconduct	- မှားယွင်းမှု
authority	- လုပ်ပိုင်ခွင့်၊ အခွင့်အာဏာသြဇာ
by any means	- တစ်နည်းနည်းနှင့်
athlete	- အားကစားသမား
break record	- စံချိန်ချိုး
faded away	- ပျက်ပျယ်သွား
aging	- အိုမင်းရင့်ရော်ခြင်း

nothing perpetual	-	ဘာမှအတည်မမြဲ
philosopher	-	ဒဿနတွေးခေါ်ရှင်
change is real	-	ပြောင်းလဲခြင်းသည် အမှန်တရား
be gone	-	ပျောက်ကွယ်သွား

*

သင္ဗ သဒ္ဒါရာ အနိစ္စာ

မက်မောစရာတွေအားလုံး တစ်နေ့တော့ နိဂုံးချုပ်ရမှာ

တချို့သောသူတွေဟာ သူတို့ရဲ့ မက်မောစရာတွေအပေါ် ဂုဏ်ယူဝင့်ကြွားနေကြလေရဲ့။ တချို့ကတော့ အဲဒီပိုင်ဆိုင်မှုတွေနဲ့ ပီတိဖြာနေကြတယ်လေ။ လူအားလုံးနီးပါးဟာ ပစ္စည်းအကောင်းစားလေးတွေ ပိုင်ဆိုင်ရေးအတွက် စိတ်ကူးယဉ်နေကြတာပါပဲ။ ပစ္စည်းအကောင်းစားတွေပဲ ဖြစ်ဖြစ်၊ အညံ့စားပဲ ဖြစ်ဖြစ် တစ်နေ့တော့ ပျက်သုဉ်းရမှာ သေချာပါတယ်။ ဘာမှ ထာဝရ မတည်မြဲနိုင်ပါဘူး။

ချမ်းချမ်းသာသာနေရတဲ့ ဘဝကလေးတစ်ခုကို လူတိုင်းစုံမက်ကြမြဲပေါ့။ လောကီစည်းစိမ်ကို ခံစားရင်း ကိုယ့်လူမျိုးရဲ့ ဓလေ့ထုံးတမ်းတွေကို လိုက်နာဖို့ မေ့ကောင်းမေ့နေမှာပါ။ ယောကျာ်း၊ မိန်းမ မရွေး အောက်ခြေလွတ်နေတတ်ကြပါတယ်။ ဒါပေမဲ့ သူ့စည်းစိမ်၊ သူ့ဥစ္စာတွေကို မမျှော်လင့်နိုင်တဲ့ သဘာဝဘေးတွေက ဝါးမျိုဖျက်ဆီးပစ်နိုင်ပါတယ်။ ဒါမှမဟုတ် သူခိုး၊ ဓားပြတို့ရဲ့ ခိုးယူလုယက်ခြင်းကို ခံရနိုင်ပါတယ်။ စည်းစိမ်ဥစ္စာ၊ ပညာ၊ ဂုဏ်ဒြပ်တွေကြောင့် လူ့အသိုင်းအဝိုင်းမှာ အထက်တန်းကျကျ နေခဲ့ရတဲ့ ဘဝဟာ မိမိကြောင့်ပဲဖြစ်ဖြစ်၊ ဆွေမျိုးမိတ်သင်္ဂဟကြောင့်ပဲ ဖြစ်ဖြစ် လျော့ကျတတ်ပါတယ်။ လုပ်ပိုင်ခွင့်ရှိတဲ့ အခွင့်အာဏာတွေဟာလည်း တစ်နည်းနည်းနဲ့ ဆုံးရှုံးနိုင်ပါတယ်။ အကျော်အမော် အားကစားသမားဆိုရင်လည်း အခြားတစ်ယောက်က မိမိစံချိန်ကို ချိုးပစ်နိုင်ပါတယ်။

ကောင်းလှပါတယ်ဆိုတဲ့ ကျန်းမာရေးလည်း ပြိုလဲပျက်စီးသွားမှာ၊ နုနယ် ရုပ်ဆင်းပျိုမျစ်ခြင်းဟာလဲ အိုမင်း နောက်ဆုံး၊ နာခြင်း နောက်ဆုံးဖြစ်ရမှာ၊ ဘာတစ်ခုမှ မတည်မြဲပါတကား။

ဒဿနဆရာတစ်ဦး ဆိုဖူးတာကတော့ ပြောင်းလဲခြင်းသည် အမှန်တရားဖြစ်သတဲ့။ စည်းစိမ်ဥစ္စာတွေ၊ အောင်မြင်မှု သရဖူဆောင်းရတာတွေ၊ အခွင့်အာဏာရှိခဲ့တာတွေ၊ ခန့်ညားလှပတဲ့ ရုပ်အဆင်းတွေဟာ အချိန်မရွေး မျက်စိအောက်က ပျောက်သွားနိုင်ပါတယ်။ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ဘယ်အရာမှ မတည်မြဲဘူးဆိုတာ ဗုဒ္ဓ ရဲ့ အဆုံးအမပဲလေ။ ဒါကြောင့် ကောင်းမြတ်ခြင်း သုခအပေါင်းဟာ ရေထဲက ဆပ်ပြာပူဖောင်းကလေးလို ပျောက်သွားမှာပါ။

All Roods Lead To Rome

Rome in this proverb means the famous capital of the ancient world. It is situated on the Tiber at a distance of about fifteen miles from its mouth. Though modern Rome lies to the north of the ancient city, the proverb mentions only the ancient Rome. In those days, Rome was the only interest and the most glorious place that everyone wanted to reach.

The proverb means that Rome could be reached by any means of travelling. Now, the literary meaning of this proverb does not mean to reach Rome. It means that you can solve the problem in different methods or different ways. The correct answer will be the same that shows the end justifies the mean. The enviroment or the atmosphere may not be the same for ones who tackle the problem. Means and ways of people's lives cannot be the same in different parts of the world, and their ideas may not be the same either. Even the students apply different methods in doing the sum, their correct answers will be the same. Thus, it can be said all roads lead to Rome.

In this proverb, Rome represents the destination or the goal or success. In what way we may do, the goal or success is our destination. After the thing, the project, or the problem has been done successfully, people say that all roads lead to Rome.

*

Glossary

Rome	- ရောမမြို့
the ancient world	- ခေတ်ဟောင်းကမ္ဘာ
on the Tiber	- တိုင်ဘာမြစ်ကမ်းမှာ
distance	- အကွာအဝေး
from its mouth	- မြစ်ဝမှ
modern Rome	- ခေတ်သစ်ရောမ
lies to the north	- မြောက်ဘက်မှာရှိ
In those days	- အဲဒီခေတ်က
only interest	- တစ်ခုတည်းသော စိတ်ဝင်စားရာ
most glorious	- ဂုဏ်ကျက်သရေအရှိဆုံး
could be reached	- ရောက်နိုင်ပါတယ်
by any means of travelling	- ဘယ်လမ်းကသွားသွား
literary meaning	- စာပေသဘောအဓိပ္ပာယ်
the end justifies the mean	- လိုရင်းရောက်ဖို့ အဓိက
tackle	- ကိုင်တွယ်လုပ်ကိုင်သည်
not ---- either	- မ - - - လဲဘဲ
apply	- အသုံးချသည်
represents	- ကိုယ်စားပြုသည်
goal	- ပန်းတိုင်
success	- အောင်မြင်မှု
In what way	- ဘယ်နည်းနဲ့ဖြစ်ဖြစ်

*

လမ်းဆုံးလျှင် ရွာတွေ့မှာပါ

ဒီစကားပုံမှာပါတဲ့ ရောမမြို့ဆိုတာ ခေတ်ဟောင်းကမ္ဘာရဲ့ အဓိကရ မြို့တော်ကြီး ဖြစ်ပါတယ်။ ဒီမြို့တော်ကြီးဟာ တိုင်ဘာမြစ်ကမ်းရဲ့ အပေါ် မြစ်ဝကနေ တစ်ဆယ့်ငါးမိုင်အကွာမှာ တည်ရှိတယ်လေ။ ရောမမြို့သစ်က ဒီမြို့ဟောင်းရဲ့ မြောက်ဘက်မှာ ရှိနေပြီဖြစ်ပေမဲ့ စကားပုံထဲက ရောမက မြို့ဟောင်းကိုပဲ ညွှန်းဆိုထားပါတယ်။ အဲဒီခေတ်က ရောမဟာ လူတကာရဲ့ နှလုံးသားထဲမှာ ကိန်းအောင်းနေပြီး၊ ကျက်သရေအရှိဆုံး၊ လူတိုင်း အရောက် ချင်ဆုံး နေရာတစ်ခုပဲပေါ့။

စကားပုံရဲ့အဆိုအရ ရောမကို ဘယ်လိုနည်းနဲ့၊ ဘယ်လိုခရီးကပဲ လာလာ ရောက်နိုင်ပါသတဲ့။ စာပေသဘောအရ ဒီစကားပုံက ရောမကို ရောက်ဖို့သက်သက် ရည်ရွယ်ထားတာ မဟုတ်ပါဘူး။ ပြဿနာ ကိစ္စရပ် တစ်ခုကို ဘယ်နည်း၊ ဘယ်လမ်းနဲ့မဆို ဖြေရှင်းနိုင်ကြောင်း ဆိုလိုတာပါ။ အဖြေထွက်လာတာက အတူတူပဲလေ။ ဘာပဲလုပ်လုပ် လိုရင်းရောက်ဖို့ ပြောတာဖြစ်တယ်။ ပြဿနာအဖုံဖုံကို ကိုင်တွယ်ဖြေရှင်းကြတဲ့ သူတွေဟာ နေကြတဲ့အရပ် မတူနိုင်ကြပါဘူး။ ဒေသအသီးသီးက သူတို့ရဲ့ လူနေမှုဘဝ ဟာ ကွဲပြားခြားနားသလို အယူအဆ သဘောထားတွေကလည်း မတူနိုင် ကြဘူးပေါ့။ ကျောင်းသူ၊ ကျောင်းသားတွေဟာ သင်္ချာတစ်ပုဒ်ကို နည်းလမ်း ပေါင်းစုံနဲ့ တွက်ကြပေမဲ့ အဖြေမှန်ကတော့ အတူတူပဲ ဖြစ်ရမှာပါ။ ဒီတော့ လမ်းဆုံးရင် ရွာတွေ့မှာပါလို့ ပြောရမှာပဲလေ။

ဒီစကားပုံထဲက ရောမဆိုတာ ခရီးဆုံးပန်းတိုင် အောင်မြင်မှုကို ကိုယ်စားပြုပါတယ်။ ဘယ်နည်းဘယ်လမ်းနဲ့ပဲလုပ်လုပ် အောင်မြင်မှုဟာ ကျွန်တော်တို့ရဲ့ ပန်းတိုင်ပဲပေါ့။ လုပ်ငန်းတစ်ခု၊ စီမံကိန်းတစ်ရပ်ကို အောင်အောင်မြင်မြင်နဲ့ အကောင်အထည်ဖော်နိုင်ပြီဆိုရင် လမ်းဆုံးတော့ ရွာတွေ့တာပါပဲလို့ ပြောကြပါတယ်။

All Clouds Bring Not Rain

We have learnt about evaporation of water since our childhood. Thus, we know there is water-vapour swimming in the air. They say clouds are signs of rain. It is black clouds that usually give us rain by means of condensation. However, it is not all clouds that bring rain.

Naturally, both the old and the young welcome the rain. Rain clouds usually roll up from the sea through the sky and pass over belts of forests and ranges of mountains. When it rains, all rivers and brooks, as well as lakes are filled with water. Flowers bloom, and trees and vegetation painted green after being washed by the rain. Farmers are busy cultivating their crops. Children are playing merrily in the rain. Thus, the young as well as the old love the rain as much as they love gold. People treasure gold and wear it as ornaments on their bodies. But they know that all the glitters are not gold. Similarly, they realize that it is not all clouds that bring rain.

In life, we may come across the good as well as the bad. The things that seem very good may not be so. And people say all the glitters are not gold. Vice versa, the things that seem very bad and dangerous may be fruitful and friendly. Then we say all clouds bring not rain.

*

Glossary

evaporation of water	- ရေငွေ့ပျံခြင်း
since our childhood	- ကလေးဘဝကတည်းက
water vapour	- ရေခိုးရေငွေ့
sings of rain	- မိုးရဲ့သင်္ကေတ၊ လက္ခဏာ
by means of	- နည်းလမ်းအရ
condensation	- ငွေ့ရည်ဖွဲ့ခြင်း
both the old and the young	- လူကြီးတွေရော လူငယ်တွေပါ
welcome	- ကြိုဆိုပါတယ်
through the sky	- ကောင်းကင်ကို ဖြတ်သန်း၍
the belts of forests	- တောအထပ်ထပ်
ranges of mountains	- တောင်အထပ်ထပ်
Flowers bloom	- ပန်းတွေပွင့်ကြ
after being washed by the rain	- မိုးရေပက်ဖျန်းပြီး
busy cultivating	- စိုက်ရေးပျိုးရေးနှင့် အလုပ်များ
merrily	- ပျော်ရွှင်မြူးတူးစွာ
treasure	- တန်ဖိုးထားသည်
ornaments	- အလှဆင်ပစ္စည်းများ
all the glitters	- အရောင်ထွက်တိုင်း
In life	- လူ့ဘဝမှာ
may not be so	- အဲဒီလို မဖြစ်နိုင်
Vice versa	- အပြန်အလှန်အားဖြင့်

*

တိမ်ညိုလာတိုင်း မိုးမပါ

ကျွန်ုပ်တို့ငယ်စဉ်ဘဝကတည်းက ရေငွေ့ပျံခြင်းအကြောင်း သင်ယူထားဖူးကြပါတယ်။ ဒီတော့ လေထုထဲမှာ ရေငွေ့တွေရှိကြောင်း ကောင်းကောင်းသိကြတာပေါ့။ တိမ်မည်းညိုတွေဟာ မိုးရဲ့လက္ခဏာလို့ ပြောကြတယ်လေ။ ငွေ့ရည်ဖွဲ့ပြီး မိုးရွာချပေးနေတာက တိမ်မည်းညိုတွေပဲပေါ့။ ဒါပေမဲ့ တိမ်မည်းညိုတိုင်းကတော့ဖြင့် မိုးမရွာပေးပါဘူး။

လူကြီးရော၊ လူငယ်တွေပါ မိုးကို ကြိုဆိုကြတာက သဘာဝပါပဲ။ မိုးသားတိမ်လိပ်တွေဟာ ပင်လယ်ကနေ တလိပ်လိပ်တက်ပြီး ကောင်းကင်ကနေ တောအထပ်ထပ်၊ တောင်အထပ်ထပ်ပေါ် ကျော်လွှားလို့ လာကြမြဲပဲလေ။ မိုးရွာပြီဆိုမှဖြင့် မြစ်တွေ၊ ချောင်းတွေ အကုန်လုံး အင်းတွေ၊ အိုင်တွေမကျန် ရေတွေ ပြည့်လျှံသွားတော့တာပါပဲ။ မိုးရေ ပက်ဖြန်းလိုက်တဲ့အခါ ပန်းတွေ ပွင့်ကြ၊ သစ်ပင်တွေ၊ သစ်သီးဝလံတွေဟာ အစိမ်းရောင်ခြယ်ထားသလို စိမ်းစိုနေလေရဲ့။ လယ်သမားတွေကတော့ စိုက်ရေးပျိုးရေးနဲ့ အလုပ်များနေကြပြီပေါ့။ ကလေးတွေကတော့ မိုးရေထဲမှာ တပျော်တပါး ဆော့ကစားကြလျက်ပါ။ လူကြီး၊ လူငယ်မရွေး မိုးကို သိပ်မြတ်နိုးကြပါတယ်။ ရွှေကိုစုံမက်ကြသလိုပဲလို့ ပြောနိုင်ပါတယ်။ ရွှေကိုတန်ဖိုးထားပြီး လက်ဝတ်ရတနာ အလှတန်ဆာအဖြစ် ကိုယ်ပေါ်မှာ ဆင်မြန်းကြတယ်လေ။ ဒါပေမဲ့ ဝါဝါမြင်တိုင်း ရွှေ မဟုတ်မှန်းတော့ သိကြပါတယ်။ ဒီလိုပဲ တိမ်မည်းညိုတွေလာတိုင်း မိုးမပါဘူး ဆိုတာကိုလည်း သိထားကြပါတယ်။

လူ့ဘဝမှာ အကောင်းတွေကိုရော၊ အဆိုးတွေကိုပါ ကြုံတွေ့လာနိုင်ပါတယ်။ ကောင်းလှချည်ရဲ့လို့ ထင်မိတာတွေဟာ ထင်သလို မဖြစ်တတ်ပေဘူး။ ဝါဝါမြင်တိုင်း ရွှေမဟုတ်ဘူးလို့ ပြောကြတယ်လေ။ အပြန်အလှန်အနေနဲ့ ပြောရရင် ဆိုးလှပါတယ်။ အန္တရာယ်ပါပဲလို့ ထင်မိတာတွေဟာ အကျိုးဖြစ်ထွန်းသလို အခွင့်အလမ်းကောင်းလည်း ဖြစ်တတ်တာပဲပေါ့။ ဒီတော့ တိမ်တိုင်း တိမ်တိုင်းမှာတော့ မိုး ပါမလာတတ်ပါဘူးလို့ ပြောရမှာပါပဲ။



Actions Speak Louder Than Words

Like the hands of a clock running to tell the time, we are working continually to develop our society and life. It is our actions that can result our life. So they say man must work for his or her survival. If one merely speaks about his or her interest, nothing can come out without practical actions for it. The proverb "Actions speak louder than words" seems to remind people to work emthusiastically.

We can't gain any thing without work, or any action. That means we have to pay something to get what me want. We must invest some materials or time or energy for the purpose of getting something. There are some proverbs. "Empty vessels make more sound" is such a proverb. It means airy persons are only braggards. The proverb, "Barking dogs never bite" mentions that words are less important than actions. "Practice makes perfect" also reminds to do the task practically. In building up a nation, action speaks louder than words. Since the beginning of human history, people have been working, inventing things one after another.

We must work for our survival, to defend our community and to develop the nation. Not only the human beings, but also all living things are working. Without action means that one is dead. So, it is said, "Actions speak louder than words."

*

Glossary

Actions	- လုပ်ဆောင်မှု၊ လုပ်ရပ်တွေ
words	- စကားလုံးများ (အပြော)
running	- လည်ပတ်နေ
result	- အကျိုးသက်ရောက်စေ
for ----- survival	- အသက်ရှင်သန်ရေးအတွက်
merely speak	- စကားပြောနေရုံနဲ့
enthusiastically	- တက်တက်ကြွကြွ
have to pay something	- တစ်စုံတစ်ရာပေးရမှာ
must invest	- ရင်းနှီးမြှုပ်နှံရမှာ
materials	- ရုပ်ဝတ္ထုပစ္စည်းတွေ
for the purpose of	- ရရှိဖို့အတွက်
seem to support	- ထောက်ခံနေဟန်ရှိ
empty	- ဘာမှမရှိသော
vessels	- စရည်း၊ အိုးခွက်
airy	- လေပေါသော
braggarts	- လူကြွားများ
Barking	- ဟောင်သော
practically	- လက်တွေ့
human history	- လူ့သမိုင်း၊ ရာဇဝင်
one after another	- တစ်မယ်ပြီးတစ်မယ်
all living things	- သက်ရှိအားလုံး

*

အပြောထက် ထိရောက်သည့်မှာ အလုပ်

အချိန်ကို ပြောနိုင်ဖို့အတွက် နာရီရဲ့လက်တံတွေ လည်ပတ်နေသလို၊ ကျွန်ုပ်တို့ရဲ့ဘဝ၊ ကျွန်ုပ်တို့ရဲ့ လူ့ဘောင်ကြီး တိုးတက်ရေးအတွက် ကျွန်ုပ်တို့တစ်တွေဟာ မနားတမ်း အလုပ်လုပ်နေကြပါတယ်။ ကျွန်ုပ်တို့ရဲ့ဘဝကို အကျိုးဆက်ဖြစ်စေတာက ကျွန်ုပ်တို့ရဲ့ အလုပ်ပဲလေ။ ဒါကြောင့်လူသားတွေဟာ အသက်ရှင်သန်ရေးအတွက် အလုပ်လုပ်ရတယ်လို့ ပြောကြတာပေါ့။ ကိုယ်ဖြစ်ချင်တာကို အလုပ်မလုပ်ဘဲ ပြောပဲနေမယ်ဆိုရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး။ အပြောထက် ထိရောက်သည့်မှာ အလုပ်ဆိုတဲ့ စကားပုံဟာ၊ လူတွေကို တက်တက်ကြွကြွ အလုပ်လုပ်ကြဖို့ နှိုးဆော် သတိပေးနေဟန်ရှိပါတယ်။

ကျွန်ုပ်တို့ဟာ ဘာတစ်ခုမှမလုပ်ဘဲ၊ ဘာကိုမှ မရနိုင်ပါဘူး။ ဆိုလိုတာက မိမိလိုချင်တာရဖို့ဆိုရင် တစ်စုံတစ်ရာတော့ ပေးရမယ်ဆိုတာပါပဲ။ တစ်ခုခုရဖို့အတွက် ပစ္စည်း၊ အချိန်၊ အင်အားတစ်မျိုးမျိုးကိုတော့ ရင်းနှီးမြှုပ်နှံရမှာပေါ့။ ဒီစကားပုံကို ထောက်ခံပံ့ပိုးပေးနေတဲ့ စကားပုံ တချို့ရှိပါသေးတယ်။ "မပြည့်တဲ့အိုး ဘောင်ဘင်ခတ်"ဆိုတဲ့ စကားပုံမျိုးပါပဲ။ "ဟောင်လွန်းတဲ့ခွေး လူမလေး"ဆိုတဲ့ စကားပုံဟာ စကားက အလုပ်လောက် အရေးမပါဘူးဆိုတဲ့ သဘောဖြစ်ပါတယ်။ "အလေ့အကျင့်သည် မှန်ကန်ပြည့်စုံမှုကို ဖန်တီးပေး၏"တဲ့။ လုပ်စရာအလုပ်ကို လက်တွေ့လုပ်တော့လို့ သတိပေးနေသလိုပဲလေ။ နိုင်ငံတစ်ခုကို ထူထောင်ရာမှာ အပြောထက် အလုပ်က အရေးကြီးပါတယ်။ လူ့သမိုင်း အစကတည်းက

တစ်မယ်ပြီး တစ်မယ် အလုပ်လုပ်ကြ၊ တီထွင်လာလိုက်ကြတာ ခုထိ အတောမသတ်သေးပါဘူး။

ကျွန်ုပ်တို့ အလုပ်လုပ်ကြရပါမယ်၊ ဘဝတွေ ရှင်သန်ဖို့၊ ကိုယ့်သိုက်မြုံ လုံခြုံရေးအတွက် ကာကွယ်ဖို့၊ နိုင်ငံတိုးတက်ဖို့ပေါ့လေ။ လူသားတွေသာ မကပါဘူး၊ သက်ရှိတွေ အကုန်လုံး အလုပ်လုပ်နေကြပါတယ်။ အလုပ် မလုပ်တော့ဘူးဆိုရင် သေပြီလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် အလုပ်ဟာ အပြောထက် အရေးကြီးတယ်လို့ ပြောကြတာဖြစ်ပါတယ်။

The Saleswoman and Her Customer have The Same Voice

(OR)

Ask A Stupid Question And You'll Get A Stupid Answer

Actions and their reactions are always the same or equal. If you shout against a mountain or against a forest, you can hear the same shout again as an echo, not the other. Thus it can be said if you ask a stupid question, you'll get a stupid answer. Of course, you'll certainly get a pleasant answer if you ask a pleasant question.

Even the earth and the moon reflect the light that they get from the sun. It is natural that every action has the reaction of its own. When you throw a ball against a wall, it will come back to you with an equal force. In Myanmar, people usually say that the sales woman and her customer have the same voice. If you love the isolation, there will be no one around you. When you are friendly, you are able to appreciate the friendliness. In society, people help one another. It is cooperation that distinguishes man from other wild animals. They defend the enemies together and work together. If you do the

worng against one, he or she will be ready to revenge you. If you help the others, they will certainly do something for your sake. So it is necessary to ask a pleasant question to get a pleasant answer.

There is a similar proverb. It says that "You must reap, what you sow". It means that you must grow the mango tree if you want to eat mangoes. When you cordially deal with other, you'll have decent friends. So , it can be said everything good or bad depends upon your action.

*

Glossary

stupid	-	မိုက်မဲသော၊ ရူးနှမ်းသော၊ အသုံးမကျသော
action and reaction	-	ပြုမူမှုနှင့် တုံ့ပြန်မှု
the same or equal	-	အတူတူပဲ
the same shout	-	ဒီအော်သံပဲ
echo	-	ပဲ့တင်သံ
Of course,	-	ထုံးစံပါပဲ
certainly	-	အသေအချာ
pleasant	-	သာယာသော
with an equal force	-	အင်အားညီတူ
help one another	-	တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်း
Cooperation	-	ပူးပေါင်းဆောင်ရွက်ခြင်း
sales person and customer	-	ရောင်းသူဝယ်သူ
same voice	-	အသံတူ
isolation	-	အထီးကျန်ခြင်း
appreciate	-	အရသာခံစား
defend	-	ခုခံကာကွယ်

revenge	- လက်စားချေ၊ လက်တုံ့ပြန်
for your sake	- မင်းအကျိုးမှာ
similar proverb	- အလားတူ စကားပုံ
reap what you sow	- ကိုယ်စိုက်တာ ကိုယ်ရိတ်သိမ်း
cordially	- ပျူပျူငှာငှာ
decent	- ရည်မွန်သော
can be said	- ပြောနိုင်ပါတယ်
depends upon	- အကြောင်းပြု၊ အမှီပြု

*

အမေးဆိုးလျှင် အဖြေမကောင်းနိုင် ရှောင်းသူဝယ်သူ အသံတူ

ပြုလုပ်သမျှ ကိစ္စအဝဝမှာ တူညီတဲ့ တုံ့ပြန်မှုတွေ ရှိကြစမြဲပါ။ တောင်တစ်လုံး၊ ဒါမှမဟုတ် တောအုပ်တစ်ခုစီကို အော်ခေါ်လိုက်မယ်ဆိုရင် အဲဒီအော်သံကို ပဲ့တင်သံအဖြစ်သင် ပြန်ကြားနိုင်ပါတယ်။ အမေးဆိုးရင် အဖြေလဲ ဆိုးမှာပဲလို့ ပြောနိုင်တယ်လေ။ သေချာတာက သာယာကြည်နူး စရာ အဖြေရဖို့က မေးတဲ့ မေးခွန်းကောင်းဖို့ လိုတာပေါ့။

ကမ္ဘာမြေနဲ့ လကမ္ဘာတို့တောင် နေဆီက သူတို့ရတဲ့ အလင်းရောင်ကိုပဲ အလင်းပြန်ကြလေရဲ့။ လုပ်ဆောင်သမျှ ကိစ္စအဝဝမှာ တူညီတဲ့ တုံ့ပြန်မှုတွေ ရှိကြတာ သဘာဝပဲလေ။ နံရံတစ်ခုကို ဘောလုံးနဲ့ ပစ်ပေါက်ကြည့်စမ်းပါ။ အဲဒီဘောလုံးက သင့်ဆီကို တူညီတဲ့ အားနဲ့ပြန်လာပါလိမ့်မယ်။ မြန်မာ ပြည်မှာ ပြောစကားတစ်ခု ရှိပါတယ်။ "ရောင်းသူ ဝယ်သူ အသံတူ"တဲ့။ မင်းက တစ်ယောက်တည်း နေချင်သပဆိုရင်၊ မင်းအနားကို ဘယ်သူမှ မလာပါဘူးတဲ့။ မင်းက ခင်တတ် မင်တတ်တယ်ဆိုရင် ဖော်ရွေမှုရဲ့ အရသာ ကို မင်းခံစားရမှာပါ။ လူ့အသိုင်းအဝိုင်းမှာ လူတွေဟာ တစ်ဦးကို တစ်ဦး ကူညီနေကြပါတယ်။ ပူးပေါင်းဆောင်ရွက်တတ်မှုဟာ လူနဲ့ တိရစ္ဆာန်တို့ရဲ့ ခြားနားချက်ပါပဲ။ ရန်စွယ်တွေကို စုပေါင်းကာကွယ်ပြီး၊ အတူတူပဲ အလုပ် လုပ်ကြတယ်လေ။ သင်ဟာတစ်ဦးတစ်ယောက်အပေါ် မှောက်မှားမိတယ် ဆိုရင်၊ ထိုသူကလည်း မင်းကို လက်စားချေဖို့ အသင့်ဖြစ်နေမှာပါ။ တစ်ဖက်သားတွေကို ကူညီတတ်ရင်တော့ သူတို့ကလည်း မင်းအကျိုးကို

သယ်ပိုးကြမှာပေါ့။ ကြည်နူးစရာကောင်းတဲ့ အဖြေကလေးတစ်ခုရဖို့ မင်းမေးတဲ့ မေးခွန်းက ချိုသာဖို့လိုပါတယ်။

အလားတူ စကားပုံတစ်ခု ရှိပါသေးရဲ့၊ "မင်းစိုက်ပျိုးတာကိုဘဲ မင်းရိတ်သိမ်းရမှာ" တဲ့ သရက်သီးစားချင်ရင် သရက်ပင်စိုက်ရတယ်ဆိုတဲ့ သဘောပေါ့။ မင်းဘက်ကသာ ဖော်ရွေပျူငှာတယ်ဆိုရင် မင်းသူငယ်ချင်းတွေလဲ မင်းအပေါ် ရည်ရည်မွန်မွန်ရှိကြမှာ သေချာပါတယ်။ ဒါကြောင့် အဆိုးအကောင်း အကျိုးအကြောင်းတွေဟာ၊ မိမိတို့ရဲ့ ပြုပြုသမျှအပေါ်မှာပဲ မူတည်နေပါတယ်လို့ ပြောနိုင်ပါတယ်။

Pen is Mightier than Sword

We have learnt that bigger and stronger animals usually conquer over smaller and weaker ones. In like manner, the barbarians have to obey the might is right policy. This policy is exercised only among uncivilized people. However, civilized people have already removed it and they can defend against the unlawful manners whether they are stronger forces or not. Today, pen is mightier than sword in civilized societies.

Pen is the best weapon for the people who love the truth. Fraternity, liberty and equality were the late eighteen century ideas of the French philosophers. Their writings shook the world at that time. There appeared people's revolutions against the absolute monarchy system. In our country, Burma Book Club and Nagani Book Club became the sources of knowledge. They en-lightened and agitate the people to fight against the British colonialists. Then, the nationalist newspapers appeared as the best fighters against the fascists. A bulet or a sword can kill only one or a few enemies. In addition to this, pen can give people the true knowledge and fair way of life. Today, internet can be said the biggest computer or the sharpest pen that reveals the truths. Although there may be some misleading articles and news, they cannot over come the love of truth. Thus, media can be said the best pen of the people that can subdue "the might is right policy".

For these good qualities, we learn, we study, we read the journals and newspapers as well as the internet. Though there may be shameful writings, they will certainly disappear sooner or later. Pens that tell us about the religious preaches, thought of the philosophers, and the art of the writers have the greatest force to subdue the bully of the develish egoists. Pen is mighter than sword.

*

Glossary

mightier	-	ပိုအားကြီး၊ ပိုထက်မြက် စွမ်းအားရှိသော
sword	-	ဓားရှည်
conquer	-	အောင်နိုင်၊ အနိုင်ယူသည်
In like manner	-	အလားတူပဲ
barbarians	-	အရိုင်းအစိုင်း၊ တိရစ္ဆာန်သဘာသာရှိသူများ
might is right policy	-	ကြီးနိုင်ငယ်ညှင်း၊ နိုင်ရာစားဝါဒ
exercise	-	ကျင့်သုံးသည်
uncivilized people	-	မယဉ်ကျေးသေးသူများ၊ မဖွံ့ဖြိုးသေးသူများ
defend against	-	ခုခံကာကွယ်သည်
unlawful manners	-	ဥပဒေမဲ့ ပြုမူမှုများ
civilized societies	-	ယဉ်ကျေးမှု ထွန်းကားပြီး လူ့အဖွဲ့အစည်းများ
best weapon	-	အကောင်းဆုံးလက်နက်
Freternity, Liberty, equality	-	ချစ်ကြည်မှု၊ လွတ်လပ်မှု၊ သာတူ ညီမျှမှု
late eighteen century	-	၁၈-ရာစု နှောင်းပိုင်း
shook the world	-	ကမ္ဘာကို ကိုင်လှုပ်ခဲ့
people's revolutions	-	ပြည်သူ့တော်လှန်ရေးများ

absolute monarchy	- အကြွင်းမဲ့အာဏာ၊ သက်ဦးဆံပိုင်ဘုရင်စနစ်
Burma Book Club	- မြန်မာပြည်စာအုပ်အသင်း
Nagani Book Club	- နဂါးနီစာအုပ်အသင်း
enlightened	- အလင်းဆောင်ခဲ့၊ အသိဉာဏ်ပေးခဲ့
nationalist	- အမျိုးသားရေးသမားများ
fair way of life	- တရားသော အသက်မွေးဝမ်းကြောင်းမှု
reveals	- ဖော်ထုတ်၊ ဖွင့်ပြ
misleading articles	- မဟုတ်မတရား ဆောင်းပါးတွေ
the love of truth	- အမှန်တရားကို ချစ်မြတ်နိုးစိတ်
subdue	- ချိုးနှိမ်၊ နှိပ်ကွပ်
shameful writings	- ရှက်ဖွယ်လိလိ အရေးသမားတွေ
sooner or later	- အနှေးနှင့်အမြန်ဆိုသလို
religious preaches	- ဘာသာတရားရဲ့ အဆုံးအမများ
bully	- ဗိုလ်ကျစိုးမိုးမှု၊ အနိုင်ကျင့်မှု
develish egoists	- သရဲသဘက်ဆန်သည့် အတ္တသမားများ

*

ကလောင်သွားသည် ဓားသွားထက်ပိုထက်သည်

ခွန်အားဗလ၊ အားအင်ကြီးမားတဲ့ သတ္တဝါက အားအင်နည်းပါးတဲ့ သတ္တဝါတွေအပေါ် အနိုင်ယူလေ့ရှိကြောင်း ကြားသိ မှတ်သားဖူးပါတယ်။ ဒီလိုပါပဲ အသိတရား ခေါင်းပါးသူ တိရစ္ဆာန်ဘဝသာသာ ရှိသူတွေဟာလဲ နိုင်ရာစား ဝါဒကြီးအောက်မှာ ငုံ့ခံနေကြရတာပါပဲ။ ဒီလမ်းစဉ်ကို မယဉ်ကျေးသေးသူတွေ လောကမှာ ကျင့်သုံးနေကြပါတယ်။ ဒါပေမယ့် ယဉ်ကျေးတတ်သိသူတွေကတော့ ဒီလမ်းစဉ်ကို ဖယ်ရှားခဲ့ကြပါပြီ။ အင်အား ကြီးချင်ကြီး၊ ငယ်ချင် ငယ် တရားဥပဒေမဲ့တဲ့ လုပ်ရပ်တွေကို ရင်ဆိုင်ခုခံနိုင်ကြပြီလေ။ ယနေ့ ယဉ်ကျေးတတ်သိတဲ့ လူ့အဖွဲ့အစည်းတွေမှာတော့ ကလောင်သွားက ဓားသွားထက် ပိုထက်နေပြီပေါ့။

အမှန်တရားကို ချစ်မြတ်နိုးသူတွေအဖို့တော့ ကလောင်သွားဟာ အကောင်းဆုံး လက်နက်ပါပဲ။ ချစ်ကြည်မှု၊ လွတ်လပ်မှုနဲ့ သာတူညီမျှမှုရှိရေး ဆိုတာတွေဟာ ဆယ့်ရှစ်ရာစုနှောင်းပိုင်း ပြင်သစ်တွေးခေါ်ရှင်တို့ရဲ့ အယူအဆတွေ ဖြစ်ပါတယ်။ အဲဒီခေတ်က သူတို့ရဲ့ အရေးအသားတွေက ကမ္ဘာကို ကိုင်လှုပ်ခဲ့တယ်လေ။ သက်ဦးဆံပိုင် အာဏာရှင် ဘုရင်စနစ်ကို သူတို့ရဲ့ အရေးအသား စာပေတွေက တော်လှန်ခဲ့ကြတယ်လေ။ ကျွန်ုပ်တို့ နိုင်ငံမှာတော့ ဘားမားဘွတ်ကလပ်နဲ့ နဂါးနီစာအုပ်အသင်းတွေက ပြည်သူကို ပညာပေးတဲ့ ဗဟုသုတ ရင်းမြစ်တွေပဲပေါ့။ ပြည်သူတွေကို အလင်းရောင်ပေးပြီး ဗြိတိသျှ ကိုလိုနီနယ်ချဲ့ကို တိုက်ခိုက်ကြဖို့ လှုံ့ဆော်ခဲ့ကြပါတယ်။ ပြီးတော့ အမျိုးသားရေးရဲ့ သတင်းစာတွေပေါ်လာပြီး ဖက်ဆစ်တွေကို

ထိုးနှက်ခဲ့ပြန်ပါတယ်။ ကျည်တစ်တောင့်၊ ဓားတစ်လက်က ရန်သူ တစ်ယောက်တစ်လေကို သုတ်သင်နိုင်ပေမယ့် ကလောင်သွားကတော့ ရန်သူအပေါင်းကို မောင်းထုတ်နိုင်တဲ့ အစွမ်းအစ ရှိပါတယ်။ ဒါတင် ဘယ်ကမလဲ တရားမျှတတဲ့ အသက်မွေးဝမ်းကြောင်းဖို့ အသိကိုလည်း ပေးပါသေးတယ်။ ယနေ့တော့ အင်တာနက်က အကြီးဆုံး ကွန်ပျူတာကြီး၊ အမှန်တွေပြောပေးနေတဲ့ အထက်ဆုံး ကလောင်သွားကြီးပဲလေ။ မဟုတ် မတရား အရေးအသားတွေ ရှိနေသေးပေမယ့် ပြည်သူတွေအဖို့ အထက်ဆုံးက ကလောင်သွားပဲလေ။ ကြီးနိုင်ငယ်ညှဉ်းဝါဒကို တိုက်ဖျက်မဲ့ ကလောင် တွေပဲပေါ့။

ဒီလို ကောင်းမြတ်တဲ့ အရည်အသွေးတွေကြောင့် ကျွန်တော် ကျွန်မတို့ ဟာ ဂျာနယ်တွေ၊ သတင်းစာတွေ၊ အင်တာနက်တွေကို ဖတ်ကြ၊ လေ့လာ ကြပါတယ်။ ရှက်ဖွယ်ကောင်းတဲ့ အရေးအသားတွေ ရှိကောင်း ရှိပေမဲ့၊ ဒါတွေဟာ အနေးနဲ့အမြန် ပျောက်ကွယ်သွားကြမှာပါ။ ဘာသာရေး အဆုံး အမတွေ၊ ဒဿနဆရာတို့ရဲ့ အတွေးအခေါ်တွေနဲ့ စာရေးဆရာတွေ့ရဲ့ အရေး အသားတွေဟာ နိုင်ရာစား၊ မကောင်းဆိုးရွား အဓွာသမားတွေကို နှိပ်စက် မယ့် အားအကောင်းဆုံးတွေ ဖြစ်ပါတယ်။ ကလောင်သွားက ဓားသွားထက် ပိုထက်ပါတယ်။

There is no smoke without fire

If there was something rotten, there would certainly be foul smell. When someone has committed the wrong deed ill-news will spread very quickly. In comparison, black clouds are the sing of rain. Similarly, somke is the sign of fire. There is no smoke without fire.

When we notice everything wet with water, we consider that it may have rained round about. Similarly, we can see black clouds moving in the sky, people say it may be raining somewhere. It is because black cloud is the sign of rain. When we hear the alarm ringing from the fire-engine in the street, people peep out of the window, and look upwards into the sky. Sometimes they see tongues of smoke rising up and they are sure some houses or buildings are on fire. If the somke is near, people come out and make a quest and prepare to run away. When we notice someone cough continuously and seem to be pale, we consider whether he or she is suffering from tuberculosis or consumption. When we hear the doctor say someone is HIV positive with the reference of blood test, we suspect him or her a patient with AIDS. Then people are curious about his or her past which is not their business. They say there is no smoke without fire.

Everything or every action has its cause and effect. Every outcome has its own source. So, people ask many wh-ques-

tions why, how and so on. They resume the answer at the very moment. These are not out of facts. So we can say there is no smoke without fire.

*

Glossary

smoke - မီးခိုး
rotten - ပုပ်သိုးသော
foul smell - အနံ့ဆိုး၊ အပုပ်နံ့
committed - ကြူးလွန်
wrong deed - မှားယွင်းသော လုပ်ရပ်
ill-news - သတင်းဆိုး၊ မကောင်းသတင်း
In comparison - နှိုင်းယှဉ်ဖော်ပြရသော်
similarly - အလားတူပဲ
round about - အနီးဝန်းကျင်
alarm ringing - အချက်ပေးသံချောင်း၊ ခေါင်းလောင်း
fire engine - မီးသတ်ကား
peep out - ပျူထွက်ကြည့်
look upwards - အပေါ်မော့ကြည့်
tongues of smoke - မီးခိုးလိပ်ကြီးတွေ
make a quest - စုံစမ်းမေးမြန်း
tuberculosis - အဆုပ်ရောဂါ
consumption - ပန်းနာ(စားသုံးမှု)
HIV positive - ကိုယ်ခံအားကျ ရောဂါရှိသော
blood test - သွေးစစ်ချက်
patient with AIDS - အိတ်(စ်) ရောဂါသည်
not their business - မဆီမဆိုင်
are curious - စပ်စု

cause and effect - အကြောင်းနဲ့အကျိုး
outcome - ပေါ်ထွက်လာသော အရာ
own source - မူပိုင်ရင်းမြစ်
why, how, etc - ဘာကြောင့်၊ ဘယ်လို
resume - မှတ်ယူ၊ ယူဆ
out of facts - အခြေအမြစ် အကြောင်းမရှိပဲ
business and so on - လုပ်ငန်း၊ ကိစ္စစသည်ဖြင့်

*

ဟုတ်လို့ကြော်၊ ပုပ်လို့ပေါ်

တစ်ခုခု ပုပ်သိုးဆွေးမြေ့ပြီဆိုမှဖြင့် အပုပ်နံ့က ထောင်းခနဲ ထွက်လာမှာ၊ တစ်ယောက်တစ်လေက မတော်မတရား ကျူးလွန်မိရင်တော့ သတင်းဆိုးပျံ့ပုံက မြန်ပါဘိ။ ယှဉ်ပြောရရင် မဲမှောင်နေတဲ့ တိမ်တွေဟာ မိုးရဲ့ သင်္ကေတပဲလေ။ အလားတူပဲ ပုပ်ရင် ပေါ်မယ်၊ ဟုတ်ရင် ကြော်မယ်ပေါ့။ မီးခိုးဆိုတာ မီးမရှိပဲ မဖြစ်နိုင်ဘူးလေ။

အရာခပ်သိမ်းဟာ ရေတွေနဲ့ စိုစွတ်နေတဲ့အခါ၊ အနီးတစ်ဝိုက်မှာ မိုးရွာထားတယ်လို့ သိကြပြီးသားပါ။ ဒီလိုပဲလေ မိုးပေါ်မှာ တိမ်မဲတွေ ရွေ့လျားနေရင် တစ်နေရာရာမှာ မိုးရွာနေပြီပေါ့။ တိမ်မဲညိုဆိုတာ မိုးရဲ့ လက္ခဏာဖြစ်တာကိုး။ မီးသတ်ကားရဲ့ ခေါင်းလောင်းသံကို ကြားရင်တော့ လူတွေရဲ့ ခေါင်းတွေဟာ ပြတင်းပေါက်တွေ၊ တံခါးတွေကနေ ပျူထွက်လာကြတော့တာပဲ။ ပြီးတော့ မိုးပေါ်ကို မော့ကြည့်ကြတာပေါ့။ မီးခိုးလိပ်ကြီးတွေ တက်လာတာ တွေ့တော့ တစ်နေရာမှာ အိမ်တွေ၊ အဆောက်အအုံတွေ မီးလောင်နေပြီလို့ တထစ်ချ တွက်လိုက်ကြပါတယ်။ မီးခိုးက နီးရင်တော့ ဟိုမေး ဒီမေးနဲ့ ပြေးဖို့ ကြံစည်တော့တာပါပဲ။ တစ်ယောက်ယောက်ဟာ ချောင်းကို မနားတမ်း ဆိုးနေပြီ၊ ဖြူဖတ်ဖြူရော်လဲ ဖြစ်နေပြီဆိုရင် အဲဒီလူဟာ အဆုပ်ရောဂါ၊ တီဘီ ဒါမှမဟုတ် ပန်းနာရင်ကျပ် ခံစားနေရပြီလို့ တွက်လိုက်တော့တာပါပဲ။ ဆရာဝန်က တစ်ယောက်ယောက်ကို အိပ်ချ်အိုင်ဗီ ပေါ့ဆစ်တစ်လို့ ပြောလိုက်သံကြားရတဲ့အခါ အိတ်(စ်) ရောဂါသည်လားလို့ သံသယ

ဖြစ်တယ်လေ။ တစ်ဆက်တည်း အဲဒီသူရဲ့ အတိတ်ဇာတ်ကြောင်းကို မှုဆိုင်ရာ မဆိုင် စပ်စုတော့တာပါပဲ။ ဟုတ်ရင်လဲ ပေါ်မှာပေါ့နော်။

ဘာပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ် အကြောင်းနဲ့ အကျိုးဆိုတာ ရှိပါတယ်။ ဖြစ်ပေါ်လာတဲ့ အရာတိုင်းမှာ ဖြစ်ရတဲ့အကြောင်း ဇစ်မြစ် ရှိတယ်လေ။ ဒါကြောင့် လူတွေဟာ ဘာကြောင့်၊ ဘယ်လိုဆိုတဲ့ ဘ-မေးခွန်းတွေ မေးကြတော့တာပေါ့။ သူတို့ရဲ့ အတွေ့အကြုံက သဘာဝ လောကအကြောင်း သင်ပေးထားသလိုပါပဲ။ ဘာဖြစ်ရမယ်ဆိုတာ ချက်ချင်း မှန်းသန်းပြောတော့တာပေါ့။ အကြောင်းမဲ့သက်သက်တော့ ဖြစ်လာတာတွေ မဟုတ်ပါဘူး။ ဟုတ်ရင် ကြော်၊ ပုပ်ရင် ပေါ်မယ်ပေါ့လေ။

Where There is a Will, There is a Way

In early history, man went hunting when they wanted to eat flesh or meat. Then they went fishing to get fish. Later, they cultivated crops for their food. They made themselves warm when it was cold. As time went on, they explored, they invented many things to fulfil their desire or their wants. Thus we can say "When there is a will, there is a way" or necessity is the mother of invention.

Man bred animals for their live-stock as well as beasts of burden. When battles appeared between tribes, the conquerors made their captives slaves to work for them. The renaissance enlightened the world to build up the modern culture. They painted, they built buildings they like and there appeared handicraft, towns, roads, markets and so on, one after another. People began to go more places and do more things as they wanted. Years later, people built up the industrialized countries. Now, people shape the world as they like. Scientists seed the new generations. Today can be said the age of computer or the information technology, IT age. The world has been amazingly developed. People in this world can make contacts to one another, within seconds. They can send up satellites and they have succeeded in going to the moon. We dare say, man can make challenges even against the universe.

The history of man has developed through the renaissance, the industrial revolution and the electronic inventions. In fact, man is inventive animal. They can make what they want and what to be. For human beings, there is nothing that can't be made. So, I can say, "When there is a will, where is a way, or necessity is the mother of inventions".

*

Glossary

will	- လိုအင်ဆန္ဒ
way	- လမ်း၊ နည်းလမ်း
early history	- သမိုင်းခေတ်အစောပိုင်း၊ သမိုင်းဦး
went hunting	- အမဲလိုက်ထွက်
went fishing	- ငါးမျှားထွက်
flesh	- အသွေးအသား၊ သားစိမ်း
cultivated crops	- ကောက်ပဲသီးနှံစိုက်ပျိုးခဲ့
made warm	- နွေးအောင်လုပ်
As time went on	- အချိန်ကြာလာတော့
explored	- စူးစမ်းရှာဖွေခဲ့
invented	- တီထွင်ဖန်တီးခဲ့
to fulfil their desire	- ဆန္ဒ ပြည့်ဝရန်
desire, wants	- ဆန္ဒ တွေ၊ တပ်မက်မှုတွေ
bred animals	- တိရစ္ဆာန်မွေးမြူခဲ့
live stock	- စားနပ်ရိက္ခာအသား
beasts of burden	- ဝန်တင်တိရစ္ဆာန်များ
battels appear	- တိုက်ပွဲတွေပေါ်လာတော့
between tribes	- လူမျိုးစုတစ်စုနှင့် တစ်စုကြား
conqueror	- အောင်နိုင်သူ

captives	- သုံ့ပန်းတွေ
slaves	- ကျေးကျွန်တွေ
renaissance	- ဉာဏ်သစ်လောင်းအရေး တော်ပုံ
enlightened	- အလင်းရောင်၊ အသိတရားပေးခဲ့
industrialized countries	- စက်မှုထွန်းကားသော နိုင်ငံတွေ
seed the new generations	- မျိုးဆက်သစ်တွေကို ပျိုးထောင်
the age of information technology	- နည်းပညာခေတ်
amazingly developed	- အံ့ဖွယ်ဘနန်းတိုးတက်ခဲ့
within seconds	- စက္ကန့်ပိုင်းအတွင်းမှာ
make challenges against the universe	- စကြဝဠာကိုပင် စိန်ခေါ်နိုင်
industrial revolution	- စက်မှုတော်လှန်ရေး
electronic inventions	- အီလက်ထရွန်နစ် တီထွင်မှုတွေ

*

လိုလျှင်ကြံဆ နည်းလမ်းရ

သမိုင်းဦးခေတ်မှာ လူသားဟာ အသားစားချင်ရင် အမဲလိုက်၊ ငါး စားချင်ရင် ငါးမျှားထွက်ခဲ့ရပါတယ်။ နောက်တော့ စားစရာတွေရဖို့ ကောက်ပဲ သီးနှံတွေ စိုက်ခဲ့ကြတယ်လေ။ လူသားဟာ အေးတဲ့အခါ နွေးအောင် လုပ်တတ်ကြတာပေါ့။ နှစ်တွေ အချိန်တွေ ကြာလာတဲ့အခါ သူတို့ရဲ့ အာသီသတွေ၊ သူတို့ရဲ့ ရမက်တွေ ပြည့်ဝဖို့ အတော်များများကို စူးစမ်းရှာဖွေ ခဲ့ကြ၊ တီထွင်ဖန်တီးခဲ့ကြတာပါပဲ။ ဒီတော့ လိုလျှင်ကြံဆ၊ နည်းလမ်းရပါ တယ်လို့ ပြောနိုင်တာပေါ့။

လူသားတွေဟာ တိရစ္ဆာန်တွေကို မွေးမြူကြရတာက စားနပ်ရိက္ခာ ရဖို့၊ ဝန်တင်သတ္တဝါအဖြစ် ခိုင်းစေဖို့ပါပဲ။ လူမျိုးစု တစ်စုနဲ့တစ်စု တိုက်ခိုက် တဲ့ စစ်ပွဲတွေပေါ်လာတော့ အောင်နိုင်သူတွေက သူတို့ဖမ်းမိတဲ့ သုံ့ပန်း တွေကို ကျွန်ပြု ခိုင်းစေကြတယ်လေ။ ဉာဏ်သစ်လောင်း အရေးတော်ပုံက ခေတ်သစ်ယဉ်ကျေးမှုကို တည်ဆောက်ဖို့ အလင်းဆောင်ပေးလိုက်ပါတယ်။ သူတို့နှစ်သက်သလို ပန်းချီတွေ ရေးဆွဲကြ၊ အဆောက်အဦးတွေ တည်ဆောက် ကြနဲ့ တိုးတက်လာလိုက်ကြတာ၊ ဖော်ဆောင်လိုက်ကြတာ လက်မှုပညာတွေ၊ မြို့တွေ၊ လမ်းတွေ၊ ဈေးကွက်တွေ တစ်ခုပြီး တစ်ခု ပေါ်လာကြတော့တာပါပဲ။ လူတွေဟာ ဆန္ဒ ရှိသလို သွားလိုရာကို သွားကြ၊ ဖန်တီးလုပ်ဆောင်ဖွယ်တွေ လုပ်ကြနဲ့ ဆိုပါတော့။ နှစ်တွေအတော်ကြာ ညောင်းတဲ့အခါ စက်မှုနိုင်ငံကြီး တွေကို တည်ထောင်ကြပါတော့တယ်။ အခုတော့ လူသားဟာ ကမ္ဘာကြီးကို သူတို့ကြိုက်သလို ပုံဖော်နေကြပြီပေါ့။ သိပ္ပံပညာရှင်တွေဟာ မျိုးဆက်သစ်

တွေကို ပျိုးထောင်ရင်းနဲ့ အခုတော့ ကွန်ပျူတာခေတ်၊ နည်းပညာခေတ်ကို ရောက်နေပါပြီလို့ ဆိုရမှာပေါ့။ ကမ္ဘာကြီးဟာ အံ့ဖွယ်ဘနန်း တိုးတက်နေပါပြီ။ ဂြိုဟ်တုတွေကို လွှတ်တင်နိုင်ကြပြီ၊ လကမ္ဘာကိုလည်း အရောက်သွားနိုင်ခဲ့ပြီလေ။ လူသားဟာ စကြာဝဠာကြီးကိုတောင် စိန်ခေါ်နိုင်ပြီဆိုပဲ။

လူသားတို့ရဲ့ သမိုင်းကြောင်းဟာ ဉာဏ်သစ်လောင်း ရီနေဆန်ခေတ်၊ စက်မှုတော်လှန်ရေးခေတ်၊ အီလက်ထရွန်းနစ်ခေတ်အထိ တိုးတက်ရောက်ရှိနေပါပြီ။ တကယ်တော့ လူသားဟာ တီထွင်တတ်တဲ့ သတ္တဝါပဲပေါ့။ လူသားတွေအဖို့ မဖန်တီး၊ မပြုလုပ်နိုင်တာရယ်လို့ မရှိပါဘူး။ လိုလျှင် ကြံဆနည်းလမ်းရလို့ အခိုင်အမာပြောနိုင်ပါတယ်။

Beauty Lies in the Eye of the Beholder

We know very well that everyone suffers from hunger for beauty whether he or she is rich or poor. They depend upon beauty of art or beauty of nature to brighten up their life. This hunger may be seen in the way they wear, the way they build buildings with things of beauty. But we must confess that different people have different ideas of beauty. This means beauty lies in the eye of the beholder.

In fact, people are not entirely content with beauty of appearance, dress, house and furniture. They always condition themselves as they like. They love to see their graceful friends, scenes and houses. As for Myanmar people, the beauty of a woman lies in the hair. For the Japanese, beauty of a woman lies in the nape of the neck. They expose it as an attraction for the males. The idea of Indo-European is that the beauty of a woman lies in the bosom. In India, a young woman's beauty is the belly and for those of the South Pacific people, the faminine's hip is the focus of attention. The Western woman value the leg culture.

"Beauty is but skin deep" goes a saying. We realize that every-body is attracted by every possible physical type. Especially, young women feel insecure about how they look. I dare say everybody, everything is beautiful in any way. Beauty lies in the eye of the beholder.

*

Glossary

beholder - ကြည့်မြင်ရသူ
suffer from - မှခံစားရ
hunger for beauty - လှပမှုကို မွတ်သိပ်ခြင်း
depend upon - တည်မှီ၊ မူတည်
brighten up - စိုပြည်လှပအောင် ဖန်တီး
the way they wear - ဝတ်စားဆင်ယင်ပုံ
confess - ဝန်ခံသည်
not entirely content - လုံးဝမရောင့်ရဲနိုင်
conditioned - ပြုပြင်နေ
nape of the neck - လည်ပင်းဝန်းကျင် ဂုတ်သား
expose - ဖော်ပြ၊ပေါ်လွင်
attraction for the male - ယောကျ်ား(ပုရိသ)တို့ မက်စရာ
Indo-European - အင်ဒိုဥရောပသား
bosom - ရင်သား
belly - ဝမ်းဗိုက်
hip - တင်ပါး
leg culture - ခြေထောက်
skin deep - အရည်ဖျားနက်ရှိုင်းမှု
goes a saying - ပြောစမှတ်ပြု
possible physical type - ဖြစ်နိုင်သည့် ရုပ်ပါသဏ္ဍာန်
feel insecure - မလုံမလဲဖြစ်၊ စိတ်မချ
in any way - တစ်နည်းနည်းနှင့်တော့

*

ရှမ်းကြိုက်လျှင်နွားချော (ကိုယ်ထင်ခုတင်ရွှေနန်း)

ယောကျာ်း မိန်းမမရွေး၊ ဆင်းရဲချမ်းသာမရွေး အလှကို လူတိုင်း လိုချင်မက်မောကြတယ်ဆိုတာ ကျွန်ုပ်တို့ ကောင်းကောင်းသိကြပါတယ်။ သူတို့ရဲ့ဘဝ တောက်ပြောင်လှပဖို့ ပန်းချီအနုပညာ၊ ဒါမှမဟုတ် သဘာဝရဲ့ အလှတရားကို အားကိုးအားထားပြုနေကြတယ်လေ။ ဒီလို လှချင်ပချင်တဲ့ မက်မောမှုကို ဝတ်ပုံစားပုံနဲ့ အိမ်ယာဆောက်လုပ်ပုံတွေမှာ အလှအပပစ္စည်း တွေ သုံးထားပုံမှာ တွေ့နိုင်ပါတယ်။ ဒါပေမယ့် လူအမျိုးမျိုးအထွေထွေ ဟာ အလှအပနဲ့ပတ်သက်ပြီး သဘောထားအမျိုးမျိုး ရှိကြတာကိုတော့ ဝန်ခံရမှာပါ။ ဒီတော့ အလှတရားဆိုတာ ရှမ်းကြိုက်ရင် နွားချောပါတယ်လို့ ပြောရတော့မှာပေါ့။

တကယ်တော့ လူတွေဟာ ရုပ်ရည်ရူပါ၊ အဝတ်အစား၊ အိမ်နဲ့ ပရိဘောဂတွေရဲ့ အလှမှာ လုံးဝ တင်းတိမ်ကျေနပ်တယ်ရယ်လို့ မရှိကြပါ ဘူး။ သူတို့ကြိုက်သလို စိတ်တိုင်းကျ ပြုပြင်နေကြတာပဲလေ။ လှပချော မောတဲ့ ချစ်သူငယ်ချင်းတွေ၊ ရှခင်းတွေနဲ့ အိမ်ယာတွေကို တွေ့ချင် မြင်ချင် ကြတယ်လေ။ မြန်မာတို့အဖို့ မိန်းမသားတို့ရဲ့အလှဟာ ဆံပင်မှာ တည်သတဲ့။ ဂျပန်တို့အဖို့တော့ မိန်းကလေးရဲ့ ရွှေလည်တိုင်ဝန်းကျင်ရဲ့ ဂုတ်သားမှာ အလှတရားရှိလို့ ပုရိသယောကျာ်းတွေကို ဆွဲဆောင်ဖို့ ဖော်ထားတတ်ပါတယ်။ အင်ဒိုဥရောပမျိုးနွယ်တို့ကတော့ မိန်းမသားရဲ့အလှဟာ ရင်သားပဲတဲ့။ အိန္ဒိ ယ က ကုလားမချောချောလေးတွေရဲ့ အလှဟာ ဗိုက်သားဖြစ်ပါတယ်။ တောင် ပစ္စိဖိတ်ဒေသ သူတွေအဖို့တော့ တွှီယတို့ရဲ့အလှကို တင်ပါးမှာ တွေ့နိုင်

တယ်ဆိုပဲ။ အနောက်တိုင်းသူတို့ကတော့ ခြေထောက်ကလေးတွေကို တသသနဲ့ပေါ့လေ။

အလှတရားဟာ အရေပြားထက် ပိုမနက်ပါဘူးလို့ ပြောစမှတ်ပြုကြပါတယ်။ ဘယ်လိုလူပဲဖြစ်ဖြစ် ချစ်ခင်စုံမက်သူတော့ ရှိနေကြောင်းတော့ ကောင်းကောင်း သိနားလည်ကြပါတယ်။ အထူးသဖြင့် ဗွီယာနှယ် မိန်းမငယ်တို့မှာ ရုပ်ရည်နဲ့ပတ်သက်ပြီး မလုံမလဲဖြစ်နေကြသတဲ့။ လူတိုင်း အရာခပ်သိမ်းတို့ဟာ သူ့နည်း သူ့ဟန်နဲ့ လှနေကြတယ်လေ။ ရှမ်းကြိုက်ရင် နွားချော၊ ကိုယ်ထင် ကုတင်ရွှေနန်းပေါ့နော်။

Prevention is Better than Cure

If something is wrong, we may suffer from a disease or an illness. Who carry, these diseases and what causes the illness? When we suffer from these diseases and illness, we are unhappy. Then we are oppressed by pain and aches. We become busy and try to cure the disease. To cure a disease we have to waste money and labour. So, we say prevention is better than cure.

Nearly all these diseases are carried by flies and mosquitoes. If we want to prevent these diseases, we must wipe out all the mosquitoes and flies. Before these insects are cleared off, we should wear protective clothing between dusk and dawn. To avoid the mosquito bites, we should also apply mosquito repellent to skin and clothing, and sleep under bed nets treated with insecticides. Moreover, we must have screens on windows and doors. We should also keep our surrounding clean, and drain or cover all standing water or else, mosquitoes and flies will reproduce. In this way, we can prevent diseases from infecting people. Unless we do prevention, we may suffer from a disease one day. When we suffer from an illness, we are confined to bed and have a severe pains and aches all over our body.

When one suffers from an illness, all the family members and relatives are busy and worried about the patient. They

cannot do their usual work. Suffering from pains and aches, he or she also has to spend much money. So, we can say prevention is better than cure.

*

Glossary

suffer from - ဝေဒနာခံစားရ
oppressed - ဖိစီးသည်
pain and aches - နာကျင်ကိုက်ခဲမှုတွေ
cure - ကုသသည်
to waste money and labour - ငွေကုန်လူပန်း
flies and mosquitoes - ယင်တွေ၊ ခြင်တွေ
wipe out - ဖယ်ရှားသုတ်သင်ပစ်
clear off - ရှင်းပစ်
protective clothing - ထူထူထဲထဲ အဝတ်အစား
avoid - ရှောင်ရှားသည်
apply - အသုံးချ၊ လိမ်းကျံ
mosquito repellent - ခြင်နှိုင်ဆေး
screen - ခြင်လုံဇကာ
surrounding - ပတ်ဝန်းကျင်
reproduce - မျိုးပွား
infecting - ကူးစက်ခြင်း
are confined - အိမ်တွင်းအောင်းနေ
worried about - ပူပန်သောကရောက်

*

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်

တစ်ခုခုမှားယွင်းပြီဆိုရင် ရောဂါဝေဒနာတစ်မျိုးမျိုးကို ခံစားရနိုင်ပါတယ်။ ဒီရောဂါတွေကို ဘယ်သူတွေက ဆောင်ကြဉ်းလာကြတာပါလဲ။ ဘာကများ ဖန်တီးနေပါသလဲ။ ဒီလို ရောဂါဝေဒနာကို ခံစားကြရတဲ့အခါ စိတ်ဓာတ်ဆင်းရဲခြင်းဆိုတာ ဖြစ်တော့တာပေါ့။ နာကျင်ကိုက်ခဲမှုတွေက ဖိစီးလာကြပြီလေ။ အလုပ်တွေ ရှုပ်ကုန်ပြီပေါ့။ ရောဂါကုသဖို့ ကြိုးစားကြရတော့တာပေါ့။ ငွေကုန်လူပန်း ဖြစ်ကြရပြီလေ။ ဒါကြောင့် ကြိုတင်ကာကွယ်မှုဟာ ရောဂါကုသမှုထက် ပိုကောင်းပါတယ်လို့ ပြောရတာပါ။

ဒီရောဂါဆိုးတွေ အားလုံးနီးပါးကို ယင်တွေ၊ ခြင်တွေက သယ်လာကြတယ်လေ။ ဒီရောဂါတွေကို တားဆီးချင်သပဆိုရင် ဒီယင်တွေ၊ ခြင်တွေကို ရှင်းပစ်ရပါမယ်။ ဒီအကောင်တွေကို ရှင်းမထုတ်နိုင်ခင်မှာတော့ မှောင်ရီပျိုးချိန်နဲ့ ဝေလီဝေလင်းအချိန်တွေမှာ ထူထူထဲထဲ ဝတ်ဆင်ကြပါ။ ခြင် မကိုက်အောင် ခြင်နိုင်ဆေးတွေ လိမ်းပါ။ အဝတ်အစားတွေမှာ ခြင်နိုင်ဆေးတွေ ဖျန်းပါ။ ပိုးသတ်ဆေးသုံးထားတဲ့ ခြင်ထောင်တွေနဲ့ အိပ်ပါ။ ပြီးတော့ ပြတင်းပေါက်တွေ၊ တံခါးပေါက်တွေမှာ ခြင်လုံဇကာ ကာထားပါ။ ပတ်ဝန်းကျင်ကိုလည်း သန့်သန့်ပြန့်ပြန့်ထားပေါ့။ တင်ကျန်နေတဲ့ ရေကို ရေစီးအောင်လုပ်ပါ၊ ဒါမှမဟုတ် ဖုံးအုပ်ထားပါ။ ဒီလိုမှ မလုပ်ရင် ခြင်တွေ၊ ယင်တွေ ပေါက်ပွားကြမှာပေါ့။ ဒီနည်းနဲ့ လူတွေကို ရောဂါမကူးစက်အောင် တားဆီးကာကွယ်နိုင်ပါတယ်။ ဒီလိုကာကွယ်မှုတွေ မလုပ်ရင်တော့

တစ်နေ့နေ့မှာ ရောဂါရမှာပဲ။ ရောဂါရပြီဆိုတာနဲ့ အိပ်ရာထဲမှာပဲ အောင်းနေရတော့မှာ၊ တစ်ကိုယ်လုံး ကိုက်ခဲနေတော့မှာပါ။

တစ်ယောက်တစ်လေ ရောဂါရပြီဆိုရင် တစ်မိသားလုံး၊ ဆွေမျိုးတွေပါ အလုပ်များကြ၊ ပူပန်သောက ရောက်ရပြီလေ။ လုပ်ငန်းတွေလဲ ပျက်ကြပြီပေါ့။ ရောဂါခံစားရင်းနဲ့ ငွေကုန်သံပျာ ဖြစ်နေပြီလေ။ ဒါကြောင့် ရောဂါဖြစ်မှ ကုသရတာထက် ကြိုတင်ကာကွယ်မှုက ပိုကောင်းပါတယ်လို့ ပြောရတာ ဖြစ်ပါတယ်။

An Early Bird Catches the Worm

As I am an early riser, I know the advantages of getting up early. People usually say early to bed and early to rise is a good habit. One who never gets up early cannot realize the advantages of early rising. He or she cannot see the morning dawn. When we rise early, we can breathe the fresh air. An early bird catches the worm.

The habbit of getting up early is good for health. We can have a walk in the fresh air. We can learn our lessons well in the early morning. Our mind as well as our body is fresh. Thus, we can get good ideas. We get more time to accomplish our tasks when we rise early. Today, we have more things to do. Unless we rise early, we will be unable to win many things. If one gets up early, he or she will understand these advantages of getting up early. A shopkeeper who opens her shop early can sell the things first. One who goes to a popular event can get the best seat. He or she is like an early bird that catches the worm.

Morning is the most pleasant period of the day. So, the young as well as the old get used to getting up early. If he or she gets up early, he or she can reap the chances given first. Let us get up early and make ourselves fresh to reap the fortune. We know that an early bird catches the worm.

*

Glossary

worm - ပိုးကောင်၊ ငှက်၏အစာ
early riser - အိပ်ယာစောစောထသူ
get up - အိပ်ယာမှထ
morning dawn - နံနက်အာရုဏ်
have a walk - လမ်းလျှောက်ထွက်
fresh air - လေကောင်းလေသန့်
accomplish - ပြီးစီးအောင်လုပ်
win many things - အများအပြားရရှိ၊ အောင်နိုင်
popular event - လူကြိုက်များသည့်ပွဲ၊ ပြိုင်ပွဲ
the best seat - အကောင်းဆုံးနေရာ
like an early bird - အာရုဏ်ဦးငှက်လို
most pleasant - အသာယာဆုံး
gets used to --- ing - ပြုလေ့ပြုထရှိ
reap the fortune - ကံကြမ္မာအကျိုးပေးကို ရိတ်သိမ်း

*

စောစွာနိုးထ၊ အစာရ

ကျွန်တော်က အိပ်ယာစောစောထတတ်သူဆိုတော့၊ အိပ်ယာစောစော ထခြင်းရဲ့ အကျိုးတရားတွေကို သိတာပေါ့။ စောစောအိပ်လို့ စောစော ထတာဟာ အလေ့အကျင့်ကောင်းလို့ ဆိုကြပါတယ်။ အိပ်ယာစောစော ထလေ့မရှိတဲ့ သူကတော့ အိပ်ရာစောစောထခြင်းရဲ့ အကျိုးတရားတွေကို ဘယ်သိပါ့မလဲ။ မိုးလင်း နေထွက်တာလဲ မမြင်ရဘူးလေ။ စောစော အိပ်ယာထတဲ့အခါ လေကောင်းလေသန့်ကို ရှူနိုင်တာပေါ့။ စောစောထွက်တဲ့ ငှက်ဟာ အစာရတယ်လေ။

အိပ်ယာစောစောထတဲ့ အလေ့အကျင့်ဟာ ကျန်းမာရေးအတွက်လဲ သင့်မြတ်ပါတယ်။ လေကောင်းလေသန့်ရတဲ့နေရာမှာ လမ်းလျှောက်ထွက် နိုင်ပါတယ်။ မနက်စောစောမှာ စာကျက်လို့ကောင်းမှကောင်းပေါ့ဗျာ။ စိတ် ကူးကောင်းတွေလဲ ရနိုင်ပါတယ်။ စောစောထတော့ အလုပ်တွေပြီးအောင် လုပ်နိုင်တာပေါ့။ အခုခေတ်မှာ လုပ်စရာကိုင်စရာတွေကလဲ အများသား ပဲ။ စောစောအိပ်ရာမှ မထရင် များမြောင်လှတဲ့ ကိစ္စတွေကို ပြီးအောင် ဘယ်လိုလုပ်နိုင်တော့မှာလဲ။ စောစောနိုးထရင်၊ အိပ်ယာစောစောထခြင်းရဲ့ အကျိုးတွေကို နားလည်နိုင်ပါတယ်။ ဆိုင်စောစောဖွင့်တဲ့ ဈေးသည်ဟာ အရင်ဆုံး ဈေးရောင်းရမှာပဲ။ ပွဲစောစောသွားတဲ့ သူကတော့ နေရာကောင်း ရတာပေါ့။ စောစောထွက်လာတဲ့ငှက် အစာရသလိုပါပဲ။

နံနက်ခင်းဆိုတာက အသာယာဆုံးအချိန်ပဲလေ။ ဒါကြောင့် လူကြီး လူငယ် အားလုံး အိပ်ရာစောစောထကြတာ ဖြစ်ပါတယ်။ ရသမျှ အခွင့် အလမ်းတွေကို ရိပ်သိမ်းနိုင်တယ်လေ။ အိပ်ယာစောစောထလို့ ကံကြမ္မာ အကျိုးပေးမှန်သမျှ ရိပ်သိမ်းကြပါစို့။ စောစောထွက်လာတဲ့ ငှက်ဟာ အစာရ မှန်း သိပါတယ်။

❒

A Fool and His Money are Soon Parted

Money is originally meant to circulate and to give life the trade and commerce. But it doesn't mean to spend money foolishly. The case to spend money is very easy. If you spend money without reason or without benefit, people say a fool and his money are soon parted.

Money is a very important and very useful thing. If one spends money in a perfect way, he or she will regain something for his or her merit. We can save lives and provide for the welfare of people with money. If we spend money in a wrong way, we will gain nothing but demerit or evil. It is true that a wrong deed is more persuasive than the right one for a fool. When a person is uneducated, he or she can't decide which is right or wrong. Thus, he or she may give away much money uselessly. Gambling is one thing that can attract a fool easily. His greed makes him lose a lot of money at one sitting. There are many ways to spend money on spree. In such ways, nothing good or merit will be regained but the evil or demerit. Thus, a fool can waste his or her money fruitlessly.

Today, there are different games for gambling to lose money. Enjoying different pleasures, one can waste money on spree. Fools can waste money in many useless ways easily. Thus, we say a fool and his money are soon parted.

*

Glossary

parted - ခွဲခွာသည်
circulate - လှည့်ပတ်သွားလာ၊ သုံးစွဲ
give life - အသက်ဝင်စေ
trade and commerce - ကုန်သွယ်၊ ကူးသန်းရောင်းဝယ်ရေး
without reason - အကြောင်းမဲ့
without benefit - အကျိုးတရားမဲ့
in a perfect way - နည်းမှန်၊ လမ်းမှန်
regain something - တစ်စုံတစ်ရာ ပြန်လည်ရရှိ
merit - ကောင်းမှု၊ ကုသိုလ်
welfare - ကောင်းစားရေး
in a wrong way - လမ်းမှား
nothing but - မှတပါး
demerit or evil - အကုသိုလ်၊ မကောင်းမှု
more persuasive - ပို၍ဆွဲဆောင်နိုင်သော
for a fool - လူညံ့၊ လူဖျင်း၊ လူရူး
uneducated - ပညာမဲ့
right or wrong - အမှန်အမှား
gave away - အလကားပေးပစ်
Gambling - လောင်းကစားခြင်း
attract - ဆွဲဆောင်
greed - လောဘ
at one sitting - တစ်ထိုင်တည်းနှင့်
on spree - အပျော်အပါးလိုက်စား၍
fruitlessly - အကျိုးမဲ့
games - ကစားနည်းများ
pleasure - ပျော်မြူးစရာ
enjoying - ခံစားရင်း

*

လူမိုက်နဲ့ငွေ အတူမနေ

ပိုက်ဆံကို ကနဦး ရည်ရွယ်ဖန်တီးရတာက လည်ပတ်သုံးစွဲဖို့ ကုန်သွယ်၊ စီးပွားကူးသန်းမှုကို ရှင်သန်စေဖို့ပါပဲ။ မိုက်မိုက်မဲမဲ သုံးစွဲပစ်ဖို့ မဟုတ်ပါဘူး။ ပိုက်ဆံကို သုံးပစ်ဖို့ဆိုတာက လွယ်လွယ်ကလေးရယ်။ ပိုက်ဆံကို အကြောင်းမဲ့၊ အကျိုးမဲ့ သုံးစွဲမယ်ဆိုရင်တော့ "လူမိုက်နဲ့ငွေ အတူမနေ"လို့ ပြောကုန်တော့မှာပေါ့။

ပိုက်ဆံဟာ အင်မတန်မှ အရေးကြီးပြီး၊ အတော့်ကို အသုံးဝင်တဲ့ အရာပါ။ ပိုက်ဆံကို နည်းမှန်လမ်းမှန် သုံးစွဲမယ်ဆိုရင် သုံးစွဲလိုက်သူရဲ့ ကောင်းရာကောင်းကြောင်း တစ်စုံတစ်ရာကိုတော့ ပြန်ရပါလိမ့်မယ်။ ပိုက်ဆံနဲ့ အသက်များစွာကို ကယ်တင်နိုင်တယ်။ အများပြည်သူရဲ့ ကောင်းစားရေးကို ဆောင်ရွက်နိုင်ပါတယ်။ ငွေကြေးကို မလျော်ကန်တဲ့နည်းနဲ့ သုံးလိုက်မယ် ဆိုရင်တော့၊ လမ်းလွဲသုံးလိုက်ရင်တော့ အကုသိုလ် ဒုစရိုက်ကလွဲလို့ ဘာဆို ဘာမျှ ပြန်မရနိုင်ပါဘူး။ လူညံ့၊ လူဖျင်းတစ်ယောက်အတွက် မှောက်မှားတဲ့ လုပ်ရပ်တစ်ခုဟာ မှန်ကန်သင့်မြတ်တဲ့ လုပ်ငန်းတစ်ခုထက် ပိုပြီး စိတ်ညှော် စရာပေါ့။ ပညာမဲ့တဲ့သူတစ်ယောက်အဖို့ ဘယ်ဟာက မှန်လို့၊ ဘယ်ဟာက ဖြင့် မှားတယ်လို့ မဝေခွဲ၊ မဆုံးဖြတ်နိုင်ပါဘူး။ ဒီလိုနဲ့ ငွေကြေးတွေကို အဟောသိကံ သုံးပစ်တော့တာပေါ့။ လောင်းကစားမှုဟာ လူဖျင်းလူညံ့ တစ်ယောက်ကို လွယ်လွယ်ကလေးနဲ့ ဖမ်းစားနိုင်ပါတယ်။ လောဘကြောင့် တစ်ထိုင်တည်းနဲ့ ငွေအမြောက်အမြား ဆုံးရှုံးစေတော့တာပါပဲ။ ပျော်ပါး သောက်စားပြီး ငွေဖြုန်းတဲ့နည်းတွေက များပါတယ်။ မကောင်းမှုနဲ့

အကုသိုလ်မှတပါး ဘာမှ ပြန်ရစရာ မရှိပါဘူး။ ဒီလိုနဲ့ လူရူး၊ လူမိုက်ရဲ့ ငွေတွေဟာ အကျိုးမဲ့ လေလွင့်ပြီး ဆုံးရှုံးရပါတော့တယ်။

အခုခေတ်မှာ ငွေဖြုန်းဖို့ လောင်းကစားတွေက အမျိုးမျိုးပဲလေ။ အပျော်အပါးလိုက်စားရင်း ငွေတွေ ဆုံးရှုံးနိုင်ပါတယ်။ လူမိုက်တွေဟာ ငွေကို အကျိုးမရှိတဲ့ နည်းလမ်းပေါင်းစုံနဲ့ သုံးဖြုန်းနေကြပါပကော။ ဒီတော့ လူမိုက်နဲ့ငွေ အတူမနေပါဘူးလို့ ပြောရုံပဲရှိပါတော့တယ်။



A Friend in Need is a Friend Indeed

A friend means the opposite of an enemy. A friend is very good to a person. An enemy is very dangerous for us. But a bad friend is worse than an enemy. Really, a friend in need is a friend indeed.

Everybody has friends. Friends are many but they cannot be bought with money. Especially, students, workers, and players have more friends than any other people. When you have a lot of money you will have many friends. If you can spend money on spree, many friends will be ready near you. When your money runs out or you are in trouble, many friends will make a flight. They are fair-weather freinds. In spite of your trouble. There are some who stand together with you. They are always helpful to you. They will appear when you need them. They are called all weather friends, or true friends.

True friends never regard the wealth. Whether you are rich or poor, you have a high position or not, they are ready when you need their help. It doesn't matter whether you can't offer them anything, a friend in need is a friend indeed.

*

Glossary

in need - လိုအပ်သည့်အခါ
indeed - အမှန်တကယ်
enemy - ရန်သူ
worse than - ပိုဆိုးရွား
than any other people - တခြားသူတွေထက်
spend money on spree - သောက်စားပျော်ပါးသုံးဖြုန်း
runs out - ပျောက်ပျက်၊ ကုန်ခန်း
in trouble - ဒုက္ခရောက်
make a flight - ကြွက်ပျောက် ငှက်ပျောက်-ပျောက်
fair weather friends - သာပေါင်းညာစားတွေ
all weather friends - ဆိုးတူကောင်းဘက် သူငယ်ချင်း
true friends - မိတ်ဆွေစစ်တွေ
high position - ရာထူး၊ အဆင့်မြင့်
It doesn't matter - အကြောင်း၊ အရေးမဟုတ်ပါ
rich or poor - ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ
can't offer - မပေးကမ်းနိုင်

*

အရေးကြုံသည့်အခါ အားကိုးရသူမှာ မိတ်ဆွေစစ်ပါ

အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်းဆိုတာ အစိပ္ပ ဝယ်အရ ရန်သူနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ တစ်ဘက်သားအပေါ်မှာ တကယ်ကောင်းတဲ့ သူဟာ သူငယ်ချင်းပါပဲ။ ရန်သူဆိုတာကတော့ အတော့်ကို အန္တရာယ်များ ပါတယ်။ ဒါပေမယ့် ဆိုးရွားတဲ့ မိတ်ဆွေတုဟာ ရန်သူထက်ပင် ပိုဆိုး ပါသေးတယ်။ တကယ်တော့ အရေးကြုံတဲ့အခါ အားကိုးရသူသာ မိတ်ဆွေစစ် ဖြစ်ပါတယ်။

မိတ်ဆွေအပေါင်းအသင်းဆိုတာ လူတိုင်းမှာ ရှိပါတယ်။ သူငယ်ချင်း အပေါင်းအသင်းတွေ များပါတယ်ဆိုပေမယ့် ငွေနဲ့ဝယ်လို့တော့ မရနိုင်ပါဘူး။ အထူးသဖြင့် ကျောင်းသူကျောင်းသား၊ အလုပ်သမားနဲ့ အားကစားသမား တွေမှာ အပေါင်းအသင်းမိတ်ဆွေ ပိုများများ ရှိတတ်ကြပါတယ်။ သင့်မှာ ပိုက်ဆံကလေးများ အတော်များများရှိတဲ့အခါ သူငယ်ချင်းအပေါင်းအသင်း တွေ များလှပါတယ်။ အပျော်အပါးအတွက် ငွေကြေးသုံးနိုင်ပြီဆိုရင်တော့ အပေါင်းအသင်းတွေက ဝိုင်းဝိုင်းလည်နေတာပေါ့။ ပိုက်ဆံတွေလဲ ကုန်၊ ဒုက္ခနဲ့လည်း ရင်ဆိုင်ရပြီဆိုရင်တော့ အဲဒီသူငယ်ချင်းတွေဟာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတယ်လေ။ သူတို့တစ်တွေဟာ သာပေါင်း ညာစားတွေပဲပေါ့။ ဘယ်လိုပင် ဒုက္ခရောက်ရောက်၊ တချို့သူငယ်ချင်းတွေက သင်နဲ့အတူ၊ သင့်အတွက် အမြဲ မားမားမတ်မတ် ရပ်နေကြပါတယ်။ အမြဲ တမ်း ကူညီတတ်ကြသူတွေပါ။ အရေးကြုံရင် ရောက်လာတတ်ကြသူတွေ ပါ။ သူတို့ဟာ ဆိုးတူကောင်းဘက် မိတ်ဆွေစစ်တွေပါပဲလို့ ပြောရမှာပေါ့။

မိတ်ဆွေစစ်ဆိုတာ ဥစ္စာဓနကို ပဓာန မထားတတ်ကြပါဘူး။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ရာထူး ရှိရှိ မရှိရှိ အရေးကြုံရင် ကူညီကြမယ့်သူတွေ ဖြစ်ပါတယ်။ သူတို့ကို တစ်စုံတစ်ရာပေးနိုင်သည် ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ အကြောင်းမဟုတ်ပါဘူး။ အရေးကြုံရင် အားကိုးရတဲ့သူဟာ တကယ့် မိတ်ဆွေအပေါင်းအသင်း ဖြစ်ပါတယ်။



No Pain, No Gain

People understand the nature of, 'give and take' behaviour. Some say 'no ventured, no gained. According to them, you have to pay something if you want to get something. It means that if you do not pay anything, you will get nothing. Thus people say the proverb "No pain, No gain" when someone does not pay anything to get the thing he or she wants.

First of all, you have to pay is time if you want to gain something. You have to share your precious time for it. You have to try for some time to gain the thing you want. Secondly, you have to vest your energy or you must struggle for it. You will bear pain or wear and tear. If you cannot bear it you will gain nothing. When you go to the market, you must take enough money to buy the things you want. You should be helpful to other, and thus they will be ready to help you when you need them. You may win the hand of a woman but you may not win her heart. Only when you adore her, and struggle for her, you can win her heart. For the students, they will be successful, only when they work hard.

If you want to gain something profitable, you have to invest some amount of money. Your investment may be time or energy or money to win or to gain something. We, the people vested blood and sweat, and we regain our independence. You must love one another to win his or her heart. We should always remember the proverb No pain, no gain.

*

Glossary

pain - နာကျင်ကိုက်ခဲမှု
gain - ရရှိ/ အကျိုးဖြစ်ထွန်းမှု
behaviour - ပြုမူဆောင်ရွက်ပုံ
give and take - အပေးအယူ
First of all - ပထမဆုံး
share - ဝေမျှပေး
precious - အဖိုးတန်သော
for some time - အချိန်အတန်ကြာ
try - စမ်းလုပ်ကြည့်
vest - ရင်းနှီး
energy - ခွန်အား
struggle - ရုန်းကန်
bear - ခံစား/ ဆောင်ကျဉ်း
adore - မြတ်နိုးစုံမက်
win the hand - လက်ထပ်ခွင့်ရ
win the heart - အချစ်ကိုရ
profitable - အကျိုးအမြတ်ရှိနိုင်သော
blood and sweat - အသက်သွေးချွေး

*

အနာမစံ၊ အသာမစံရ

အပေးနဲ့ အယူ လုပ်ဆောင်လေ့ရှိပုံ သဘောသဘာဝကို လူအများ နားလည်ကြပါတယ်။ တချို့ကတော့ ဘာမှမစွန့်စားပဲနဲ့တော့ ဘာမှရမှာ မဟုတ်ဘူးလို့ ဆိုကြတယ်လေ။ သူတို့ရဲ့ အဆိုအရတစ်ခုခုကို ရယူလိုချင်ရင် တစ်စုံတစ်ရာတော့ ပေးရမှာပေါ့။ တစ်စုံတစ်ရာ မပေးဘဲနဲ့တော့ ဘာမျှမရ နိုင်ဘူးဆိုတဲ့ သဘောပါပဲ။ ဒီတော့ တစ်စုံတစ်ယောက်အနေနဲ့ သူလိုချင်တဲ့ အရာအတွက် ဘာမျှမပေးတဲ့အခါ "အနာမစံ၊ အသာမစံရ" ဆိုတဲ့ စကား လုံးကို ပြောကြတော့တာပေါ့။

တစ်ခုခုကို ရယူလိုချင်တဲ့အခါ ပထမဦးဆုံးပေးရမှာက အချိန်ပဲလေ။ အဲဒါအတွက် သင့်ရဲ့အဖိုးတန်လှတဲ့ အချိန်ကို မျှဝေပေးရမှာပါ။ ကိုယ်လိုချင် တာကို ရဖို့ဆိုရင် အချိန်အတန်ကြာပေးပြီး ကြိုးစားရမှာပေါ့။ ဒုတိယအနေနဲ့ ကတော့ ခွန်အားကို အရင်းတည်ရမယ် ဒါမှမဟုတ် အဲဒီအတွက် ရုန်းကန် လှုပ်ရှားရပါမယ်။ အနစ်နာခံရမယ်။ အဲဒီအတွက် မခံစားချင်သပဆိုရင်လည်း ဘာမျှရမှာ မဟုတ်ပါဘူး။ ဈေးသွားတဲ့အခါ ကိုယ်လိုချင်တာကို ဝယ်ဖို့ ငွေအလုံအလောက် ယူလာရမယ်လေ။ ကိုယ်က သူတစ်ပါးကို ကူညီထား ပါမှ ကိုယ်လိုတဲ့အခါ သူတို့က ပြန်ကူညီဖို့ အသင့်ဖြစ်မှာပေါ့။ အမျိုးသမီး တစ်ယောက်ကို လက်ထပ်ခွင့် ရချင် ရမယ်၊ ဒါပေမဲ့ သူမရဲ့ အသည်းနှလုံး အချစ်ကိုတော့ ရချင်မှ ရပါလိမ့်မယ်။ သင်က သူမကို နှစ်နှစ်ကာကာ ချစ်ပါမှ၊ ဒါမှမဟုတ် သူမအတွက် ရုန်းကန်ကြိုးစားမှ သူမရဲ့ နှလုံးသားကို

ပိုင်ဆိုင်နိုင်မှာပါ။ ကျောင်းသူ၊ ကျောင်းသားတွေအတွက်ကတော့ အပြတ် ကြိုးစားတဲ့ အခါမှာမှ အောင်မြင်မှုကို ရပါလိမ့်မယ်။

အမြွတ်တစ်စုံတစ်ရာ ရရှိချင်သပဆိုရင် ငွေကြေးပမာဏ တစ်ခုခု ကိုတော့ ရင်းနှီးမြှုပ်နှံရမှာပေါ့။ တစ်စုံတစ်ရာ အကျိုးရှိဖို့ သင်ရဲ့ ရင်းနှီးမြှုပ်နှံမှုမှာ အချိန် ဖြစ်ချင်ဖြစ်မယ်၊ ခွန်အား ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ငွေကြေး ဖြစ်ကောင်း ဖြစ်ပါမယ်။ ကျွန်ုပ်တို့ပြည်သူတွေဟာ သွေးနဲ့ ချွေးနဲ့ ရင်းနှီးပြီး လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပါပြီကော။ တစ်ဖက်သားရဲ့ နှလုံးသားကို ရယူပိုင်ဆိုင်ဖို့ဆိုရင် မေတ္တာကို ရင်းနှီးပေးရပါမယ်။ အနာမခံ၊ အသာမစံရ ဆိုတဲ့ စကားပုံကို အစဉ် သတိရနေစေချင်ပါတယ်။

Unity is strength

(United we stand, divided we fall)

Man cannot live alone. He or she lives in a group as man is social animal. Then the group becomes clan or tribe to found a country. The groups has to defend against their enemies for their security. They need to cooperate for their sake. They have to help one another. Or else the clan, the tribe or the country will certainly come to an end. Thus we say"Unity is strength" or "United we stand, divided we fall."

Unity is really important. If we do not have unity, we can't stand as an independent country. For example, we can break one stick after another very easily. When the sticks are tied together, we can't break them easily. When one can't move a very big heavy block of stone, it can be moved easily if we push collectively. In history, Myanmar ethnic groups could not fight against the imperialists for a long time. When Myanmar united under the leadership of the Dobamah Organization, we could drive out the fascists and the imperialists successfully. Thus we regained our independence. If the unity collapsed, the aggressors would be able to invade our country. So we should understand the proverbs "United we stand, divided we fall" and "unity is strength."

Whether the country is small or big, we need unity. Unity can win everything. From a very small unit of society, a family to a very big country, unity is essential. Unless there was unity, the country would disappear one day. So we must teach and learn the importance of unity. Unity is strength.

*

Glossary

alone - တစ်ဦးတည်း၊ အထီးကျန်
he or she - ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမသားပဲဖြစ်ဖြစ်
social animal - ပေါင်းသင်းဆက်ဆံရေး သတ္တဝါ၊
clan - ဆွေမျိုးစု
tribe - မျိုးတူစု၊ လူမျိုးစု
found - တည်ထောင်သည်
defend - ခုခံကာကွယ်သည်
need to cooperate - ပူးပေါင်းဆောင်ရွက်မှုလိုအပ်
for their sake - သူတို့အကျိုးငှာ
to help one another - တစ်ဦးကိုတစ်ဦး ကူညီဖို့
Or else - ဒီလိုမှ မဟုတ်ရင်
certainly - မြေကြီးလက်ခတ်မလွဲ
come to an end - အဆုံးသတ်သွားမှာ
unity - စည်းလုံးမှု
strength - အင်အား
united we stand - စည်းလုံးရင် ရပ်တည်နိုင်
divided we fall - ကွဲကြရင် လဲကြမယ်၊ ၨွားကွဲ ကျားဆွဲ
independent - လွတ်လပ်သော၊ အမှီအခိုမရှိသော
break - ချိုး၊ ဖွဲ့သည်
stick - တုတ်ချောင်း၊ ထင်းချောင်း
one after another - တစ်ခုပြီးတစ်ခု

tied together - အတူပေါင်းစည်းလိုက်တဲ့အခါ
very big and heavy block of stone - အကွင်းကြီးကြီး လေးလံသည့် ကျောက်တုံး
collectively - စုပေါင်းလျက်
for lack of unity - စည်းလုံးမှုမရှိသောကြောင့်
separate ethnic groups - တကွဲဖြစ်နေတဲ့ လူမျိုးစုတွေ
imperialists - အရင်းရှင် နယ်ချဲ့တွေ
fascists - ဖက်ဆစ်တွေ
under the leadership - ခေါင်းဆောင်မှုအောက်မှာ
Dobamah Organization- ဒို့ဗမာ အစည်းအရုံး
collapse - တစ်စစီပြိုကွဲ
aggressive - ကျူးကျော်စွက်ဖက်သူများ
invade - ကျူးကျော်ဝင်ရောက်သည်
unit - မူလအဖွဲ့အစည်း

*

စည်းရုံးခြင်းသည် အင်အား
(နွားကွဲလျှင် ကျားဆွဲမည်)

လူဟာတစ်ယောက်တည်းနေလို့ မရနိုင်ပါဘူး။ လူဟာ ပေါင်းသင်းဆက်ဆံရေးသတ္တဝါဆိုတော့ ယောကျ်ားဖြစ်ဖြစ်၊ အမျိုးသမီးပဲဖြစ်ဖြစ် အသိုင်းနဲ့ အဝိုင်းနဲ့ နေတတ်သူပါ။ အဲဒီအုပ်စုတွေက မိသားစု၊ ဆွေမျိုးစုတွေ၊ မျိုးနွယ်စုတွေဖြစ်လာပြီး နိုင်ငံကို ထူထောင်ကြပါတယ်။ ပြီးတော့ သူတို့ရဲ့ လုံခြုံရေးအတွက် ရန်သူကို ခုခံတိုက်ခိုက်ဖို့ကလည်း ရှိကြပြန်တယ်။ သူတို့ အကျိုးအတွက် စုပေါင်းရွက်ဆောင်ကြဖို့လည်း လိုတာပေါ့။ တစ်ဦးကို တစ်ဦးလည်း ကူညီကြပါမယ်။ ဒီလိုမှ မလုပ်ရင် ဆွေမျိုးစု၊ မျိုးတူစု ဒါမှမဟုတ် နိုင်ငံဟာ နိဂုံးချုပ်သွားမှာ မြေကြီးလက်ခတ် မလွဲပဲပေါ့။ ဒါကြောင့် စည်းရုံးခြင်းသည် အင်အားဖြစ်တယ်၊ နွားကွဲရင် ကျားဆွဲမယ် လို့ ပြောရတာ ဖြစ်တယ်။

စည်းရုံးမှုဟာ တကယ့်ကို အရေးကြီးပါတယ်။ စည်းရုံးမှု မရှိဘူးဆိုရင် လွတ်လပ်တဲ့ နိုင်ငံအဖြစ်နဲ့ ဘယ်ရပ်တည်နိုင်မှာလဲ။ ဥပမာ ပြောကြရရင်၊ ကျွန်ုပ်တို့ဟာ တုတ် (ထင်း) ချောင်းတွေကို တစ်ချောင်းပြီး တစ်ချောင်း လွယ်လွယ်ကလေးနဲ့ ချိုးနိုင်ပါလိမ့်မယ်။ အဲဒီတုတ်ချောင်းတွေ၊ ထင်းချောင်းတွေကို အတူပေါင်းပြီး စည်းလိုက်တဲ့အခါ လွယ်လွယ်နဲ့ ချိုးလို့ မရနိုင်တော့ဘူးလေ၊ အင်မတန် ကြီးမားလေးလံတဲ့ ကျောက်တုံးကြီးကို တစ်ယောက်တည်း တွန်းရွှေ့လို့ မရတဲ့အခါ စုပေါင်းအင်အားနဲ့ ရွှေ့တော့ လွယ်လွယ်ကလေးနဲ့ ရွှေ့နိုင်တာပေါ့။ သမိုင်းကို ပြန်လှေ့လာရင် စည်းလုံးမှု မရှိတဲ့အတွက် မြန်မာနိုင်ငံဟာ လွတ်လပ်ရေးကို ဆုံးရှုံးခဲ့ရတယ်လေ။ တစ်စုစီ

ကွဲနေတဲ့ လူမျိုးစုတွေဟာ ကာလအတန်ကြာအထိ နယ်ချဲ့အရင်းရှင်တွေကို မတိုက်နိုင်ခဲ့ပါဘူး၊ တို့ဗမာအစည်းအရုံးရဲ့ ဦးဆောင်မှုအောက်မှာ စည်းလုံးလာတဲ့ မြန်မာနိုင်ငံဟာ ဖက်ဆစ်တွေကိုရော၊ နယ်ချဲ့အရင်းရှင်တွေကိုပါ အောင်အောင်မြင်မြင် တိုက်ထုတ်နိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်ုပ်တို့ လွတ်လပ်ရေးကို ပြန်လည် အရယူနိုင်ခဲ့ပါတယ်။ စည်းရုံးရေး ပြိုကွဲပြီဆိုရင်တော့ ကျူးကျော်စွက်ဖက်သူတွေဟာ နိုင်ငံတွင်းကို ကျူးကျော်ဝင်ရောက်လာနိုင်မှာ အသေအချာပဲ။ ဒါကြောင့် နွားကွဲရင် ကျားဆွဲမယ်၊ စည်းရုံးခြင်းဟာ အင်အားပဲ ဆိုတာ နားလည်သင့်ပါတယ်။

တိုင်းပြည်တစ်ပြည်ဟာ သေးငယ်သည်ဖြစ်စေ၊ ကြီးမားသည် ဖြစ်စေ စည်းရုံးမှု လိုအပ်ပါတယ်။ စည်းရုံးမှုဟာ အရာရာကို အောင်မြင်နိုင်ပါတယ်။ လူ့အဖွဲ့အစည်းရဲ့ အသေးဆုံး မူလအစုဖြစ်တဲ့ မိသားစုကနေ နိုင်ငံတစ်နိုင်ငံအထိ စည်းရုံးမှုဟာ မရှိမဖြစ် လိုအပ်ပါတယ်။ စည်းရုံးမှုမရှိရင် ဒီနိုင်ငံဟာ တစ်နေ့နေ့မှာ ကမ္ဘာပေါ် ပျောက်ကွယ်သွားရမှာ သေချာပါတယ်။ ဒါကြောင့် စည်းရုံးရေး အရေးကြီးပုံကို ဆည်းပူးကြပါ၊ သင်ပေးကြပါ။ စည်းရုံးခြင်းဟာ အင်အားပါပဲ။

Slow and steady wins the race

Whatever we do, we must have enough patience and enthusiasm. We should not consider the task very easy before hand. You should not surrender it either. We must have confidence for it. After all we must over come or win any difficulty. The proverb "Slow and steady wins the race" reminds us to win everything.

We have a lesson about King Bruce and the spider to prove the proverb. King Bruce had soldierly ability and experience. However, he was defeated in a battle and his troops had great loss. The king stayed in a safe cave and took a rest. Lying on the rock, he saw a spider trying to climb up to the roof by the thread of his spider-web. But he dropped down again and again. He attempted it repeatedly. After all, he reached his destination successfully. Then, King Bruce was encouraged himself and continued the fighting till he won the battle. This story always encourages and reminds us to reap the fruit of task enthusiastically and patiently. So, what ever we do, we must concentrate in it till we can accomplish it successfully. In doing so we should follow King Bruce's way. And we should always remember the proverb "Slow and steady wins the race."

In doing a difficult thing or a task, easily giving up is not good at all. There is a saying that "only the brave, deserve the pretty." So we must do everything bravely but not boldly. We are not down-hearted even when we face a problem or a defeat. We will carry on till we succeed. Slow and steady wins the race.

*

Glossary

race	-	အပြေးပြိုင်ပွဲ
patience	-	စိတ်ရှည်မှု
before hand	-	အရင်ကြိုတင်၍
surrender	-	လက်နက်ချ၊ အရှုံးပေး
confidence	-	ယုံကြည်မှု
After all	-	နောက်ဆုံးတော့
over come	-	ကျော်လွှား၊ အောင်မြင်
spider	-	ပင့်ကူ
King Bruce	-	အရု(စ်) ဘုရင်ကြီး
soldierly	-	စစ်သားကောင်းပီသသော
defeated	-	ရှုံးနိမ့်သော
battle	-	တိုက်ပွဲ
thread	-	ချည်မျှင်
spider-web	-	ပင့်ကူအိမ်
destination	-	ခရီးဆုံး၊ ခရီးဦးတည်ရာ
encouraged	-	အားမွေး၊ အားပေး
enthusiastically	-	အားစိုက်၍ လုံ့လဖြင့်
at all	-	လုံးဝ
deserve	-	ထိုက်တန်သည်
pretty	-	အလှအပ၊ ထိုက်တန်သောအရာ
boldly	-	ရဲတင်းစွာ
down-hearted	-	စိတ်ဓာတ်ကျသော
carry on	-	ဆက်လုပ်

*

တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ

ကျွန်တော်တို့တစ်တွေဟာ ဘာကိုပဲ ဆောင်ရွက် ဆောင်ရွက် စိတ်ရှည်မှုနဲ့ ဖွဲ့ရှိရမယ်။ ကိစ္စတစ်ခုခုကို လွယ်လှချည်ရဲ့လို့ ဘယ်တော့မှ ကြုံမတွက်ပါနဲ့၊ လျှော့မတွက်ပါနဲ့၊ လွယ်လွယ်နဲ့လည်း အရှုံးမပေးလေနဲ့။ ယုံကြည်မှု အပြည့် ရှိရပါမယ်။ ကျွန်ုပ်တို့ကို အခက်အခဲတွေ အောင်နိုင်ဖို့အတွက် တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ ဆိုတဲ့ စကားပုံက နှိုးဆော်နေပါတယ်။

ကျွန်တော်တို့ ရရှိထားတဲ့ သင်ခန်းစာတစ်ခုကတော့ ဘရု(စ်)ဘုရင်ကြီးနဲ့ ပင့်ကူစာတ်လမ်းပါပဲ။ ဘရု(စ်)ဘုရင်ကြီးဟာ စစ်သားကောင်းတို့ရဲ့ အရည်အချင်း၊ အတွေ့အကြုံ၊ တိုက်ရည်ခိုက်ရည်ရှိတဲ့ စစ်သားကောင်းတို့ရဲ့ အရည်အချင်း၊ အတွေ့အကြုံ၊ တိုက်ရည်ခိုက်ရည်ရှိတဲ့ စစ်သားကောင်းကြီးပဲပေါ့။ ဒါပေမဲ့ သူဟာ တိုက်ပွဲတစ်ပွဲမှာ အရေးနိမ့်ပြီး သူ့တပ် တော်တော်များများလည်း ဆုံးရှုံးခဲ့ရသတဲ့။ ဘုရင်ကြီးဟာ ဂူတစ်ခုထဲက ကျောက်ဖျာပေါ်မှာ လဲလျောင်း အနားယူနေတယ်ပေါ့။ သူဟာ လဲလျောင်းနေရာကနေ ပင့်ကူတစ်ကောင်ဟာ ပင့်ကူအိမ်ရဲ့ ပင်ကူမျှင်ကနေ အမိုးထိတက်ဖို့ ကြိုးစားနေတာ တွေ့ရပါလေရော။ ပင့်ကူဟာ အကြိမ်ကြိမ် ပြုတ်ကျတာပေါ့။ ထပ်ခါထပ်ခါ ကြိုးစားပြန်သတဲ့။ နောက်ဆုံးမှာတော့ သူရောက်ချင်တဲ့ ခရီးဆုံးကို အောင်အောင်မြင်မြင် ရောက်သွားတယ်လေ။ သည်တော့မှ ဘရု(စ်) ဘုရင်ကြီးဟာ အားတက်သွားပြီး တိုက်ပွဲကို အောင်နိုင်တဲ့အထိ ဆက်တိုက်သတဲ့။ ဒီစကားပုံကလေးက ကျွန်တော်တို့ကို လုပ်ငန်းရဲ့ အသီးအပွင့်တွေ ရိတ်သိမ်းနိုင်စေဖို့၊ ဖွဲ့နဲ့ စိတ်ရှည်ရှည် ကြိုးစားဖို့ နှိုးဆော်ထားပါတယ်။ ဒါ့ကြောင့်

ကျွန်ုပ်တို့ဟာ ဘာပဲလုပ်လုပ် အာရုံစိုက်ပြီး အောင်မြင်တဲ့အထိ လုပ်ရပါမယ်။ ဘရု(စ်) ဘုရင်ကြီးရဲ့ထုံး နှလုံးမူပြီး ဒီစကားပုံလေးကို သတိရနေရမယ်လေ။

ခဲရာခဲဆစ် ကိစ္စတစ်ခုကို ဆောင်ရွက်ရမှာ လွယ်လွယ်နဲ့ လက်လျှော့ အရှုံးပေးတာ ကောင်းတဲ့ကိစ္စ မဟုတ်ဘူး။ ကြောက်လျှင်လွဲ ရဲမင်းဖြစ်ဆိုတဲ့ စကားပုံလည်း ရှိပါသေးတယ်။ ဒါ့ကြောင့် ဘာပဲလုပ်လုပ် သတ္တိရှိရမယ်။ အခက်အခဲ ပြဿနာနဲ့ ရင်ဆိုင်ရတာတောင် စိတ်ဓာတ် မကျပါဘူး။ အောင်မြင်တဲ့အထိ ဆက်လုပ်ရမယ်။ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ။

Time and Tide Waits For No Man

Time means the passing of all the days, months and years of the past, present and future *taken as* a whole. Tide is the regular rise and fall in the level of the sea caused by the attraction of the moon. Some say the word time derived from the word "tide." Both the words mean exactly the same. No one can control or decide them. They say time and tide waits for no man.

Time *never repeats*. Therefore the proverb says Time and Tide waits for no man." There are some proverbs that mention the value of time. "Make hay while the sun shines." We should *not ignore* it. One may have lucky days in his or her life. When the *chance is given,* we should catch it firmly. It is because fortunes never return again. Time is going on and on, like the hands of a clock runs. It doesn't wait for any one.

We say the time in different ways. *Season* means a period of time as the cold season, the hot season as well as the exam season. If we *put off* the task, we will miss our success. We must carry out our jobs, make decisions, learn the things, solve the problems in time. Or else something unnecessary may happen to you. Time is precious but it cannot be bought. Take care of *your time* and reap the opportunities in time. Time will decide you good or bad. Time and tide waits for no man.

*

Glossary

Time and tide	-	အချိန်နှင့် ဒီရေ
take as a whole	-	ပေါင်းရုံးထား
regular rise and fall	-	ရေတက်ရေကျ
level of the sea (sea level)	-	ပင်လယ်ရေပြင်
derived	-	ဆင်းသက်လာသည်
never repeat	-	နောက်တစ်ကြိမ်ပြန်မလာ
proverb	-	စကားပုံ
value of time	-	အချိန်၏ တန်ဖိုး
hay	-	မြက်ခြောက်
ignore	-	လျစ်လျူရှုသည်
lucky days	-	ကံကောင်းချိန်၊ အကျိုးပေး
chance is given	-	အခွင့်သာခိုက်
fortunes	-	ကံအကျိုးပေး
attraction	-	ဆွဲအား
tide	-	ဒီရေ
repeat	-	ပြန်လုပ်၊ ပြန်ပြော၊ ပြန်ကျော့
mention	-	ရည်ညွှန်း
run	-	လည်ပတ်လုပ်ကိုင်
season	-	အခါရာသီ
put off	-	ရွှေ့ဆိုင်း၊ ဆိုင်းငံ့

*

အချိန်နှင့်ဒီရေသည် လူကိုမစောင့်

အချိန်ဆိုတာ ရှိရှိသမျှ နေ့တွေ၊ လတွေနဲ့ နှစ်တွေ ဖြတ်သန်းခဲ့တဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို ပေါင်းရုံးပြီး ရည်ညွှန်းအဓိပ္ပာယ် ဆောင်ပါတယ်။ ဒီရေဆိုတာက လရဲ့ဆွဲအားကြောင့် ပင်လယ်ရေမျက်နှာပြင် အတက်အကျ ပုံမှန်ဖြစ်နေပုံပဲ ဖြစ်ပါတယ်။ တချို့က အချိန်ဟာ ဒီရေဆိုတဲ့ စကားလုံးက ဆင်းသက်လာတာပါလို့ ဆိုကြပါတယ်။ သူတို့ကို ဘယ်လိုလူကမှ မထိန်းချုပ်နိုင်ပါဘူး။ အချိန်နဲ့ ဒီရေဟာ လူကိုမစောင့်ပါဘူး။

အချိန်ဟာ ဘယ်တော့မှ နောက်တစ်ကျော့ ပြန်မလာပါဘူး။ ဒါကြောင့် "အချိန်နဲ့ ဒီရေဟာ လူကိုမစောင့်ဘူး" ဆိုတဲ့ စကားပုံကို ပြောနေကြတာပေါ့။ အချိန်ရဲ့တန်ဖိုးရှိပုံကို ရည်ညွှန်းတဲ့ စကားပုံတွေ ရှိပါသေးတယ်။ "လသာတုန်း ဗိုင်းငင်"တဲ့။ အချိန်ကို လျစ်လျူမရှုသင့်ကြဘူးလေ။ လူ့ဘဝမှာ ကံအကျိုးပေးတဲ့ရက်တွေ လူတိုင်းမှာ ရှိတတ်ကြတာပဲ။ အခွင့်အရေးဆိုတာ အခါပေးတုန်း အမိအရ ဆုပ်ကိုင်လုပ်ကိုင်သင့်တာပေါ့။ ဘာဖြစ်လို့ ဒီလိုပြောနေရသလဲဆိုရင် ကံကြမ္မာအကျိုးပေးဟာလည်း နောက်တစ်ကျော့ ပြန်မလာလို့ပါပဲ။ အချိန်ဟာ နာရီလက်တံတွေ မနားတမ်းသွားနေသလို ဆက်တိုက်ဖြစ်ပေါ်နေမှာပါ။

အချိန်ကို အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုနေကြပါတယ်။ ရာသီဆိုတာ အေးတဲ့ရာသီ၊ ပူတဲ့ရာသီ၊ စာမေးပွဲရာသီရယ်လို့ အဓိပ္ပာယ်ဆောင်တယ်။ အလုပ်ကို မလုပ်ဘဲ အချိန်ကို ရွှေ့ဆိုင်းထားမယ်ဆိုရင် အောင်မြင်မှုနဲ့ လွဲရမှာပေါ့။ လုပ်စရာရှိ လုပ်ပါ၊ ဆုံးဖြတ်စရာကို အချိန်မီ ဆုံးဖြတ်ပါ၊ သင်ယူစရာကို သင်ယူပါ။ ပြဿနာရှိရင်လည်း အချိန်မီ ဖြေရှင်းပါ။ ဒီလို မလုပ်ရင် မလိုလားအပ်တာတွေ ဖြစ်ပေါ်လာတတ်ပါတယ်။ အချိန်ဟာ တန်ဖိုးရှိပါတယ်။ ဒါပေမဲ့ ဝယ်လို့တော့ မရပါဘူး။ မိမိတို့ရဲ့ အချိန်ကို ဂရုစိုက်ပါ။ အခွင့်ကောင်းတွေကို အချိန်မီ ရိပ်သိမ်းပါ။ အချိန်က သင့်ကို အကောင်းဆုံး ဆုံးဖြတ်ပေးပါလိမ့်မယ်။ အချိန်နဲ့ ဒီရေဟာ လူကို မစောင့်ပါဘူး။

❑

Learn to walk before you run
(OR)
Look before you leap

Whatever we do, we should prepare for it. We should not do anything without knowing how to do it. We must think over the case again and again before doing or decision. If we are in a hurry, there may be something wrong. The proverbs "Look before you leap" and "Learn to walk before you run" seem to remind us not to do anything blindly.

Learning at school in our first part of our life means "Learn to walk before we run". Our parents and teachers teach and train us good manners besides the school lessons. When our examination is drawing very near we practise answering the old questions. This is we look before we leap. When we have to wage a war we must learn the terrain of the battle field, the quality of the enemy leader and the strength of his fighters and weapons. Thus, he may win the battle easily. When we apply a post we have to fill up the item about the applicant is experiance. This means that one must have learned to walk before he or she runs.

Without having learnt about the job, one will not be able to carry out it. He or she may have difficulties, to tackle the job. Only when he or she realize the conditions of the job or case he or she can do or decide it easily.

*

Glossary

how to	-	လုပ်ကိုင်ဆောင်ရွက်နည်း၊ မည်သို့ မည်ပုံ။
think over	-	ဆင်ခြင် စဉ်းစားကြည့်ပါ။
in a hurry	-	အလျှင်စလို၊
proverbs	-	စကားပုံတွေ
leap	-	ခုန်သည်၊
remind	-	နှိုးဆော်သတိပေးသည်။
blindly	-	ဆင်ကန်းတောတိုး
first part of – life	-	ပထမအရွယ်
good manners	-	သူ့စရိုက်၊ အပြုအမူကောင်းတွေ
wage a war	-	စစ်ခင်းသည်
terrain	-	မြေပြင်အနေအထား
battle field	-	စစ်မြေပြင်
quality	-	အရည်အသွေး
weapon	-	လက်နက်
apply	-	လျှောက်ထားသည်၊
post	-	ရာထူးနေရာ
fill up	-	ဖြည့်သည်။
carry out	-	ဖော်ဆောင်လုပ်ကိုင်သည်။

*

ကြိုတင်ပြင်ဆင် အောင်ပွဲဝင်

ကျွန်ုပ်တို့ ဘာကိုပဲလုပ်လုပ်၊ အဲဒီအတွက် ကြိုတင်ပြင်ဆင်သင့်ပါတယ်။ ဘာကို ဘယ်လိုလုပ်ရမယ်ဆိုတာ မသိပဲနဲ့တော့ ဘာကိုမှ မလုပ်သင့်ကြပါဘူး။ လုပ်မယ့်ကိစ္စကို မလုပ်ခင် ဆုံးဖြတ်ချက်မချခင် အဖန်တလဲလဲ ဆင်ခြင်စဉ်းစားကြရပါမယ်။ အလျှင်စလို ဆောင်ရွက်မယ်ဆိုရင် အမှားတွေ့တတ်ကြတယ်လေ။ "ကြိုတင်ပြင်ဆင် အောင်ပွဲဝင်" "မလုပ်ခင် အရင်ဆန်းစစ်ကြည့်" ဆိုတဲ့ စကားပုံတွေက ဘာကိုမှ ဆင်ကန်းတောတိုး မလုပ်မိစေဖို့ သတိပေးနေဟန် ရှိပါတယ်။

ကျွန်ုပ်တို့တတွေ ပထမအရွယ်မှာ ပညာရှာကြတာဟာလည်း ဘဝအတွက် ကြိုတင်ပြင်ဆင်တာပဲပေါ့။ ကျွန်ုပ်တို့ရဲ့ မိဘဆရာသမားတွေက ကျောင်းသင်ခန်းစာတွေအပြင် သုစရိုက်ဆိုတဲ့ ကောင်းမြတ်တဲ့ အမူအကျင့်တွေကို ပြုစုပျိုးထောင်ပေးကြပါတယ်။ စာမေးပွဲကြီး နီးလာပြီဆိုမှဖြင့် မေးခွန်းဟောင်းတွေကို ဖြေဆိုလေ့ကျင့်ကြတာဟာ ပွဲမဝင်ခင် အပြင်ကကျင်းပ ဆိုတာပဲပေါ့။ စစ်ပွဲတစ်ခု ဆင်နွှဲတော့မယ်ဆိုရင် စစ်မြေပြင်ရဲ့ မြေပြင်အနေအထား၊ ရန်သူခေါင်းဆောင်ရဲ့ အစွမ်းအစ၊ ရန်သူရဲ့ လူအင်အား၊ လက်နက်အင်အား အနေအထားကို အရင် ဆန်းစစ်လေ့လာရပါမယ်။ ဒီတော့မှ စစ်ပွဲကို လွယ်လင့်တကူ အောင်နိုင်မှာပေါ့။ အလုပ်တစ်ခု လျှောက်တဲ့အခါ လျှောက်ထားသူရဲ့ လုပ်ငန်းအတွေ့အကြုံဆိုတဲ့ အချက်ကလေးကိုတော့ ဖြည့်ပေးရမယ်လေ။ ဒါဟာ အလုပ်မလုပ်ခင် ကြိုတင်သိထားရမယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

လုပ်ငန်းအကြောင်း မသိဘဲနဲ့ ဘယ်လိုလုပ်ပြီး ဆုံးခန်းတိုင် အောင်မြင်အောင် လုပ်နိုင်ပါ့မလဲ။ အလုပ်လည်း လုပ်ရော အခက်အခဲတွေနဲ့ တိုင်းပါလေရော။ လုပ်ငန်းရဲ့ အနေအထားကို နားလည်ထားပါမှ လုပ်ရမယ့်ကိစ္စကို လွယ်လွယ်ကူကူနဲ့ လုပ်ကိုင် ဆုံးဖြတ်နိုင်ပါလိမ့်မယ်။ "အလုပ်တစ်ခု မလုပ်ခင် ကြိုတင် ချင့်ချိန်ကြည့်ပါ" ဆိုတဲ့ စကားပုံကို သတိရလိုက်စမ်းပါ။

Run with the hare, hunt with the hound

A hare is a fast running field animal. It looks like a rabbit but a little larger. It cannot fight against the other bigger and stronger animals. A hound is a kind of dog used for hunting. Especially they like to chase rabbits or hares. Like the two animals, there are quarrels or aggressions between the two or two parties in human society. The instigators among people are very dangerous ones.

A man cannot live alone. Thus, It is said that man is social animal. Yet, they have likes and dislikes. They have different ways of life. Their ideas and desires may be different. When they live to each, his own, there appears arguments. When the arguements become too personal, quarrels, fightings and battles appear. When the instigators fan the both sides the spark turns into flames, then the problem is unable to be solved. It is said they work under the pretext of mediating between the two parties. It is seemed to run with hare and hunt with the hound.

The instigators are able to provoke even a peaceful society . They are more dangerous than a serpent. They do nothing good. They run with the hare and hunt with the hound.

*

Glossary

hare - ယုန်ကြီးတစ်မျိုး၊
looks like - တူသည်၊ ဆင်တူသည်၊
hound - အမဲလိုက်ခွေးတစ်မျိုး။
chase - လိုက်ဖမ်းသည်။
aggressions - မောက်ကျော်စော်ကားမှုတွေ
two parties - လူနှစ်မျိုး၊ နှစ်ဖွဲ့
instigators - လှုံ့ဆော်၊ ဆွပေးသူတွေ၊
social animal - ပေါင်းသင်းဆက်ဆံရေး သတ္တဝါ
likes and dislikes - ကြိုက်တာတွေ၊ မကြိုက်တာတွေ
ways of life - ဘဝရှင်သန်ပုံတွေ၊ အသက်မွေးပုံတွေ
to each his own - လူတစ်ကိုယ် အကြိုက်တစ်မျိုး
arguments - အငြင်းအခုန်တွေ၊
too personal - ပုဂ္ဂိုလ်ရေး သိပ်ဆန်လာ၊
fan - မြှောက်ပေး၊ ဆွပေး၊
spark - မီးပွားကလေး
flame - မီးဟုန်းဟုန်းတောက်
under the pretext of mediating - နှစ်ဖက်ကြားမှာ ယိုးမယ်ဖွဲ့။
provoke - ဆွပေး
serpent - အဆိပ်ပြင်းတဲ့ မြွေ

*

ယုန်နဲ့အတူ ပြေး၊ ခွေးနဲ့ အတူလိုက်

ယုန်ဆိုတာ ကွင်းပြင်မှာ အတော်အပြေးသန်တဲ့ သတ္တဝါတစ်မျိုးပါ။ သာမန် ယုန်အသေးလေးတွေထက် နည်းနည်းပိုကြီးတဲ့ ယုန်တစ်မျိုးပါပဲ။ သူ့ထက်အားကြီးတဲ့ တိရစ္ဆာန်တွေနဲ့ ယှဉ်ပြီး မတိုက်ခိုက်နိုင်ပါဘူး။ အမဲလိုက်ခွေး ဆိုတာကတော့ ခွေးတစ်မျိုးပဲလေ။ ယုန်တွေကို လိုက်ဖို့ ဖမ်းဖို့ သိပ်အသုံးကျတာပေါ့။ အဲဒီသတ္တဝါနှစ်မျိုးလိုပဲ လူ့အသိုင်းအဝိုင်းမှာလည်း ရန်ပွဲတွေ၊ မောက်မာစော်ကားတာတွေ ရှိပါတယ်။ အဲဒီအထဲမှာ တို့မီးရှို့မီးလုပ်တတ်တဲ့ သူတွေဟာ အတော့်ကို အန္တရာယ်များပါပေတယ်။

လူဆိုတာ တစ်ဦးတစ်ယောက်တည်း မနေနိုင်ပါဘူး။ လူဆိုတာ ပေါင်းသင်းဆက်ဆံရေး သတ္တဝါဆိုပါတော့။ သူတို့မှာ ကြိုက်တာတွေ၊ မကြိုက်တာတွေတော့ ရှိတတ်ကြပါတယ်။ ဘဝရှင်သန်ကြပုံချင်းကလည်း မတူကြဘူးလေ။ သူတို့ရဲ့ ဆန္ဒ တွေ၊ ရည်မှန်းချက်တွေကလည်း တစ်မျိုးစီပါပဲ။ လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုတော့ အငြင်းအခုန်တွေ ရှိတော့တာပေါ့။ အဲဒီအငြင်းအခုန်တွေ ကြီးမားလာတဲ့အခါ ရန်ပွဲတွေ၊ သတ်ကြပုတ်ကြတာတွေ၊ စစ်ပွဲတွေ ဖြစ်ကြတော့တာပါပဲ။ တို့မီးရှို့မီး လုပ်တတ်တဲ့သူတွေက နှစ်ဖက်လုံးကို ဆွပေးလေတော့ မီးပွားကလေးကစပြီး မီးဟုန်းဟုန်းတောက်တော့တာပေါ့။ ပြဿနာက ရှင်းဖို့ မလွယ်တော့ဘူးလေ။ နှစ်ဦးနှစ်ဖက်ကြားမှာ ကြားဝင်ပြန်ဖြေသလို လုပ်တတ်တဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်သူတွေ ရှိလာပါတယ်။ ယုန်နဲ့အတူ ပြေး၊ ခွေးနဲ့အတူ လိုက်သူတွေပေါ့။ "တို့မီးရှို့မီး လုပ်တဲ့သူတွေဟာ ငြိမ်းငြိမ်းချမ်းချမ်းရှိတဲ့

လူအသိုင်းအဝိုင်းကိုတောင် ဆွပေးတတ်ကြပါတယ်။ အဆိပ်ပြင်းတဲ့ မြွေထက် ကြောက်ဖို့ ကောင်းတဲ့သူတွေပါပဲ။ ကောင်းကျိုးနည်းနည်းမှ မပေးတတ်ကြပါဘူး။ ယုန်နဲ့အတူ ပြေး၊ ခွေးနဲ့အတူ လိုက်တတ်တဲ့ လူစားမျိုးတွေ ဖြစ်ပါတယ်။

The blind leading the blind

Every human society has their own leader. Even the uncivilized tribe has a leader. When the leader is uneducated, he likes very poor or inferior people to rule. The country will never be developed under the rule of the unqualified leaders. Such a situation can be said the blind leading the blind.

When there is no qualified person to lead the community, they have to choose one from their group. Then the leader ruled the society as he pleases. He may do anything which comes to mind. The inferior people follow his instructions and obey his meaningless orders. They believe whatever he says. They know nothing good for the society. They have no definite rules. The leader initiates them boldly and they follow him blindly. In fact, it is the most dangerous situation. However, both the leader and the followers are afraid of nothing. We can say it, the blind leading the blind.

The blind are unable to see anything, but they could read the braille, the special alphabets. They are to follow the guide-dog and the detecting stick. They move forward as they can. When a blind one who gets used to the way leads another blind one, he or she never makes a complaint.

*

Glossary

tribe - လူမျိုးစု၊ မျိုးနွယ်စု၊
inferior - ညံ့ဖျင်း၊ သိမ်ငယ်သော
rule - အုပ်ချုပ်မှု
unqualified - အရည်အချင်းမဲ့သော၊
community - လူစုလူဝေး၊ ရပ်ရွာမြို့ပြ၊
nothing good - ဘာတစ်ခုမျှ မကောင်း
no definite rule - ရေရာသေချာတဲ့ စည်းမျဉ်းမရှိ၊
initiate - ဦးဆောင်၊ ရှေ့ဆောင်
boldly - ရဲတင်း၊ အကြောက်မရှိ
blindly - ဆင်ကန်းတောတိုး၊
unable - မစွမ်းနိုင်၊
braille - မျက်မမြင်စာ၊ လက်စမ်းစာ၊
guide dog - မျက်မမြင်လမ်းပြခွေး
detecting stick - စူးစမ်းတုတ်၊
get used to - ကျင့်သားရ
complaint - ဇောဒက၊ အပြစ်၊

*

အနူတော လူချော
မျက်မမြင်က အကန်းကို လမ်းပြ

လူ့အဖွဲ့အစည်းတိုင်းမှာ ခေါင်းဆောင်တော့ ရှိမြဲပါ၊ မယဉ်ကျေးတဲ့ မျိုးနွယ်စုမှာတောင် ခေါင်းဆောင်ဆိုတာ ရှိတာပါပဲ။ ခေါင်းဆောင်လုပ်သူက ပညာမဲ့ပြီဆိုရင် လူနုံ၊ လူအ၊ လူညံ့တွေကို အုပ်ချုပ်ဖို့ သဘောကျသတဲ့။ အရည်အချင်းမဲ့တဲ့ ခေါင်းဆောင်ရဲ့ အောက်မှာ လူ့အဖွဲ့အစည်းဟာ တိုးတက်မှာ မဟုတ်ပါဘူး။ အဲဒီလို အနေအထားကို မျက်မမြင်က အကန်းကို လမ်းပြနေတယ်လို့ ဆိုပါတယ်။

လူ့အဖွဲ့အစည်းတစ်ခုမှာ အရည်အချင်းရှိတဲ့ ခေါင်းဆောင်မရှိဘူး ဆိုရင် သူတို့တည်းကပဲ တစ်ယောက်ယောက်ကို ရွေးရတော့မှာပေါ့။ အဲဒီ ခေါင်းဆောင်ကလည်း သူကြိုက်သလို အုပ်ချုပ်တော့တာပါပဲ။ ခေါင်းထဲ ပေါ်တာ၊ စိတ်ထင်တာတွေ လုပ်တတ်ပါတယ်။ လူညံ့လူဖျင်းတွေက သူ လမ်းညွှန်ရာကို လိုက်ကြသတဲ့။ အဓိပ္ပါယ်မရှိတဲ့ သူ့အမိန့်တွေကို နာခံသတဲ့။ သူပြောသမျှ ယုံကြသတဲ့။ လူ့အဖွဲ့အစည်းအတွက် ကောင်းကွက်ဆိုတာ မရှိတော့ဘူးလေ။ တိကျရေရာတဲ့ စည်းမျဉ်း စည်းကမ်းဆိုတာလည်း မရှိ ပါဘူး။ ရှေ့က လူက မိုက်ရူးရဲ၊ နောက်လိုက်တွေကလည်း ဆင်ကန်းတော တိုးပေါ့။ တကယ်တော့ အင်မတန် အန္တရာယ်များတဲ့ အခြေအနေပါ။ ဒါပေမယ့် ရှေ့ဆောင်သူနဲ့ နောက်လိုက်တွေဟာ ဘာကိုမျှ စိုးရိမ်ထိတ်လန့်မှု မရှိကြဘူးလေ။ မျက်မမြင်က အကန်းတွေကို လမ်းပြနေပါတယ်လို့ ဆိုနိုင် ပါတယ်။

မျက်မမြင်ဟာ ဘာကိုမှ မြင်နိုင်စွမ်း မရှိပါဘူး။ ဒါပေမယ့် မျက်မမြင်စာတော့ ဖတ်တတ်ပါတယ်။ မျက်မမြင် လမ်းပြခွေးနဲ့ တုတ်ချောင်းရဲ့ နောက်ကိုသာလိုက်ပြီး ရှေ့ဆက်တိုးဖို့သာ ရှိပါတယ်။ သွားဖူးလာစရှိတဲ့ မျက်မမြင်က ကျန်တဲ့ တခြားမျက်မမြင်ကို ဦးဆောင်လမ်းပြတဲ့အခါ နောက်လိုက် မျက်မမြင်က ဘာကိုမှ အပြစ်မတင်တော့ပါဘူး။

Money makes the world go around

People work in different ways to earn money. Without money, people cannot survive. Some say 'money makes everything, and for some 'money talks'. People amplify about money as they like. If you have got a lot of money, many friends will come to you like flies get smell of a fish. You are able to attract them easily. Money makes the world go around.

We must confess that money has great potential to make a person good or bad. Even when a natorious one becomes very rich, many people call him their benefactor or a very important person. they approach him with a sweet smile. A rich person is very sociable. He can spend money on spree. He can do whatever he likes. He can travel even in space. He can buy enough luxurious things. Money makes people forget all his evil deeds. Though decent people of good character do not accept him, the majority people are ready to help him. Even money can make a drug trafficker a very improtant person in society. Thus money becomes the strong interest of the greedy ones. It is because money can make the world go around.

When money goes to the wicked and evil person, he threatens the society. The inferior ones approach him humbly. Then he control them in a wrong way. Money in his hand be comes best weapon. He endanger the society. He use the money to make the world go around.

*

Glossary

to earn money - ငွေရဖို့
cannot survive - အသက်မရှင်နိုင်
money talks - ငွေမျက်နှာက ကြီးတယ်
amplify - ဋီကာချဲ့
smell of a fish - အညှီနံ့
confess - ဝန်ခံသည်။
potential - အာနိသင်
sociable - လူရာဝင်၊ အပေါင်းအသင်းဆန့်
even in space - အာကာသမှာတောင်
luxurious things - စိမ်ခံပစ္စည်းတွေ
evil deeds - ယုတ်မာတဲ့ လုပ်ရပ်တွေ
decent - ရည်မွန်၊ ကောင်းမွန်သော
good character - ကိုယ်ကျင့်ကောင်းသော
drug trafficker - ဘိန်းကုန်ကူးသူ
greedy ones - လောဘသားတွေ
strong interest - အကြီးအကျယ်မက်မောစရာ
wicked and evil person - လူယုတ်မာ
humbly - နှိမ့်ချလျှင်၊ အောက်ကျို့ပေးလျှင်
inferior - သိမ်ဖျင်းသော
control - ထိန်းချုပ်၊ စေလိုရာစေ

*

ပိုက်ဆံရှိလျှင် ကမ္ဘာကြီးကို ခါးစောင်းတင်

လူတွေ နည်းလမ်းပေါင်းစုံနဲ့ အလုပ်လုပ်နေကြတာဟာ ငွေရဖို့ပါပဲ။ ငွေမရှိရင် အသက်မရှင်နိုင်ဘူးလေ။ တချို့ကတော့ ငွေဟာ အရာရာကို ဖန်တီးနိုင်သတဲ့။ တချို့ကတော့ ငွေမျက်နှာက ကြီးတယ်ဆိုပဲ။ လူတွေဟာ ငွေနဲ့ ပတ်သက်ပြီး သူတို့ ကြိုက်သလို ဋီကာချဲ့တတ်ကြတယ်လေ။ သင့်ဆီမှာ ငွေတွေအများကြီးရပြီဆိုရင် အပေါင်းအသင်းတွေ အများကြီးဟာ ယင်ကောင်တွေ အညှီနံ့ရသလို အုံလာကြမှာပေါ့။ အဲဒီလူတွေကို ခပ်လွယ်လွယ်နဲ့ ဖမ်းစားနိုင်မှာပါ။ ငွေက ကမ္ဘာကြီးကို ခါးစောင်းတင်နိုင်ပါတယ်။

ငွေဟာ လူတစ်ယောက်ကို အဆိုးအကောင်း ဖန်တီးနိုင်တဲ့ မဟာစွမ်းအား အာနိသင်ရှိတယ်ဆိုတာ ကျွန်ုပ်တို့ ဝန်ခံရမှာပါ။ ကျော်ဇောသတင်းနဲ့ နာမည်ဆိုးထွက်တဲ့ လူတောင် ကျိုကျိုတက် ချမ်းသာလာပြီဆိုမှဖြင့် လူတွေက သူ့ကို ကျေးဇူးရှင်လို့ ခေါ်လို့ခေါ် လူရာဝင်သူလို့ ပြောသူ ပြောပေါ့လေ။ သူ့ကို မျက်နှာချိုသွေးပြီး ချဉ်းကပ်ကြပြီပေါ့။ လူချမ်းသာကြီးဟာ အင်မတန် လူရာဝင်ဆုံလာပါတယ်။ အပျော်အပါးမှာလည်း ငွေသုံးနိုင်ပါတယ်။ သူကြိုက်တာ သူလုပ်နိုင်ပါတယ်။ အာကာသကိုတောင် ခရီးဆန့်နိုင်ပါသေးတယ်။ ဇိမ်ခံပစ္စည်းတွေကို စိတ်ကြိုက်ဝယ်နိုင်ပြီလေ။ သူ့ရဲ့ ယုတ်မာမှုတွေကို လူတွေမေ့သွားအောင် ငွေက လွှမ်းခြုံထားလိုက်ပါပြီကော။ လူကောင်းသူကောင်းတွေက သူ့ကို လက်မခံကြပေမယ့်၊ သူ့ကို ခယ ကူညီမယ့်သူတွေကတော့ အများသား။ ငွေဟာလေ ဘိန်းတို့ မူးယစ်ဆေး တို့ကို ကုန်ကူးတဲ့ သူကိုတောင် လူ့အသိုင်းအဝိုင်းမှာ အရေးပါသူဖြစ်အောင် ဖန်တီးနိုင်ပါတယ်။

ဒီတော့ လောဘသားတွေဟာ ငွေကို အကြီးအကျယ် မက်မောကြပြီပေါ့။ ငွေက ကမ္ဘာကြီးကို ခါးစောင်းတင်နိုင်တာကိုး။

လူယုတ်မာရဲ့လက်ထဲ ငွေရောက်သွားပြီဆိုမှဖြင့် လူ့အသိုင်းအဝိုင်းကို ခြိမ်းခြောက်တော့တာပါပဲ။ လူညံ့လူဖျင်းတွေက သူ့ကို အောက်ကျို့ကြပြီလေ။ သူတို့ကို သူယုတ်မာက စေလိုရာစေ ချုပ်ကိုင်နိုင်လိုက်ပါပြီ။ သူ့လက်ထဲက ငွေဟာ တကယ့် လက်နက်ကောင်းတစ်ခု ဖြစ်တော့တာပါပဲ။ သူက ကမ္ဘာကြီးကို ခါးစောင်းတင်ဖို့ ငွေကို အသုံးချပါတော့တယ်။

Clothes make the man

Food, clothing and shelter are the three basic needs for human beings. So, clothing is very important to us. We wear the different designs of clothes in different styles. Men are dressed neat and smart and women want to wear beautifully. Today, men and women's wearings are sold in different stores and supermarkets. The number of fashion shops has been increased today. It is becase clothes make the man.

People's wearing style and the brand of clothes indicate their status. However, the different uniforms tell their respective duty and rank. When we see the children in white and green, we know that they are students. We know that a woman with a bun of hair and a handkerchief tucked in the waist is a school teacher. A man in a duty-coat with a stethoscope is a doctor. When we go to a wedding ceremony, we wear fine clothes of silk or satin or velvet, People dislike the man or woman wearings in disorder or poorly. Everyone can improve his or her look with clothes. Clothes make the man.

We know one's nationality when we see his or her wearing. It is because the way of their wearing style shows tradition or culture of their ancestors. How sorrowful it is if one's wearing style has no sign of his or her nationality. We should wear fine clothes. Clothes make the man.

*

Glossary

Shelter - နေထိုင်နားခိုရာနေရာ
design - အဆင်၊ ပုံစံ
fashion shops - ခေတ်ဆန်ဆန် အထည်ဆိုင်တွေ၊
styles - စတိုင်တွေ၊ ဟန်တွေ
brand - ကုန်အမှတ်တံဆိပ်
indicate - ညွှန်ပြသည်၊
status - လူ့အဆင့်အတန်း၊
rank - ရာထူးအဆင့်အတန်း
tucked - ခေါက်ထားပြီး
in the waist - ခါးကြားမှာ
duty coat - ဆရာဝန်အင်္ကျီ ၊ အလုပ်ခွင်အင်္ကျီ ။
stethoscope - နားကျပ်၊ (လူနာစမ်းသပ် နားကျပ်)
in disorder - ဖရိုဖရဲ၊
poorly - နွံနွံချာချာ၊
look - ရုပ်
tradition - အစဉ်အလာ၊ ဓလေ့ထုံးတမ်း
culture - ယဉ်ကျေးမှု
ancesters - ဘိုးဘွား၊ မျိုးရိုး၊
sign - လက္ခဏာ၊ သင်္ကေတ၊
nationality - လူမျိုး၊
Sorrowful - ဝမ်းနည်းဖွယ်ကောင်းသော။

*

တောင်းမှာအကွပ် လူမှာအဝတ်

စားဝတ်နေရေးဟာ လူသားတို့အတွက် အခြေခံလိုအပ်ချက် သုံးမျိုးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့အဖို့ အဝတ်အထည်ဟာ အတော်အရေးကြီးတာပေါ့။ ကျွန်ုပ်တို့ဟာ အဝတ်အစားတွေကို အဆင်အမျိုးမျိုး စတိုင်အမျိုးမျိုးနဲ့ ဝတ်ဆင်နေကြတယ်လေ။ ယောကျ်ားတွေက စမတ်ကျကျ သပ်သပ်ရပ်ရပ်၊ အမျိုးသမီးတွေက လှလှပပ ဝတ်ဆင်ကြပါတယ်။ အခုခေတ်မှာ ယောကျ်ားဝတ်၊ မိန်းမဝတ်တွေ စတိုးဆိုင်တွေနဲ့ ဆူပါမတ်ကက်တွေမှာ ရောင်းနေကြပါပြီ။ ခေတ်ဆန်ဆန် အထည်ဆိုင်တွေရဲ့ အရေအတွက်က တိုးပွားလာနေပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်းမှာ အကွပ်၊ လူမှာ အဝတ် ဖြစ်နေတာကိုး။

လူတွေရဲ့ ဝတ်စားဟန်နဲ့ ပစ္စည်းရဲ့တံဆိပ်တွေက သူတို့ရဲ့အဆင့်ကို ညွှန်ပြနေပါတယ်။ ဒါပေမယ့် တူညီဝတ်စုံ အမျိုးမျိုးက သူတို့ လုပ်ငန်းတာဝန်နဲ့ ရာထူးအဆင့်ကို ပြောပြနေကြသလိုပါပဲ။ အဖြူအစိမ်းဝတ် ကလေးတွေကို တွေ့တော့ ကျောင်းသူ ကျောင်းသားတွေမှန်း သိတယ်လေ။ ဆံထုံးကလေးနဲ့ လက်ကိုင်ပုဝါလေး ခါးကြားမှာ ခေါက်ပြီး ညှပ်ထားရင် ဆရာမပေါ့နော်၊ ဂျူတီကုတ်နဲ့ နားကျပ်ပါလာရင်တော့ ဆရာဝန်ပေါ့လေ။ မင်္ဂလာဆောင်ကို သွားတဲ့အခါ ပိုး၊ ဖဲ၊ ကတ္တီပါ အဝတ်အစားတွေကို သားသားနားနား ဝတ်ဆင်ကြပါတယ်။ အချိုးအစားကျ၊ နံ့နံ့ချာချာ ဝတ်စားလာရင်တော့ မကြိုက်ကြဘူးလေ။ လူတွေဟာ အဝတ်အစားနဲ့ ရုပ်ရည်ကို ပိုပြီး

သားသားနားနား ပြုပြင်နိုင်ကြပါတယ်။ တောင်းမှာအကွပ် လူမှာအဝတ် စကားပုံလည်း အရှိသားပဲ။

အဝတ်အစားကို ကြည့်ပြီး သူဟာ ဘာလူမျိုးလဲဆိုတာ တန်းပြီး စီနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဝတ်ပုံစားပုံမှာ မျိုးရိုးရဲ့ ဓလေ့စရိုက်နဲ့ ယဉ်ကျေးမှုတွေ ညွှန်ပြနေလို့ပါပဲ။ ဒီလိုမျိုးရိုးရဲ့ ဓလေ့စရိုက် လက္ခဏာတွေ မပါဘူးဆိုရင်တော့ ဝမ်းနည်းစရာပေါ့နော်။ ဝတ်ကောင်းစားလှ၊ သားသားနားနား ဝတ်စားသင့်ကြပါတယ်။ တောင်းမှာအကွပ်၊ လူမှာအဝတ် လို့ ဆိုကြပါတယ်။



"A chain is only as strong as its weakest link"

The strength of a thick chain must be measured at its weakest point or link. Similarly, however wise a person is, he or she has a weak point to deal with something or somebody. However well-trained football team, it has the weakest one among the eleven players. So, we say everyone has his or her own weak point.

When a person is addicted to something, he or she may be a failure in doing his or her masterpiece. People say that a real precious stone has a fault. Thus we can say no one is perfect. Sir Walter Raleigh was a great hero of England. He introduced the habit of smoking to England. When he was smoking, he forgot everything. Julius Caesar was famous in history as a conqueror of countless battles. Persuing his old enemy, he went to Egypt, where he was made captive, not in warfare, but to the charms of Cleopatra. To Cleopatra, she conquered the conquerors but she gave Caesar a heart-whole affection and the admiring respect of a pupil for a teacher.

Everybody has his or her own weakness in something. He or she may not be a master of everything. There may be something he or she does not know. He or she may have some weak points in something. A chain is only as strong as its weak link.

*

Glossary

chain - သံကြိုး
link - ဆက်ရာ
must be measured - ချိန်ဆတိုင်းတာရမှာပါ
however wise - ဘယ်လောက်ပင် အမြော်အမြင်ရှိပါစေ
deal with - ဖြင့် ဆက်ဆံလုပ်ကိုင်
is addicted - စွဲလမ်း၊
failure - အရှုံးသမား၊ မအောင်မြင်သူ
masterpiece - အကျွမ်းကျင်ဆုံးလက်ရာ၊
precious stone - ကျောက်မျက်ရတနာ၊
fault - အပြစ်၊ အနာအဆာ၊
perfect - ချို့ယွင်းချက်ကင်းသော
great hero - မဟာသူရဲကောင်းကြီး၊
introduced - စတင်-ဆောင်ကြဉ်လာ၊
conqueror - အောင်နိုင်သူ
countless battles - မရေတွက်နိုင်တဲ့ စစ်ပွဲတွေ
persuing - လိုက်လံတိုက်ခိုက်၊
captive - သုံ့ပန်း၊ အကျဉ်းသား
not in warfare - စစ်ရေးမှာ မဟုတ်
to the charms - အချစ်ရေးမှာ
a heart whole affection - အချစ်တွေရှိသမျှ
admiring respect - ကြည်ညိုလေးစားမှုတွေ

*

အားနည်းချက်ကိုယ်စီ ရှိကြသည်

တုတ်ခိုင်တဲ့ သံကြိုးတစ်ချောင်းရဲ့ ခံနိုင်ရည်ကို အားအနည်းဆုံး ဆက်ရာ နေရာမှာ တိုင်းတာရပါတယ်။ အလားတူပါပဲ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ အမြော်အမြင်ရှိရှိ၊ တစ်ခုခု ပြုလုပ်ရာမှာ တစ်ယောက် ယောက်နဲ့ ဆက်ဆံရာမှာ အားနည်းချက်တစ်စုံတစ်ရာတော့ ရှိတတ်ပါတယ်။ ဘယ်လောက်ပဲ လေ့ကျင့်ပေးထားတဲ့ ဘောလုံးအသင်းဖြစ်ပါစေ၊ ဘောလုံး သမား ဆယ့်တစ်ယောက်မှာ အားအနည်းဆုံး တစ်ယောက်တော့ ရှိမြဲပဲပေါ့။ ဒါကြောင့် လူတိုင်းဟာ အားနည်းချက် တစ်စုံတစ်ရာတော့ ရှိတတ်တယ် လို့ ပြောရတာပါ။

လူတစ်ယောက်ဟာ တစ်ခုခုကို စွဲလန်းနေပြီဆိုရင် သူ အကျွမ်းကျင်ဆုံး လုပ်ငန်းကို လုပ်ဆောင်ရာမှာတောင် အမှားအယွင်း ဖြစ်တတ်ပါတယ်။ အဖိုးတန် ကျောက်မျက်တစ်ခုဟာ အနာမကင်းဘူးလို့ ပြောကြတယ်လေ။ ဒီတော့ ချောက်ပြစ်ကင်း သဲလဲစင်ဆိုတဲ့သူ မရှိပါဘူးလို့ ပြောရမှာပေါ့။ ဆာဝေါလ်တာရလေးဟာ အင်္ဂလန်နိုင်ငံရဲ့ သူရဲကောင်းကြီးပါပဲ။ အင်္ဂလန် ကို ဆေးလိပ်သောက်တဲ့အကျင့် စတင် ဆောင်ကြဉ်းလာတဲ့သူ ဖြစ်ပါတယ်။ သူဆေးလိပ်သောက်နေရင် အရာရာကို မေ့တတ်ပါသတဲ့။ ဂျူးလီယက် ဆီဆာဟာ မရေမတွက်နိုင်တဲ့ စစ်ပွဲတွေကို အောင်နိုင်ခဲ့သူပါ။ ရန်ဘက် ယောင်းကို လိုက်လံတိုက်ခိုက်ရင်း အီဂျစ်နိုင်ငံကို ရောက်သွားတော့ စစ်ရေး အရ မဟုတ်ဘဲ အချစ်ရေးအရ မိန်းမချော ကလီယိုပတ်တရာရဲ့ အချစ်

အကျဉ်းသား ဖြစ်သွားရသတဲ့။ ကလီယိုပတ်တရာဟာလည်း အောင်ပွဲရ အကျော်အမော်တွေကို အောင်နိုင်ခဲ့ပေမယ့် ဆီဇာကို အချစ်တွေ ရှိသမျှ၊ အကြည်ညိုတွေဟူသမျှ ပုံအပ်ခဲ့တယ် ဆိုပဲ။

လူတိုင်းမှာ အားနည်းချက် တစ်စုံတစ်ရာ ရှိမြဲပါပဲ။ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အရာခပ်သိမ်းကို ဆရာတစ်ဆူမြောက်အောင် မတတ်နိုင်ကြပါဘူး။ မသိနားမလည်တာ တစ်ခုခုတော့ ရှိရမှာပါ။ ယောကျ်ားတိုင်း၊ မိန်းမသားတိုင်းမှာ အားနည်းချက်တစ်စုံတစ်ရာတော့ ရှိပါတယ်။ နိုင်မာတဲ့ သံကြိုးသည်ပင်လျှင် ခံနိုင်ရည်အားနည်းတဲ့ ဆက်ရာလောက်ပဲ အင်အားရှိပါတယ်။



More haste, less speed

Whatever we do, we should not be in a hurry. We should take enough time to overcome the matter. We should realize that time heals all the wounds. The proverb "Slow and steady wins the race" seems to remind us not to do the thing in a hurry. In case we can't be satisfied with what we have done, we will have to redo it from the beginning.

If, at first, you don't succeed in doing something, try and try again till you overcome the matter. Here is another proverb, "Rome was not built in a day," It means that the more difficult the work, the more time we need to do it successfully. If we do something casually, we can't get the quality to meet our like. When we want to finish doing something early, we do it speedily. We finish it as we have expected. However, we are disappointed for its poor quality. Then, we have to redo it. Thus, it lasts longer than the regular work because we have done it two times, So there is nothing good to do anything speedily. There may be something wrong or some defects in your work. Then you have to do or attempt it again. Then we say "more haste, less speed.

Some say," Time is precious, time is money." It is true but we must take regard about the volume of work to do. We have also to consider the situation of work. Whatever we do, we should remember the proverb, "More haste, less speed."

*

Glossary

in a hurry - အလျှင်စလို
overcome - ကျော်လွှား၊ အောင်မြင်
heal - ကုစားသည်
all wounds - ဒဏ်ရာအားလုံး
remind - သတိပေး၊ နှိုးဆော်သည်၊
In case - ဖြစ်ခဲ့သော်ရှိ
what we have done - လုပ်ခဲ့သမျှ
redo - ပြန်လုပ်
from the beginning - အစကနေ
casually - အလျှင်စလို
quality - အရည်အသွေး
to meet-like - အကြိုက်တွေ့၊
poor quality - အရည်အသွေး၊ ညံ့။
last longer - ပိုကြာ၊
two times - နှစ်ကြိမ်၊
more haste - အလျှင်လို
less speed - အနှေးဖြစ်
precious - အဖိုးထိုက်သော
volume of work - အလုပ်ပမာဏ

*

အလျှင်လို အနှေးဖြစ်

ကျွန်ုပ်တို့တတွေဟာ ဘာကိုပဲလုပ်လုပ်၊ အလျှင်စလို မလုပ်သင့်ကြပေဘူး။ လုပ်ရမယ့် ကိစ္စကို ချောချောမောမောဖြစ်ဖို့ အချိန်ကို အလုံအလောက် ယူသင့်ကြပါတယ်။ အရာရာကို အချိန်က အဖြေပေးမှာ ဆိုတာကိုတော့ နားလည်သင့်ကြတာပေါ့။ "တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ" ဆိုတဲ့ စကားပုံကလည်း အရာရာကို အလျှင်စလို မပြုလုပ်ကြဖို့ နှိုးဆော်နေသလို ရှိပါတယ်။ ကိုယ်လုပ်ခဲ့သမျှကို မကျေနပ်ဘူးဆိုရင် တစ်ကစပြီး ပြန်လုပ်ရပေလိမ့်မယ်။

တစ်ခုခုကို စလုပ်တဲ့အခါ မအောင်မြင်ဘူးဆိုရင် အောင်မြင်တဲ့အထိ ထပ်ခါ ထပ်ခါ ကြိုးစားလုပ်ကြည့်ပါ။ သည်အတွက် နောက်ထပ်စကားပုံတစ်ခုကတော့ "ရောမမြို့ကြီးကို တစ်ရက်တည်းနဲ့ တည်ဆောက်ခဲ့တာ မဟုတ်ပါဘူး" တဲ့။ ဆိုလိုတာက လုပ်ရမယ့်အလုပ်က ခက်ခဲလေလေ၊ အောင်အောင်မြင်မြင်လုပ်ဖို့ အချိန်ပိုပြီး လိုလေလေ ဆိုတာပါပဲ။ အလုပ်တစ်ခုကို ပြီးစလွယ် လုပ်လိုက်မယ်ဆိုရင်၊ ထွက်လာမယ့် ရလဒ်က နှစ်မြို့က်စရာအကြောင်း မရှိပေဘူး။ တစ်ခုခုကို အချိန်စောစီးစွာ ပြီးချင်တော့ ခပ်မြန်မြန် လုပ်တတ်ကြသည်ပေါ့။ အလုပ်ကိုတော့ မျှော်လင့်ထားတဲ့အတိုင်း ပြီးပါရဲ့၊ ပေါ်ထွက်လာတဲ့ရလဒ်ကာ အရည်အသွေးမမီလို့ စိတ်ပျက်ကြရတယ်လေ။ အဲဒီတော့ အစက ပြန်လုပ်ရပြီပေါ့၊ ဒီတော့ ခါတိုင်းထက် အလုပ်က အချိန်ပိုကြာပြီလေ။ နှစ်ခါထပ် လုပ်ရတာကိုး။ ဒါကြောင့် အရင်စလို လုပ်တာ ဘာမျှမကောင်းပါဘူး။ အမှားအယွင်းတွေ၊ အပြစ်အနာ

အဆာတွေ ဖြစ်တော့တာပေါ့။ မကျေနပ်တော့ နောက်တစ်ခါ ပြန်လုပ်ရတာပေါ့။ အလျှင်လိုတော့ အနှေးဖြစ်တတ်တာပေါ့။

တချို့က အချိန်ဟာ တန်ဖိုးရှိတယ်လို့ ပြောကြမှာပါ။ ဒါဟာ မှန်ပါတယ်။ ဒါပေမယ့် လုပ်ရမယ့် လုပ်ငန်းရဲ့ ပမာဏကိုလည်း ထည့်တွက်သင့်တယ်။ လုပ်ငန်းရဲ့ သဘာဝအခြေအနေကိုလည်း ကြည့်ရပါမယ်။ ဘာပဲလုပ်လုပ်။ "အလျှင်လို အနှေးဖြစ်" ဆိုတဲ့ စကားပုံကို သတိရလိုက်စမ်းပါ။

Still water runs deep

Among the oceans in this world the Pacific is the deepest. The word 'pacific' means peaceful. The other oceans are rough. So we say the Pacific Ocean is the deepest ocean. Thus we can say still water run deep. We can compare it with another proverb "Empty vessels make more sound" to describe the proverb 'still waters run deep'.

Most educated people are men of few words. They know many things but they are quiet. Only when it is necessary, they speak or they teach people. Normally, they seem to know nothing. Actually, they are very wise and avoid telling anything unnecessarily. Unlike them, men of a little knowledge are very talkative. They do so to make others think highly of them. Thus we know that boastful persons are men of a little knowledge. When a woman gets a lot of money, she becomes proud and hauty. She talks highly about her money, and deal with the poor differently. But the very rich, persons keep quiet and they don't let the others know their wealth.

We notice that most wise people rarely speak unnecesarily. They don't try to be popular. Although they have the idea to teach the others. they don't want to exploit people. Thus they keep quiet themselves. So we say still waters run deep."

*

Glossary

Still	- ငြိမ်သက်သော
run deep	- နက်ရှိုင်းသည်၊
the Pacific Ocean	- ပစိဖိတ်သမုဒ္ဒ ရာ၊
Empty vessel	- ဘာမျှမရှိသော စရည်းအိုးခွက်၊
man of few words	- စကားနည်းသူ
quiet	- ဆိတ်ငြိမ်၊ နှုတ်ဆိတ်သော၊
normally	- သာမန်အားဖြင့်
Actually	- တကယ်တော့၊ အကယ်စင်စစ်
talkative	- နှုတ်ဖွာသော၊ စကားများသော၊
do so	- အဲဒီလိုလုပ်ရ၊ ပြောရတာ
think highly of	- အထင်ကြီးစေ၊
boastful	- ဝါကြွားသော
proud and haughty	- မာနကြီး၍မောက်မာသော
deal with	- ဆက်ဆံသည်၊
exploit	- ခေါင်းပုံဖြတ်/ လူညွန့်ရှုးစား
keep quiet	- နှုတ်ဆိတ်နေ

*

လူသန်မပြော၊ လူပြောမသန်

ကမ္ဘာမှာရှိသမျှ သမုဒ္ဒ ရာတွေထည်းမှာ ပစိဖိတ်သမုဒ္ဒ ရာက အနက်ဆုံးပါပဲ။ ပစိဖိတ်ဆိုတဲ့ အင်္ဂလိပ်စကားလုံးက ငြိမ်ချမ်းသောလို့ အဓိပ္ပ ါယ်ရပါတယ်။ တခြားသမုဒ္ဒ ရာတွေကတော့ လှိုင်းလေထန်ပါဘိ။ ဒါကြောင့် ပစိဖိတ်သမုဒ္ဒ ရာကို အနက်ဆုံးလို့ ပြောရတာပေါ့။ ငြိမ်နေတဲ့ရေပြင်ဟာ နက်တယ်ဆိုတဲ့ အဓိပ္ပ ါယ်နဲ့ လူသန်မပြော လူပြောမသန်ဆိုပြီး ပြောနိုင်ပါတယ်။ ဒီစကားပုံကို "မပြည့်တဲ့အိုး ဘောင်ဘင်ခတ်" ဆိုတဲ့ စကားပုံနဲ့ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ လူသန်ဆိုတဲ့ စာတတ်ပေတတ်တွေက သိပ်များများ မပြောကြဘူးလို့ တင်စားပြောကြတာပါ။

စာတတ်ပေတတ် ပုဂ္ဂိုလ်တွေဟာ စကားနည်းတတ်ကြတယ်လေ။ သူတို့တတွေဟာ အတော်နှံ့နှံ့စပ်စပ် သိကြပေမယ့် နှုတ်ဆိတ်နေတတ်ကြပါတယ်။ အရေးကိစ္စရှိမှ၊ လိုအပ်မှ ပြောဆိုတတ်ကြ၊ သင်ပေးတတ်ကြပါတယ်။ သာမန်အားဖြင့်တော့ မသိလိုက်ဖါသာ နေတတ်လေ့ရှိကြပေမယ့် တကယ်တော့ အမြော်အမြင် ပညာရှိကြသူတွေပါ။ မလိုအပ်ပဲ ပြောဖို့ဆိုဖို့ ရှောင်တတ်ကြပါတယ်။ မတောက်တခေါက်လောက်တတ်တဲ့ သူတွေကတော့ သူတို့လို မဟုတ်ကြဘူး၊ အတော့်ကို ဟောင်ဖွာဟောင်ဖွာ ပြောတတ်ကြတယ်လေ။ ဒီလိုပြောကြတာက တခြားသူတွေက သူတို့ကို အထင်ကြီးစေဖို့ပါပဲ။ ဒီတော့ လူကြွားတွေဟာ ပညာသိပ်မတတ်ဘူးဆိုတာ သိရပါတော့တယ်။ ပိုက်ဆံကလေး အတော်ရလာပြီဆိုတဲ့ အမျိုးသမီးတွေဟာ မာနကြီးတစ်ခွဲသားနဲ့ မောက်မာတတ်ကြပါတယ်။ အပြောအဆို မောက်မာပြီး

မရှိဆင်းရဲသူတွေကို ခွဲခြားဆက်ဆံတတ်ပါတယ်။ ကျိုကျိုတက် ချမ်းသာသူကတော့ လူမသိအောင် ခတ်မဆိတ် နေတတ်တယ်လေ။

အတော်နှံ့စပ် တတ်သိတဲ့ ပညာရှင်တွေဟာ မလိုအပ်ဘဲ စကားပြောခဲကြပါတယ်။ လူတွင်ကျယ်လုပ်ဖို့လည်း မကြိုးစားကြပါဘူး။ တခြားသူတွေကို ပညာခွဲဝေ သင်ကြားပေးချင်ကြပေမယ့် ခေါင်းပုံဖြတ် လူညွှန့်ရှူးမစားချင်ကြပါဘူး။ ဒီတော့ နှုတ်ဆိတ်နေကြတာပေါ့။ ဒါကြောင့် "လူသန်မပြော၊ လူပြောမသန်" လို့ ပြောကြရတာပါ။

Two wrongs don't make a right

Many people know that two negatives make one affirmative. The best example is: Theres is no mother who does not love her children. That means: Every mother loves her children. However, two wrongs do not make a right. The wrongs of the both sides never solve the case. It may lead to a problem.

We frequently hear the quarrels between two women. The source of the quarrel is the arguments or accusation against each other. Then their anger arises till they begin a quarrel. As for the two men, they become hot blooded. Even they have bloodied one's hands. The source of murder cases are anger of the two sides. We see the battles between two groups or two nations on TV screen or we read them in the newspapers. The argument the agression between them destroys peace and begins a battle and that can even lead to war. The wrongs of the two are nothing good. They never make a right.

When a person or a nation has the wrong idea, another one should be patient. If the two pesons or the two nations misunderstand each other, one mediator should try to reconciliate between them as clever as he or she can or in a diplomatic way. Or ele, there may be unstability and can end up the society. Two wrongs do not make a right.

*

Glossary

the negative	-	အငြင်းပုဒ်၊ အငြင်းဝါကျ
the positive	-	အဆိုဝါကျ၊
lead to	-	ဦးတည်
frequently	-	မကြာခဏ
quarrel	-	ရန်ပွဲ
argument	-	အငြင်းအခုန်
accusation	-	စွပ်စွဲမှု
anger arises	-	ဒေါသတွေ လျှံတက်
hot blooded	-	သွေးဆူ
blooded	-	သွေးပေကျံ၊ သွေးနှုန်း
source of murder	-	လူသတ်ပွဲရဲ့ ရင်းမြစ်
battles	-	တိုက်ပွဲတွေ
TV screen	-	တီဗွီဖန်သားပြင်မှာ
destory peace	-	ငြိမ်းချမ်းရေးကို ဖျက်ဆီး
lead to war	-	စစ်ဆီကို ဦးတည်
nation	-	နိုင်ငံတော်
misunderstand	-	နားလည်မှုလွဲ၊
mediator	-	ကြားလူ၊ ကြားနိုင်ငံ
reconciliate	-	ရင်ကြားစေ့ပေး၊
in a deplomatic way	-	သံခင်းတမန်ခင်း
end up	-	အဆုံးသတ်၊ ကိစ္စတုံး၊ မျိုးပြုတ်

*

ရန်ကို ရန်ချင်း မတုန့်နှင်းနှင့်

အငြင်းနှစ်ခုပေါင်းရင် အဆိုတစ်ခုဖြစ်တယ်ဆိုတာ အများသိကြပြီး သားပါ။ အကောင်းဆုံး သာဓကတစ်ခုကို တင်ပြရရင်၊ သားသမီးကို မချစ်တဲ့ မိခင်ရယ်လို့ မရှိပါဘူး ဆိုတာပါပဲ။ ပြောချင်တာက မိခင်တိုင်း သားသမီးကို ချစ်တယ်ဆိုတဲ့ အဆိုတစ်ခု ဖြစ်လာပါတယ်။ ဒါပေမယ့် အမှားနှစ်ခုပေါင်းလို့ အမှန်တစ်ခု ဖြစ်မလာပါဘူး။ နှစ်ဖက်လုံး မှားနေကြတဲ့ ကိစ္စကို ဘယ်လိုမျှ မဖြေရှင်းနိုင်ဘူးလေ။ ပြဿနာဖြစ်ဖို့သာ ဦးတည် နေတော့တာပေါ့။

အမျိုးသမီးနှစ်ယောက်ကြားမှာ ဖြစ်ပွားလေ့ရှိတဲ့ ရန်ပွဲတွေကို မကြာခဏ ကြားနေရပါတယ်။ ရန်ပွဲရဲ့ ရင်းမြစ်က အငြင်းပွားမှု၊ စွပ်စွဲ မှုတွေပါပဲ။ သူတို့ရဲ့ ဒေါသက ရန်ပွဲဖြစ်ရတဲ့အထိပဲလေ။ ယောကျ်ားသား တွေဆို သွေးဆူလာပြီဆိုမှဖြင့် လက်တွေ သွေးစွန်းတော့တာပေါ့။ လူသတ် ပွဲတွေရဲ့ ရင်းမြစ်က နှစ်ဖက်ဒေါသကြောင့်ပါပဲ။ လူအုပ်စုနှစ်ခု၊ နှစ်ဖွဲ့၊ နိုင်ငံနှစ်နိုင်ငံအကြားဖြစ်ပွားတဲ့ စစ်ပွဲတွေကို တီဗွီဖန်သားပြင်မှာ မြင်ရ၊ သတင်းစာတွေထဲမှာ ဖတ်ရပါတယ်။ သူတို့ကြားမှာ ဖြစ်ပွားတဲ့ အငြင်း ပွားမှု၊ ကျူးကျော်မှုတွေက ငြိမ်းချမ်းခြင်းကို ဖြိုခွင်းပြီး စစ်ပွဲတွေကို အစပျိုးကာ စစ်ကြီးဖြစ်တဲ့အထိတောင်မှ ဦးတည်စေနိုင်ပါတယ်။ အမှားနှစ်ခု၊ နှစ်ဘက် မှားကြတာဟာ မကောင်းပါဘူး။ ဒီအမှားတွေက ဘယ်တော့မှ အမှန် ဖြစ်မလာနိုင်ပေဘူး။

လူတစ်ယောက်ပဲဖြစ်ဖြစ်၊ နိုင်ငံပဲဖြစ်ဖြစ် သဘောထားကွဲလွဲမှုများပြီဆိုရင် ကျန်တစ်ယောက်၊ တစ်ဖက်က စိတ်ရှည်ပေးသင့်ပါတယ်။ လူနှစ်ယောက်၊ ဒါမှမဟုတ် နိုင်ငံနှစ်ခု သဘောထား ကွဲလွဲ၊ နားလည်မှု ကွဲလွဲပြီဆို သံခင်း တမန်ခင်းနည်းနဲ့ ကြားခံတစ်ဦးက ရင်ကြားစေ့ပေးသင့်ပါတယ်။ ဒီလိုမှ မလုပ်ရင် တည်ငြိမ်မှုကင်းပြီး လူ့အဖွဲ့အစည်းတစ်ခုလည်း နိဂုံးချုပ်၊ ဇာတ်သိမ်းသွားနိုင်ပါတယ်။ အများနှစ်ခုဟာ အမှန်တစ်ခု ဖြစ်မလာပါဘူး။

Birds of the same feather flock together

We have never seen herons and crows flock together. Bats refuge in a dark place like a cave and flock together in the evening in search of food. Parrots feed on fruit and sometimes they flock to the fields of crops for their food. Pigeons refuge in the pigeon holes of the rest house or of a manastery. They usually flock down to the platform for their food. So we say birds of the same feather flock together.

In like manner, villains never befriend with men of good character. A gambler wants other gamblers to play games with. Decent people are problems for the villains. A dacoit leader will organize the dacoit followers to rob the richer people. Most friends of a student are also students. They play together and learn the lessons together in a class. Students go to school together but drunkards go to the public house together. Decent people avoid making friends with a villain or a thief. Thieves move about at night to steal the properties of good people. When we see groups of villains or wicked ones, we say birds of the same feather flock together.

We know that birds of the same species flock together. We see herds of cattle grazing in the pesture. Hunters go to the forest, and fishermen work along the rivers or at sea. They know the shoals of fish to catch. Especially, we say birds of the same feather when we see a group or a gang of villains.

*

Glossary

feather	-	ငှက်မွေး
flock	-	ငှက်အုပ်၊ အုပ်လိုက်ပျံသည်၊
heron	-	ဗျိုင်း
crow	-	ကျီး (ကန်း)
evening	-	နေဝင်ပြီးချိန်၊
refuge	-	ခိုအောင်းနေ
in search of	-	ရှာဖွေရန်
pigeon	-	ခို
rest house	-	ဇရပ်
monastery	-	ဘုန်းတော်ကြီးကျောင်း
In like manner	-	အလားတူပဲ
villains	-	လူဆိုးတွေ
befriend	-	မိတ်ဆွေဖွဲ့သည်
gambler	-	လောင်းကစားသမား
dacoit	-	ဓါးပြ
public house	-	ဘုံဆိုင်၊ အရက်ဆိုင်
shoal of fish	-	ငါးအုပ်

*

သူတော်ချင်းချင်း၊ သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ အသွင်တူမှ အိမ်သူဖြစ်/ ဒီပုတ်ထဲက ဒီပဲ

ဗျိုင်းနဲ့ ကျီး အတူပျံတာ ဘယ်တုန်းကမှ မမြင်ဖူးပါ။ လင်းနို့တွေက မှောင်မှောင်မည်းမည်း၊ ဂူထည်းမှာ နီအောင်းပြီး နေဝင်ပြီးစ မှောင်ရည် ဖျိုးချိန်မှာ အုပ်လိုက်ထွက်လာပြီး အစာရှာကြပါတယ်။ ကြက်တူရွေးတွေက သစ်သီးစားပြီး စိုက်ခင်းတွေဆီ အုပ်လိုက် လာစားတတ်သတဲ့။ ခိုတွေ ကတော့ ဧရပ်နဲ့ ဘုန်းကြီးကျောင်းအချို့တွေမှာ နီအောင်းနေတတ်ပြီး ပလက် ဖောင်း၊ ရင်ပြင်ပေါ်ကို အစာစားဖို့ အုပ်လိုက် ပျံဆင်းလာတတ်ပါတယ်။ ဒါကြောင့် အသွေးအရောင်တူ ငှက်တွေသာ အုပ်လိုက်နေကြတယ်လို့ ပြောစမှတ် ပြုကြတာပါပဲ။

ဒီလိုပဲလေ လူဆိုးတွေဟာ လူကောင်းသူကောင်းတွေနဲ့ မိတ်ဆွေ ဖွဲ့လေ့ မရှိပါဘူး၊ လောင်းကစားသမားကလည်း ကစားသမားကိုပဲ ရှာပေါင်း တာပေါ့။ လူကောင်းသူကောင်းဆိုတာ လူဆိုးတွေအဖို့ ပြဿနာ ဖြစ်ပါတယ်။ ဓားပြခေါင်းဆောင်က လုဖို့ ယက်ဖို့ ဓားပြတွေကိုပဲ မွေးမှာပါ။ ကျောင်းသူ ကျောင်းသားမှာလည်း ကျောင်းသူကျောင်းသား သူငယ်ချင်းတွေနဲ့အတူ ကစားကျောင်းအတူသွား၊ ပညာအတူ သင်ကြတယ်လေ။ ကျောင်းသူ ကျောင်းသားတွေက ကျောင်းကို သွားကြပေမယ့်၊ အရက်သမားတွေကတော့ ဘုံဆိုင် (အရက်ဆိုင်) ကို အတူသွားကြမြဲပါပဲ။ လူရည်မွန်ကတော့ လူဆိုး၊ သူခိုးနဲ့ အပေါင်းအသင်းမဖြစ်အောင် ရှောင်တတ်ပါတယ်။ သူခိုးတွေက

ညမှာ ကျက်စားပြီး လူကောင်းသူကောင်းတို့ရဲ့ ဥစ္စာပစ္စည်းတွေကို ခိုးယူကြပါတယ်။ လူဆိုးတွေ အတူလာတာကို တွေ့ရတဲ့အခါ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက် တွေ့ကြတယ်လို့ ပြောကြပါတယ်။

အသေးတူ၊ မျိုးတူငှက်တွေ အတူ အုပ်ဖွဲ့ပျံကြတာကို သိကြပြီးသားပါ။ ကျွဲနွားအုပ်တွေ စားကျက်မှာ မြက်စား၊ မုဆိုးတွေ တောထဲသွား၊ တံငါသည်တွေက မြစ်ချောင်းနဲ့ ပင်လယ်ကို သွားကြတာ တွေ့ဖူး မှတ်ဖူးပါတယ်။ တံငါတွေက သူတို့ဖမ်းဖို့ ငါးအုပ်တွေရှိရာကို သိကြသတဲ့။ အထူးသဖြင့် လူဆိုးဂိုဏ်းကို တွေ့တဲ့အခါ ဒီပုတ်ထဲက ဒီပဲ၊ အရောင်အသွေး တူတဲ့ ငှက်တွေပါပဲလို့ ပြောစမှတ်ပြုကြပါတယ်။

Monkeys see, monkeys do

Monkeys are animals that closely resemble man. But a monkey has a tail and less intelligence than man. Everyone knows that monkeys are very playful. They live in trees in the forest. They frequently visit the villages. They look how people behave or do. They imitate doing in a way that we do something. Thus we say "Monkeys see, monkeys do".

Monkeys are very clever to climb trees and to walk on branches. They watch what people do from the branches. When men leave the place they climb down and do as men have done earlier. But they don't know why men do it. Like the monkeys, some people try to follow the way of doing something like the successful one. It is because, he or she also wants to be successful; to have a better life and to be more popular. Some young boys and girls try to make themselves to look like the popular film stars. They wear clothes like the film stars or models do. They do not consider whether the clothes are matched with them. When someone succeeded in doing a kind of business, the others follow the way to do so. When someone becomes a popular vocalist, the other practise to be a vocalist. We can say that monkeys see, monkeys do.

Most people imitate the successful ones. But they know nothing about their success. They don't know how they did it and why they are successful. So we say about them "Monkeys see, monkeys do."

*

Glossary

closely resemble - အတော်နီးနီးစပ်စပ်တူ
playful - ဆော့သော။
behave - ပြုမူလုပ်ကိုင်
imitate - အတုယူလိုက်လုပ်၊
branches - သစ်ကိုင်းတွေ
earlier - စောစောတုန်းက
way of doing something - လုပ်ပုံကိုင်ပုံ
look like - ဆင်တူ၊ သဏ္ဍာ ဲန်တူ၊
film stars - ရုပ်ရှင်သရုပ်ဆောင်တွေ
not consider - မတွေးမိကြ
matched with - လိုက်ဖက်မှု
follow the way - လိုက်လုပ်
vocalist - အဆိုတော်

*

အများယောင်လို့ယောင်
အမောင်တောင်မှန်း မြောက်မှန်း မသိ၊

မြောက်တွေဟာ လူနဲ့ အတော်တူတဲ့ သတ္တဝါတွေပါ။ ဒါပေမယ့် မြောက်မှာ အမြီးရှိတယ်၊ အသိဉာဏ်ကတော့ လူလောက် မရှိရှာကြပါဘူး။ လူတိုင်းက မြောက်တွေဟာ အင်မတန်ဆော့ဆိုပဲ။ သူတို့က တောထဲက သစ်ပင်တွေပေါ်မှာ နေကြတယ်လေ။ လူတွေနေတဲ့ ရွာနီးချုပ်စပ်ကို မကြာ မကြာ ရောက်လာတတ်ကြပါတယ်။ လူတွေရဲ့ လုပ်ပုံကိုင်ပုံကို ကြည့်တယ်၊ ပြီးတော့ ကျွန်ုပ်တို့ လုပ်ကိုင်ဆောင်ရွက်ကြသလို အတုခိုးပြီး လိုက်လုပ်ကြတော့တာပါပဲ။ ဒါနဲ့ ကျွန်ုပ်တို့က မျောက်ဆိုတာ မြင်တဲ့အတိုင်း လိုက်လုပ်တတ်ကြတယ်လို့ ပြောရတာပေါ့။

သစ်ပင်ပေါ်တက်ဖို့၊ သစ်ကိုင်းတွေပေါ်မှာ လမ်းလျှောက်ဖို့တော့ မျောက်တွေဟာ အင်မတန်တော်ကြတယ်လေ။ သစ်ပင်ပေါ်ကနေ လူတွေ လုပ်တာကို ကြည့်တယ်။ လူတွေပြန်တော့ သစ်ပင်ပေါ်က ဆင်းပြီး စောစောက လူတွေ လုပ်သလို လုပ်ကြသတဲ့။ ဒါပေမယ့် အဲဒါကို လူတွေ ဘာကြောင့် လုပ်ကြတယ်ဆိုတာကိုတော့ မသိကြပါဘူး။ တချို့လူတွေဟာ မျောက်တွေ လိုပဲ အောင်မြင်တဲ့လူတွေ လုပ်ပုံကိုင်ပုံကို ကြည့်ပြီး လိုက်လုပ်တတ်ကြ ပါတယ်။ အဲဒီလူ အောင်မြင်သလို အောင်မြင်ချင်လို့၊ ထင်ပေါ်ချင်လို့ ပေါ့လေ။ တချို့ လူငယ်ကလေးတွေဆို လူကြိုက်များတဲ့ ရုပ်ရှင်မင်းသမီး မင်းသားတွေ မော်ဒယ်တွေနဲ့ တူအောင် လိုက်လုပ်ကြပါတယ်။ အဲဒီ အဝတ်အစားဟာ သူတို့နဲ့ လိုက် မလိုက် ဆိုတာလည်း မသိကြဘူးပေါ့။

လူတစ်ယောက်ဟာ စီးပွားရေးလုပ်ငန်းမှာ အောင်မြင်လာပြီဆိုရင်လည်း သူလုပ်သလို လိုက်လုပ်တတ်ကြပါသေးတယ်။ တစ်ယောက်ယောက်ဟာ အဆိုတော်အဖြစ် ကျော်ကြားလာပြီဆိုမှဖြင့် သူ့လိုပဲ သီချင်းတွေလိုက်ဆိုကြပြန်ပါရော။ အဲဒီတော့ သူများယောင်လို့ ယောင်၊ အမောင် တောင်မှန်း မြောက်မှန်း မသိဘူးလို့ ပြောရတော့တာပါပဲ။

လူတွေဟာ အောင်မြင်မှုရတဲ့လူတွေ လုပ်တာကိုပဲ လိုက်လုပ်တတ်ကြပါတယ်။ သူတို့ ဘယ်လိုလုပ်ပြီး၊ ဘာကြောင့် အောင်မြင်ကြတယ်ဆိုတာကိုတော့ မသိနားမလည်ကြပါဘူး။ ဒါကြောင့် သူတို့ကို "အများယောင်လို့ ယောင်၊ အမောင် တောင်မှန်း၊ မြောက်မှန်း မသိဘူး" လို့ ပြောရတော့တာပေါ့။

Honey on the edge of the blade
(OR)
The road to hell is paved with good intention

When something is very beautiful, there may be something dangerous. When something inside is of poor quality or dangerous. People decorate the outer covering beautifully. Especially the weapons such as bullets look very beautiful. Therefore we say it honey on the edge of the blade. That is why we say the road to hell is with good intention.

Some beautiful flowers are insect killers. They attract the insects by their beauty. When the insect rests on it and feeds on its nectar, it make its petals close and thus the insect is trapped for her foodsource. Another good example is the earthquake zone around the volcano. it is very productive and attractive. People are attracted to live there. When the volcano erupts the habitants have to run away and many are killed. Some people are very tricky. They pretend to be very rich or educated. They usually try to trap the others by their wiles and wicked ways. They are adventurers and adventuresses. When we see one is going to be trapped, we try to prevent him or her from being trapped. When we can't, we say the road to hell is paved with good intention.

There is no one who does not love beauty. Thus, the wicked persons try to trap ones by means of beauty. They apply tricks and wiles to trap one for their sake. No one can save him or her from danger. He or she is caught in the trap of hunter, we say the road to hell is paved with good intention.

*

Glossary

honey	- ပျားရည်
blade	- ဓားသွား
hell	- သေမင်းပြည်၊ ငရဲ
paved	- လမ်းခင်းပေးသည်၊
poor quality	- အရည်အသွေးညံ့
decorate	- အလှဆင်သည်၊
outer covering	- အပြင်၊ အပေါ်ယံအဖုံး
weapons	- လက်နက်များ
bullets	- ကျည်ဆံတွေ
nectar	- ဝတ်ရည်
petals	- ပွင့်ဖတ်များ
earthquake zone	- ငလျင်ဇုံ
volcano	- မီးတောင်
productive	- မြေသြဇာကောင်း၊ --ဖြစ်ထွန်းသော
attractive	- မက်မောဖွယ်ကောင်းသော
erupt	- မီးတောင်ပေါက်ကွဲ
tricky	- ဉာဏ်များသော၊
pretend	- ဟန်ဆောင်သည်၊
wiles	- မာယာ
adventurer	- သိုက်သမား
adventuress	- ပိုင်းလုံးမ
sake	- အကျိုး ကောင်းစာရေး
by means of	- နည်းလမ်းအရ

*

ဓားသွားထက်က ပျားရည်စက် (သို့မဟုတ်) အလှဆင်မြန်း အန္တရာယ်လမ်း

တစ်စုံတစ်ရာဟာ အင်မတန်လှနေပြီဆိုမှဖြင့် အန္တရာယ်တစ်ခုခုတော့ ရှိနေနိုင်ပါတယ်။ အထည်းက အရည်အသွေး ညံ့မယ်၊ အန္တရာယ်များမယ် ဆိုရင် အပြင်က တတ်နိုင်သလောက် အလှဆင်ထားတတ်ကြပါတယ်။ ကျည်ဆံတွေလို လှသတ်လက်နက်တွေဟာ သိပ်လှတာပေါ့။ ဒီတော့ ဓားသွားပေါ်က ပျားရည်စက်လို့ ပြောနိုင်ပြီလေ။ အလှဆင်မြန်း အန္တရာယ်လမ်းလို့လည်း ပြောရတော့တာပေါ့။

လှပတဲ့ ပန်းတချို့ဟာ ပိုးသတ်သမားတွေပါပဲ။ သူတို့ရဲ့အလှနဲ့ ပျားပိတုန်းဆိုတဲ့ ပိုးမွှားတွေကို ဆွဲဆောင်ညှို့ယူကြတယ်လေ။ ပိုးကောင်က သူတို့ပေါ်မှာ နားပြီး ဝတ်ရည်ကို စားသုံးကြတဲ့အခါ ပွင့်ဖတ်တွေကို ပိတ်ပြီး သူတို့ရဲ့အစာအဖြစ် ဖမ်းစားလိုက်တော့တာပါပဲ။ နောက် ဥပမာတစ်ခုက မီးတောင်ဝန်းကျင်က လျှောင်ဖုံပဲပေါ့။ မြေဩဇာကလည်းကောင်း၊ မက်မောစရာလည်း ဖြစ်တယ်လေ။ လူတွေက အဲဒီနေရာမှာ နေချင်ကြတာပေါ့။ မီးတောင်လည်း ပေါက်ကွဲပါလေရော။ ကသောကမျောနဲ့ ပြေးကြယုံပဲလေ။ သေသူသေ ကြေသူကြေပေါ့။ လူတချို့ဟာ အတော်ဥာဏ်များကြပါတယ်။ ကျိုကျိုတက် ချမ်းသာသလိုလို၊ ပညာတတ်သလိုလိုနဲ့ အမိဖမ်းကြသတဲ့။ သိုက်သမားတွေ၊ ပိုင်းလုံးမတွေပဲပေါ့နော်။ ကျွန်ုပ်တို့က အမိဖမ်းမခံရအောင် ကြိုးပမ်းကြပေမယ့် မဖြစ်နိုင်တဲ့အခါ အလှဆင်မြန်း အန္တရာယ်လမ်းကို သွားပြီလို့ ပြောကြရုံပဲလေ။

အလှအပကို မမက်မောတဲ့သူရယ်လို့ မရှိပါဘူး။ ဒါကြောင့်လည်း အလှကို ဗန်းပြပြီး ဖမ်းစားကြတာပါပဲ။ သူတို့အကျိုးအတွက် ဉာဏ်နီဉာဏ်နက်တွေ၊ မာယာထောင်ချောက်တွေ သုံးပြီး ဖမ်းစားတဲ့အခါ ဘယ်သူမျှ မကယ်နိုင်ကြပါဘူး။ မုဆိုးရဲ့ထောင်ချောက်မှာ အမိဖမ်းခံရသူကို အလှဆင်မြန်းအန္တရာယ် လမ်းအတိုင်း သွားပြီလို့ ပြောရုံသာရှိပါတော့တယ်။

Sticks and stones may break my bones, but words will never hurt me

Naturally, people live in society. They communicate one another by using their languages. Their terms are different according to their status and environment. Some are polite and soft but some are rude and violent. Some are steady in mind but some are flexible. As for me, whatever they say about me or even dispraise me, I consider words will never hurt me.

In sports and games, it is natural that winners are praised and honoured but losers are dispraised and blamed. In competitions, such as essay competitions, model show or competitions, winners are praised and honoured. The rest of the failure feel inferior. When someone becomes successful in business, others feel jealous and talk about him or her jealously. Especially, women usually gossip about the wearing style of the others. I consider that she is she. When the examination results are out; the students who pass the examination have gladdened faces with joy. They are praised by their parents teachers and their relatives. But the others who fail in the examination feel sorry and depressed. They are dispraised for their failure.

Praising and dispraising are the nature of human beings. Some are fond of gossiping. Although words of praising are welcomed, dispraising and gossips mean to degrade the oth-

ers. However, these words will be faded away in a few days. As for me sticks and stones may break my bones, but words will never hurt me.

*

Glossary

communicate	- ဆက်သွယ်၊ ဆက်ဆံပြောဆိုသည်။
in society	- လူ့အသိုင်းအဝိုင်း၊ အဖွဲ့အစည်း
one another	- တစ်ယောက်နဲ့တစ်ယောက်၊
terms	- စကားအသုံးအနှုန်း၊
status	- အဆင့်အတန်း၊
polite and soft	- ယဉ်ကျေးသိမ်မွေ့
rude and violent	- ရိုင်းစိုင်းကြမ်းတမ်း
steady in mind	- တည်ကြည်ဖြောင့်မတ်၊
flexible	- အပြောင်းအလဲများ
felt inferior	- စိတ်ဓာတ်ကျ၊ အားငယ်၊
jealous	- သဝန်တိုသော၊
gossips	- အတင်းပြောသည်၊
wearing style	- ဝတ်ပုံစားပုံ
she is she	- မိန်းမဟာ မိန်းမပဲ။
examination results	- စာမေးပွဲအောင်စာရင်းတွေ
gladdened faces	- မျက်နှာကြီးတွေ ဝင်းနေ
with joy	- ချမ်းမြေ့ပြီး
depressed	- စိတ်ဓာတ်ကျ
faded away	- ပျောက်ပျက်သွား၊
fond of	- နှစ်သက်စုံမင်သော
degrade	- အောက်တန်းကျ၊ နှိမ့်ချ၊

*

ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်

လူတွေဟာ သဘာဝအားဖြင့် အဖွဲ့အစည်း၊ အသိုင်းအဝန်းနဲ့နေကြသူတွေပါ။ သူတို့ရဲ့ ဘာသာစကားတွေကို သုံးပြီး တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံပြောကြားကြတယ်လေ။ ပြောကြားကြတဲ့ စကားအသုံးအနှုန်းတွေကတော့ သူ့အဆင့်နဲ့ သူ၊ သူ့ပတ်ဝန်းကျင်စရိုက်အရပါပဲ။ တချို့က ယဉ်ကျေးသိမ်မွေ့ကြပြီး၊ တချို့ကတော့ ရိုင်းစိုင်း ကြမ်းတမ်းကြပါတယ်။ အချို့က တည်တည်ကြည်ကြည်၊ တချို့ကတော့ ဗလောင်းဗလဲ များပါတယ်။ သူတို့တွေ ကျွန်ုပ်ကို ဘာပဲပြောပြော၊ ကဲ့ရဲ့ချင် ကဲ့ရဲ့ပါစေ ကျွန်တော်ကတော့ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ပဲလို့ ယူဆထားပါတယ်။

အားကစားပွဲတွေမှာ အနိုင်ရသူတွေကို ချီးမွမ်းဂုဏ်ပြုကြပြီး၊ ရှုံးသူတွေကို ပြစ်တင်ရှုံ့ချကြတာဟာ သဘာဝပဲပေါ့။ စာစီစာကုံးပြိုင်ပွဲတွေ၊ ယဉ်ကျေးမောင်မယ်ပြိုင်ပွဲတွေမှာ အနိုင်ရသူတွေကို ချီးမွမ်းဂုဏ်ပြုကြတယ်လေ။ ကျန် အရေးနိမ့်သူတွေက စိတ်မချမ်းမြေ့ဘူးပေါ့။ တစ်ယောက်တလေ စီးပွားရေးလုပ်ငန်း အောင်မြင်ပြီဆိုရင် တခြားသူတွေက သဝန်တိုတတ်ကြတယ်လေ။ မနာလိုတဲ့ စကားတွေ ပြောတတ်ကြပါသေးတယ်။ အမျိုးသမီး လောကမှာ ဝတ်ပုံစားပုံတွေကို အတင်းချတတ်ကြပါတယ်။ မိန်းမဟာ မိန်းမပဲလို့ သဘောထားမိပါတယ်။ စာမေးပွဲအောင်စာရင်း ထွက်တဲ့အခါ အောင်သူတွေက ပျော်လို့မြူးလို့၊ မိဘဆရာနဲ့ ဆွေမျိုးဉာတကာတို့ရဲ့ ချီးမွမ်းမှုလို ခံကြရပါတယ်။ ကျရှုံးသူတွေကတော့ စိတ်ဓာတ်တွေကျလို့ပေါ့။

အကဲ့ရဲ့တောင် ခံရသေး။ သူတို့ရဲ့ ကျူးမှုအတွက် စိတ်မခတ်ကျရတယ် လေ။

ချီးမွမ်းတာ၊ ကဲ့ရဲ့တာဟာ လူ့သဘာဝပါ။ အတင်းပြော ဝါသနာပါ သူက ပါတယ်လေ။ ချီးမွမ်းစကားတွေကို ခံယူချင်ကြပါတယ်။ အတင်း အဖျင်းနဲ့ ကဲ့ရဲ့ခြင်းတွေကတော့ တစ်ဖက်သားကို နှိမ့်ချတာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီစကားတွေဟာ ရက်အနည်းငယ်အတွင်းမှာ ပျောက်ပျက် သွားကြမှာပါ။ တုတ်တွေခဲတွေက အရိုးတွေကို ကျေမွသွားစေပေမယ့် စကားတွေကတော့ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ပါပဲ။



The tail wagging the dog
(OR)
Put the cart before the horse

The world of human beings is very strange. We can notice the unusual happenings frequently. Sometimes, men of a little knowledge order the decent people. Men of bad character teach the community and make the discipline. Then we say the tail wagging the dog.

When everything is in order, it looks very graceful. Everybody has his or her responsibility. Workers go to the worksite and the students go to school. Teachers teach the young children and doctors treat the patients. A mother looks after her children and a father must earn money for the family. Farmers sow the crops and engineers build and buildings. A doctor should not grow the paddy as well as a farmer should not treat the patient. Similarly a student should not teach the teachers. Or else, the community or the society will be in disorder. Such a situation can be said the tail wagging the dog or put the cart before the horse.

When everybody is dutiful in his or her respective business, the society develops. If the community runs disharmoniously, it will come to an end one day. Like a doctor or a teacher, a farmer is important for the country. Or else, such community is like a picture hanging upside down. When a person of little knowledge teach the educated ones, we say the tail wagging the dog, or putting the cart before the horse.

*

Glossary

tail	- အမြီး
unusual	- သမားရိုးကျမဟုတ်၊ ဆန်းကြယ်သော
frequently	- မကြာခဏ
decent people	- လူကောင်းသူကောင်းတွေ
bad character	- ကိုယ်ကျင့်ဆိုးရွားသူတွေ
community	- လူစု၊ ရပ်ကွက်၊ ကျေးရွာ၊
wagging	- နှံ့ (အမြီးနှံ့)
discipline	- စည်းမျဉ်း၊ စည်းကမ်း
in order	- အစီအစဉ်တကျ၊
looks graceful	- ကျက်သရေရှိ
responsibility	- တာဝန်ဝတ္တရား
treat	- ပြုစုကုသ
patient	- လူမမာ/ လူနာ
earn money	- ငွေရှာ
paddy	- စပါး
Or else	- ဒီလိုမှ မဟုတ်ရင်
disorder	- အစီအစဉ်မကျ၊ ပျက်စီး
respective business	- ဆိုင်ရာလုပ်ငန်း
runs	- လည်ပတ်လုပ်ကိုင်
disharmoniously	- ဟန်ချက်မညီ၊
come to an end	- ဆုံးခန်းတိုင်၊ နိဂုံးချုပ်၊
hanging upside down	- ဇောက်ထိုးဆွဲထား

*

မိချောင်းမင်းရေခင်းပြ (သို့) နွားရှေ့ထွန်ကျူး

လူ့လောကကြီးဟာ အတော့်ကို ဆန်းကြယ်ပါပေတယ်။ မတော်တရော်တွေ မကြာခဏ ဖြစ်ပျက်နေတာတွေကို သတိထားကြည့်နိုင်ပါတယ်။ အသိပညာ ခေါင်းပါးသူက လူကောင်းသူကောင်းတွေကို ဩဇာပေးနေတာတွေလည်း ရှိပါရဲ့။ ကိုယ့်ကျင့်တရား ခေါင်းပါးသူက လူကောင်းတွေကို ဆိုဆုံးမ၊ စည်းကမ်းတွေကို ပြလို့ပေါ့။ ဒီတော့ မိချောင်းမင်း ရေခင်းပြ၊ နွားရှေ့ ထွန်ကျူးလို့ ပြောရတော့တာပါပဲ။

အရာခပ်သိမ်းဟာ သူ့နေရာနဲ့ သူ့အစီအစဉ်တကျရှိတဲ့အခါ အင်မတန်ကျက်သရေရှိပါတယ်။ လူတိုင်းလူတိုင်းမှာ တာဝန်ကိုယ်စီ ရှိကြသည်ပဲပေါ့။ အလုပ်သမားတွေက အလုပ်စခန်းကိုဝင်၊ ကျောင်းသားကျောင်းသူအပေါင်းက စာသင်ခန်းကို ဝင်ပေါ့။ ဆရာက ခလေးတွေကို စာသင်၊ ဆရာဝန်က လူနာတွေကို ကုသရမှာပါ။ မိခင်ဖြစ်သူက သားသမီးတွေကို စောင့်ရှောက်၊ ဖခင်က မိသားစုအတွက် ငွေရှာရမယ်လေ။ လယ်သမားက လယ်လုပ်၊ အင်ဂျင်နီယာက အဆောက်အဦတွေ ဆောက်ကြပါတယ်။ ဆရာဝန်က စပါးစိုက်ပြီး လယ်သမားက ဆေးကုလို့ ဘယ်သင့်လျော်ပါ့မလဲ။ ဒီလိုပဲလေ ကျောင်းသားက ဆရာတွေကို စာသင်လို့ မဖြစ်သင့်ဘူး။ ဒီလိုမှ မဟုတ်ရင် ဒီလူစု၊ ဒီအဖွဲ့အစည်းဟာ ကပြောင်းကပြန်တွေ ဖြစ်ကုန်မှာပေါ့။ ဒီလို အခြေအနေမျိုးကို မိချောင်းမင်း ရေခင်းပြ၊ နွားရှေ့ ထွန်ကျူးတယ် လို့ ပြောရမှာပါ။

လူတိုင်းဟာ ကိုယ့်တာဝန်ကိုယ် ကျေကြပြီဆိုရင်၊ ဒီလူ့အဖွဲ့အစည်းဟာ တိုးတက်တော့တာ အမှန်ပဲ။ လူ့အဖွဲ့အစည်းဟာ ကမောက်ကမ ပြောင်းတီပြောင်းပြန် ဖြစ်နေပြီဆိုရင်တော့ တစ်နေ့မှာ ဇာတ်သိမ်းသွားရမှာ အမှန်ပါပဲ။ ဆရာဝန်လို၊ ကျောင်းဆရာလိုပဲ လယ်သမားလည်း တိုင်းပြည်အတွက် အရေးပါလှပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ဒီလူ့အဖွဲ့အစည်းဟာ ဇာတ်ပုံ၊ ပန်းချီကားတစ်ချပ်ကို ဖောက်ထိုးဆွဲထားသလို နေမှာပေါ့။ ပညာမဲ့တဲ့သူက ပညာရှင်တွေကို ဆရာလုပ်ရင် မိချောင်းမင်း ရေခင်းပြ၊ နွားရှေ့ထွန်ကျူးလို့ ပြောနိုင်ပါတယ်။

A rose by any other name would smell as sweet (OR) Put silk on a goat and it's still a goat

A rose is a beautiful and sweet-smelling flower with thorns on its stem.There are different colours of roses, red, pink, white, cream or yellow. People recognize that the red rose is the token of love. One can propose a girl by giving a red rose to her. It you named a rose another name, it would smell as sweet.

People say life is full of struggles. The way of life is always changing. It depends upon times and situation. Very decent and educated people may be at the lowest level in society. They may lose the chances for the proper level. Whatever their level is, they are really decent educated people. We say a rose by any other name would smell as sweet. Then the men of little knowledge may be at the upper level. They behave and speak as if they are noblemen in a high tone. However, we can say whoever put silk on a goat, and it is still a goat.

At any time of situation, educated people of good character are able to overcome the difficulties. Uneducated villains can't compare with them. Then we say a rose by any other name will smell as sweet. Whenever put silk on a goat and it is still a goat.

*

Glossary

thorns	- ဆူးတွေ
stem	- ရိုးတံ
token	- အမှတ်သင်္ကေတ
propose	- အချစ်ရေးဆို
struggles	- ရုန်းကန်မှုတွေ
way of life	- ဘဝလမ်းကြောင်း
depend upon	- အခြေခံ၊ မူတည်
times	- ခေတ်
decent	- ကောင်းမွန်၊ ရည်မွန်သော
lowest level	- အောက်ဆုံးအဆင့်
proper	- အမှန်၊ အကန်၊
little knowledge	- ပညာမဲ့၊
as if	- သည့်နှယ်၊ ဖြစ်ဘိအလား
noblemen	- သူကောင်းမျိုးတွေ
silk	- ပိုးထည်
uneducated	- ပညာမဲ့၊ စာမတတ် ပေမတတ်
overcome	- ကျော်လွှားနိုင်၊
of good character	- အကျင့်သီလရှိသူတွေ

*

နဂိုရှိမှ နဂိုထီးထွက်

နှင်းဆီဆိုတာ ဆူးတွေ ဝန်းရံခြင်း၊ ရနံ့သင်းနေတဲ့ ပန်းအလှတစ်မျိုး ပါပဲ။ နှင်းဆီတွေက အနီရောင်၊ ပန်းရောင်၊ အဖြူရောင်၊ နို့နှစ်ရောင်နဲ့ အဝါရောင်ရယ်လို့ အရောင်ပေါ် မူတည်ပြီး အမျိုးမျိုးကွဲပြားပါတယ်။ နှင်းဆီနီကို ချစ်ခြင်းမေတ္တာရဲ့ သင်္ကေတလို့ မှတ်ယူထားကြပါတယ်။ နှင်းဆီနီ ကလေးပေးပြီး မိန်းခလေးတစ်ဦးကို ချစ်ရေးဆိုတတ်ကြပါတယ်။ နှင်းဆီကို ဘယ်လိုပဲ အမည်ပြောင်းပြောင်း သူ့အဆင်းနဲ့ သင်းပျံ့တဲ့ ရနံ့ကတော့ ဒီအတိုင်း လှမြဲ လှနေမှာ၊ မွှေးမြဲ မွှေးနေမှာပါပဲ။

ဘဝဆိုတာ ရုန်းကန်နေရခြင်းပဲလို့ အဆိုရှိပါတယ်။ ဘဝရဲ့ လမ်းကြောင်းက တစ်သမတ်တည်းမဟုတ်ဘူး၊ အပြောင်းအလဲတွေ ရှိတတ်မြဲ ပါ။ ဒါဟာ ခေတ်နဲ့ စနစ်ပေါ်မှာ အခြေခံတယ်လေ။ စာတတ်ပေတတ် လူတော်လူကောင်းတွေဟာ လူ့အဖွဲ့အစည်းတစ်ခုမှာ အောက်တန်းကျရင် ကျနေပါလိမ့်မယ်။ သူတို့နဲ့ ထိုက်တန်တဲ့နေရာတွေနဲ့ အခွင့်အလမ်းတွေကို ဆုံးရှုံးကောင်း ဆုံးရှုံးနေကြပေလိမ့်မယ်။ ဒါပေမယ့် လူတော်တွေကတော့ လူတော်တွေပါပဲ။ နဂိုရှိရင် နဂိုဏ်းထွက်တယ်လို့ ဆိုရမှာပေါ့။ စာမတတ် ပေမတတ်တဲ့သူတွေက အထက်တန်းကျကျ ဖြစ်နေကြတာလည်း ရှိပါ တယ်။ သူတို့ကိုယ် သူတို့ အထက်တန်းမှာ သူကောင်းမျိုးဟန်နဲ့ အခြေ ကြီးကြီး ပြောတတ်ဆိုတတ်ကြပါတယ်။ ဘာပဲပြောပြော (လင်းတပါပဲ) ဆိတ်ကို ပိုးထည်ဆင်ပေးလည်း ဆိတ်ဟာ ဆိတ်ပါပဲ။

ဘယ်လိုအခြေအနေမျိုး ရောက်ရောက် အကျင့်သီလရှိတဲ့ ပညာတတ်တွေဟာ အရာရာကို ကျော်လွှားနိုင်ကြပါတယ်။ ပညာမဲ့တဲ့ လူဆိုးတွေနဲ့တော့ မယှဉ်လိုက်ပါနဲ့။ ပြောချင်၊ မှာချင်တဲ့စကားက နဂိုရှိမှ နဂိုဏ်းထွက်တယ် ဆိုတာပါပဲ။

When the cat is away, the mice will play

A cat is a small domestic, fur covered animal. People usually keep them as pets to catch mice. So, mice keep quiet when they see a cat or hear the mewing of a cat. Mice are afraid of cats. When there is no cat, mice begin to rise up.

In the same way, we have parents, teachers as well as leaders to give respect to. When our father is at home, we the sons and daughters keep quiet and put on an air of dignity. When father is away, we talk and play happily. At school, we are silent before the teachers when they are out, we talk and play noisily. In like manner, the staff are working before their in-charge or officers. When their head of the department leaves, they talk and do their personal affairs or whatever they like. It is natural when the person in authority is away, the staff or the workers are free to do what they like. Thus we say, when the cat is away, the mice will play.

It is known that the elders or the man in authority are naturally strict. Their followers or the staff and workers have to obey their orders and work dutifully. When the elders are away, they get released and talk and do what they like. This is like the mice playing when the cat is away.

*

Glossary

mice - ကြွက်တွေ၊
keep-as pets - အိမ်မွေးတိရစ္ဆာန်အဖြစ်ထား
fur - တိရစ္ဆာန်အမွေး၊ သားမွေး
keep quiet - ငြိမ်ငြိမ်နေ၊
rise up - ထကြွသောင်းကျန်း
In the same way - အလားတူပဲ၊
give respect - အရိုအသေပြု၊ ဂါရဝထား
put on an air of dignity - ဣန္ဒြေ ဆောင်
In like manner - အလားတူပဲ
staff - ဝန်ထမ်းတွေ
incharge - အကြီးအကဲ
head of department - ဌာနအကြီးအကဲ
personal affair - ကိုယ်ရေးကိုယ်တာတွေ
whatever they like - သူတို့ကြိုက်တာ
person in authority - အာဏာရှိသူ
free - အာကပ်သော၊
elders - အကြီးအကဲတွေ
strict - စည်းကမ်းကြီး၊ တင်းကျပ်
get released - သက်သာရာရ

*

ကြောင်မရှိကြွက်ထ

ကြောင်ဆိုတာ အမွေးတွေရှိတဲ့ အိမ်မွေးတိရစ္ဆာန်ကလေးပါပဲ။ လူတွေက ကြောင်ကို ကြွက်တွေဖမ်းဖို့ အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးထားကြပါတယ်။ ဒီတော့ ကြွက်တွေဟာ ကြောင်ကို တွေ့ရရင်၊ ကြောင်အော်သံကြားရရင် ငြိမ်နေကြတယ်လေ။ ကြွက်တွေဟာ ကြောင်ကို ကြောက်ကြပါတယ်။ ကြောင်မရှိတဲ့အခါ ကြွက်တွေ သောင်းကျန်းကြပါလေရော။

အလားတူပါပဲ၊ ကျွန်ုပ်တို့မှာ လေးစားကြရမယ့် မိဘတွေ၊ ဆရာသမားကျေနဲ့ ခေါင်းဆောင်ဦးစီးဦးရွက်ပြုသူတွေ ရှိပါတယ်။ အဖေအိမ်မှာရှိရင် ကျွန်ုပ်တို့ သားသမီးတွေဟာ ငြိမ်ကုပ်ပြီး ရှိနေကြပါတယ်။ အဖေလည်း ထွက်သွားရော တပျော်တပါး ဆော့ကြတယ်လေ။ ကျောင်းမှာဆိုရင် ဆရာ၊ ဆရာမရှေ့မှာ ငြိမ်ငြိမ်နေရပါတယ်။ သူတို့လည်း ထွက်သွားရော၊ စကားတွေ ပြောကြ၊ ဆော့ကြနဲ့ ဆူညံနေတာပါပဲ။ ဒီနည်းအတိုင်းပဲ ဝန်ထမ်းတွေဟာ အရာရှိရှေ့မှာ အလုပ်လုပ်နေကြပါတယ်။ သူတို့ရဲ့ဌာနအကြီးအကဲလည်း ထွက်သွားရော စကားတွေ ပြောကြ၊ ကိုယ့်ကိစ္စကိုယ်လုပ်၊ သူတို့ကြိုက်တာလုပ်ကြတော့တာပေါ့။ ဒါကို ကျွန်ုပ်တို့က ကြောင်မရှိကြွက်တွေ ထတယ်လို့ ပြောလေ့ရှိကြပါတယ်။

အကြီးအကဲ၊ အာဏာရှိတဲ့သူဆိုတာ သဘာဝအားဖြင့် စည်းကမ်းတင်းကြပ်သူတွေ ဖြစ်ကြပါတယ်။ သူတို့ရဲ့ အောက်လက်ငယ်သား၊ ဝန်ထမ်းတွေက သူတို့ရဲ့ အမိန့်ညွှန်ကြားကို နာခံပြီး အလုပ်လုပ်ကြရပါတယ်။ အကြီးအကဲတွေ မရှိရင် သူတို့သက်သာရာရကြပြီး၊ စကားတွေပြောကြ၊ နှစ်သက်ရာလုပ်ကြနဲ့ပေါ့လေ။ ဒါ ဘာနဲ့ တူသလဲဆိုရင် ကြောင်မရှိ၊ ကြွက်တွေသောင်းကျန်းကြတာနဲ့ အတူတူပဲပေါ့။

❒

A bad workman blames his tools

We have seen the works of craftmen, artists, architects, sculptors, authors and poets of different times in history. We also have such skillful personalities of our time. But there are also some charlatans. They never say their work is poor. They usually blame their tools.

There are some lazy ones who know how to do or make things well. However, they do or make things carelessly or slovenly. Sometimes they put off the work giving various reasons. Then they carry out their task hurriedly and make the things of poor quality. They never say they are bad, they blame their tools. Some have a little skill, but they behave just like a skilled worker. They make the things blindly or vaguely. Then they give the imperfect prodnets. They argue that they are skillful but they blame their tools. Some people usually give reasons why they have failed in their work. They never confess that they have little knowledge. Then they still argue that they are skilled.

We must say it is the nature of man that they dare not confess about their little knowledge. They have different reasons for their failure. Among them the charlatans are the worst of all. They always blame their tools.

*

Glossary

blame	-	အပြစ်တင်သည်
craftmen	-	လက်မှုပညာအလုပ်
architects	-	ဗိသုကာပညာရှင်တွေ
sculptors	-	ပန်းပု ပညာရှင်တွေ
authors and poets	-	စာရေးဆရာတွေ၊ ကဗျာဆရာတွေ
personalities	-	အကျော်အမော်ပုဂ္ဂိုလ်များ
charlatans	-	တတ်ယောင်ကားတွေ
carelessly	-	လက်လွတ်စပယ်၊ ပေါ့ပေါ့ဆဆ
slovenly	-	ဖြစ်ကတတ်ဆန်း
put off	-	ရွှေ့ဆိုင်း၊ ဆိုင်းငံ့
hurriedly	-	အလျှင်စလို
poor qualities	-	အညံ့စားတွေ
skilled workers	-	ကျွမ်းကျင်လုပ်သားတွေ
blindly	-	ဆင်ကန်းတောတိုး
vaguely	-	စမ်းတဝါးဝါး
argue	-	ငြင်းခုန်
nature of man	-	လူ့သဘာဝ
failure	-	မအောင်မြင်မှု၊ ကျရှုံးမှု
the worst of all	-	အဆိုးဆုံး၊ အဖျင်းဆုံး

*

လူမတန် ကံပုံချ

ကျွန်ုပ်တို့တတွေဟာ သမိုင်းခေတ်အဆက်ဆက်က လက်မှုပညာသည်တွေ၊ ပန်းချီဆရာတွေ၊ ဗိသုကာပညာရှင်တွေ၊ ပန်းပုပညာရှင်တွေနဲ့ စာရေးဆရာ ကဗျာဆရာတွေရဲ့ လက်ရာတွေကို တွေ့ဖူး၊ မြင်ဖူးကြပါတယ်။ ကျွန်ုပ်တို့ခေတ်မှာလည်း ကျွမ်းကျင်တဲ့ အကျော်အမော်ပညာရှင်တွေ ရှိကြပါတယ်။ ဒါပေမယ့် တချို့ကတော့ တတ်ယောင်ဝါးတွေပါ။ သူတို့ရဲ့ လက်ရာ ညံ့ဖျင်းပါတယ်လို့ ဘယ်တော့မှ မပြောကြပါဘူး။ ပစ္စည်းမကောင်းလို့ပါ ဟူ၍သာ တွင်တွင် အပြစ်ဖို့နေကြပါတယ်။

တကယ်တတ်ကျွမ်းတဲ့ လူပျင်းတွေလည်း ရှိပါသေးတယ်။ ဒါပေမယ့် အလုပ်ကို လက်လွှတ်စပယ်၊ ဖြစ်ကတတ်ဆန်း လုပ်တတ်ကြပါတယ်။ တစ်ခါတလေတော့ အကြောင်းအမျိုးမျိုးပြပြီး အလုပ်ကို ဟိုနှေးရွှေ့၊ ဒီနှေးရွှေ့ လုပ်တတ်ကြပါသေးတယ်။ ပြီးတော့ အလုပ်ကို အလျှင်စလိုနဲ့ အညံ့စားတွေကိုပဲ လုပ်တတ်ကြပါတယ်။ သူတို့ ညံ့ပါတယ်လို့ မပြောဘဲနဲ့ ပစ္စည်းမကောင်းလို့ဆိုပြီး ပြစ်တင်ကြတယ်လေ။ တချို့ကတော့ မကျွမ်းကျင်ပေမယ့် တကယ့်ကျွမ်းကျင်သူတွေလို ပြုမူနေထိုင်တတ်ကြပါတယ်။ အလုပ်ကို ဆင်ကန်းတောတိုး၊ စမ်းတဝါးဝါးနဲ့ လုပ်ကြတာပါပဲ။ ထွက်လာတဲ့ ပစ္စည်းတွေက မတော်တရော်တွေပဲပေါ့။ သူကတော့ တော်ပါတယ်၊ ပစ္စည်းမကောင်းလို့ပါ ဆိုပြီး ဆင်ခြေပေးကြပြန်တယ်။ တချို့က အလုပ်မဖြစ်တဲ့ ကိစ္စကို အကြောင်းအမျိုးမျိုး ပြတတ်ကြပြီး သူတို့မတတ်တာကို ဝန်မခံကြပါဘူး။ သူတို့ တတ်ပါတယ်၊ တော်ပါတယ်လို့ ပြောကြတုန်းပါပဲ။

ကိုယ်မတတ်တာ၊ နားမလည်တာကို ဝန်မခံရဲတာဟာ လူ့သဘာဝ လို့ပဲ ပြောရတော့မှာပေါ့။ ကိုယ်အသုံးမကျတာကို အကြောင်းပြဖို့ သူတို့မှာ အများကြီးရှိပါတယ်။ အားလုံးထဲမှာ တတ်ယောင်ကားတွေက အဆိုးဆုံးပဲ ပေါ့။ လူမတန် ကံပုံချတတ်ကြသူတွေပဲ ဖြစ်ပါတယ်။

Money does not grow on trees

People earn money in different ways. They earn money for himself and for his family. Without money, they can't survive. To them money is the second God. For it they have to invest their labour, their skill or their technology and the arts. They know very well that money does not grow on trees.

People have been busy to earn money since before daybreak. Not only men but also women are fluttering to and fro for the purpose of money. They are of different classes, hawkers, tri-shaw men, shopkeepers as well as the drivers and so on. Without work they get no money. No money means no income. Then how can they spend money on food, clothing and sheltter? Man cannot survive without these basic needs. Some try in wicked ways to get money. They are pickpockets, thieves, dacoits and robbers who usually comit the crimes. Some who get money without working are beggars. People can buy in the market what they want with money. They spend money on clothes, on food, on education, and on their health, as well as on their social and religious affairs. For them, money does not appear by means of magic.

Money has different names in different sectors such as; cash, currency, exchange, coins and bank-notes. From tri-shaw men to the king, all people love money. Some are money hunters and some worship money. Money play the vital role in society but it never grows on trees.

*

Glossary

earn - ရအောင် ရှာကြံသည်၊
survive - ရှင်သန်သည်။
To them - သူတို့အဖို့
For them - သူတို့အတွက်
the second God - ဒုတိယဘုရားသခင်
invest - ရင်းနှီးမြှုပ်နှံသည်
labour - ကာယလုပ်အား
skill, technology - ကျွမ်းကျင်မှု၊ နည်းပညာ
arts - ဝိဇ္ဇာ ၁ အနုပညာ၊
daybreak - မိုးသောက်ချိန်
fulttering (fluster) - ပျာယာခပ်နေ၊
to and fro - ဟိုဟိုဒီဒီ
different classes - လူတန်းစား အမျိုးမျိုး
hawkers - ဆောင်ရွက်ဗျပ်ထိုးဈေးမည်၊
trishaw men - ဆိုက်ကားသမားတွေ၊
shopkeepers - ဆိုင်ရှင်တွေ
dirvers - (ဒရိုင်ဘာ) ကားဆရာတွေ
income - ဝင်ငွေ
shelter - နေစရာ၊
wicked ways - ယုတ်မာသည့် နည်းလမ်းများ၊
pickpockets - ခါးပိုက်နှိုက်တွေ၊
Thieves and dacoits - သူခိုးဓားပြတွေ၊
robbers - လုယက်သူတွေ
comit the crime - ရာဇဝတ်မှု ကျူးလွန်ကြ
beggars - သူတောင်းစားတွေ
social and religious - လူမှုရေး၊ ဘာသာရေး
by means of magic - မှော်တံခိုး နည်းလမ်းအရ

in different sectors - ကဏ္ဍအသီးသီးမှာ
cash - ငွေသား
currency - လည်ပတ်သုံးစွဲငွေ
exchange - လဲလှယ်ရေး ကိရိယာ
coin - ဒင်္ဂါး
bank-notes - ငွေစက္ကူ။

*

ငွေဆိုတာ တွင်းထဲက နှိုက်ယူလို့မရ

လူတွေဟာ ငွေကို နည်းလမ်းပေါင်းစုံနဲ့ ရှာကြံနေကြပါတယ်။ သူတို့ ငွေရှာရတာဟာ သူ့အတွက်၊ သူ့မိသားစုအတွက်ပါပဲ ငွေမရှိပဲနဲ့တော့ သူတို့ ဘယ်ရှင်သန်နိုင်ပါမလဲ။ သူတို့အဖို့ ငွေဟာ ဒုတိယဘုရားသခင်တဲ့။ အဲဒီ အတွက် သူတို့ရဲ့ ကာယလုပ်အားတွေ၊ ကျွမ်းကျင်မှုတွေဆိုတဲ့ နည်းပညာ တွေ၊ ဝိဇ္ဇာ ၁အနုပညာအတတ်တွေကို ရင်းနှီးကြရတယ်လေ။ ပိုက်ဆံဟာ တွင်းထဲက နှိုက်မရမှန်း သူတို့ သိကြပါတယ်။

လူတွေဟာ မိုးမသောက်မီကတည်းက ငွေရဖို့ ဗျာများနေကြပါက လား။ ယောက်ျားတွေရော မိန်းမတွေပါ ငွေရရေးအတွက် ဟိုဒီလှုပ်ရှား ပျာယာခတ်နေကြရှာတယ်။ သူတို့တွေဟာ ခေါင်းရွက်ဗျပ်ထိုးဈေးသည် တွေ၊ ဆိုက္ကားသမားတွေ၊ ဆိုင်ရှင်တွေ၊ ကားမောင်းဒရိုင်ဘာတွေ အို…စုံ လို့ပါပဲ။ အလုပ်မလုပ်ဘဲနဲ့တော့ ပိုက်ဆံဘယ်ရပါ့မလဲ။ ပိုက်ဆံမရတော့ ဝင်ငွေမရှိဘူးပေါ့။ ဒီတော့ သူတို့ရဲ့ စားဝတ်နေရေးအတွက် ငွေ ဘယ်လို သုံးနိုင်မှာတုန်း။ ဒီအခြေခံလိုအပ်ချက်တွေ ကင်းမဲ့ပြီး၊ လူဟာ မရှင်သန် နိုင်ပေဘူး။ တချို့ကတော့ မရိုးမသား ငွေရှာကြတယ်လေ။ ခါးပိုက်နှိုက် တွေ၊ သူခိုးဓားမြနဲ့ လုယက်သူတွေပါပဲ။ ရာဇဝတ်ဘေးကို အမြဲကျူးလွန် နေကြပါပကော။ အလုပ်မလုပ်ဘဲ ငွေရတဲ့သူတွေ ရှိပါသေးတယ်။ အဲဒါ သူတောင်းစားတွေ ဖြစ်ပါတယ်။ လူတွေဟာ ဈေးထဲမှာ ငွေစကလေးနဲ့ လိုချင်တာတွေ ဝယ်ကြ ချမ်းကြပြီး အဝတ်အစား၊ ပညာရေးနဲ့ ကျန်းမာ

ရေးတို့အပြင် လူမှုရေး၊ ဘာသာရေးမှာပါ ပိုက်ဆံကို သုံးကြပါတယ်။ သူတို့အဖို့ ငွေဟာ မှော်တံခိုးနဲ့ ဘွားကနဲ ပေါ်လာတာ မဟုတ်ပါဘူး။

ငွေကို သူ့နေရာနဲ့သူ အမျိုးမျိုး ခေါ်ကြပါတယ်။ ဆိုက္ကားသမားကနေ ရှင်ဘုရင်အထိ ငွေကို ချစ်မှ ချစ်ပေါ့။ တချို့က ငွေရရင် ပြီးရော ဆိုတဲ့ ငွေမှုဆိုးတွေဖြစ်ပြီး၊ ငွေကို ကိုးကွယ်ကြသူတွေလည်း ရှိပါတယ်။ ငွေဟာ လူ့လောကမှာ အသက်တမျှ အရေးပါတဲ့ နေရာမှာ ရှိပါတယ်။ ဒါပေမယ့် အဲဒီငွေကို တွင်းထဲက နှိုက်ယူလို့တော့ ဘယ်တော့မှ မရနိုင်ပါဘူး။

The customer is always right

It is said that if one cannot smile, he or she cannot have a good sales-person. Especially, merchants are called dealers as they have to deal with customers. The main task or duty of a sales-person is to promote marketing. To do it, a sales person must have regular customers. Whatever they say, a sales person must tolerate with a smile. He or she must consider that the customer is always right.

The more crowded the shop or the store, the busier the sales persons. Different customers have different characters. They want to buy things at the least prices. The nature of the shop-keeper is to reap the profit from the customers. A good sales-person can attract the customers with a friendly smile and a sweet word. He or she never makes a complaint against the customer. He or she must be able to catch the attention of a customer. A sales-person who frequently makes problem against the customers are sure to be dismissed from the job. Sales persons must welcome the customers with a lovely smile. It is no matter how they behave or what they say. The shop-keepers consider that customers are coming to pay money to them. So, they say the customer is always right.

At the sales-centres, we see sweet smiles of sales-girls and sales-men. We always hear their polite words. They behave and explain about the goods to meet the customer's like. They say the customer is always right and they get the profit from the customer.

*

Glossary

customer	-	ဝယ်လက်၊ ဈေးဝယ်သူ
sales-person	-	အရောင်းသမား၊ ဈေးရောင်းသူ
merchants	-	ဈေးရောင်း၊ ဝယ်ဖောက်ကားသူတွေ။
dealers	-	ကုန်သည်ပွဲစားများ
deal-with	-	ဆက်ဆံသည်။
promote marketing	-	အရောင်းမြှင့်တင်
regular customer	-	ဖောက်သည်၊ ဝယ်နေကျပုဂ္ဂိုလ်။
tolerate	-	သည်းခံ
consider	-	သဘောထား၊ မှတ်ယူ
more crowded	-	လူစည်ကား
different characters	-	စရိုက်အမျိုးမျိုး
at the least prices	-	အနည်းဆုံးဈေးနဲ့
nature	-	သဘာဝ
attract	-	ဆွဲဆောင်၊
complaint	-	အပြစ်စကား
catch the attention	-	အကြိုက်ကိုဆောင်
frequently	-	မကြာခဏ၊ ခဏခဏ
dismiss	-	အလုပ်ဖြုတ်
no matter	-	ကိစ္စမရှိ၊ အကြောင်းမဟုတ်၊
sales-centres	-	အရောင်းဆိုင်ကြီးတွေ၊
to meet like	-	အကြိုက်တွေ့အောင်
profit	-	အကျိုးအမြတ်၊

*

ဝယ်လက်သည် အမြဲမှန်သည်

မပြုံးတတ်ရင် ဈေးမရောင်းပါနဲ့ ဆိုစကားရှိပါတယ်။ အထူးသဖြင့် ဈေးရောင်းဈေးဝယ် လုပ်တဲ့သူတွေကို ဈေးဝယ်သူတွေနဲ့ ဆက်ဆံနေရလို့ ကုန်သည်ပွဲစားတွေ ဆက်ဆံရေးကောင်းသူတွေလို့ ခေါ်ပါတယ်။ ဈေးရောင်းချသူတွေရဲ့ အဓိက တာဝန်၊ လုပ်ငန်းကတော့ အရောင်းမြှင့်တင်ရေး၊ ဈေးရောင်းကောင်းဖို့ပါပဲ။ ဒီအတွက် ဈေးရောင်းသူတစ်ဦးအနေနဲ့ ပုံမှန်ဝယ်နေကျ ဖောက်သည်တွေ ရှိရပါမယ်။ သူတို့တွေ ဘာပဲပြောပြော ဈေးရောင်းသူတွေဟာ အပြုံးနဲ့ဆက်ဆံ သည်းခံနိုင်ရပါမယ်။ ဝယ်လက်သည် အမြဲမှန်သည်လို့ပဲ သဘောထားရမှာ ဖြစ်ပါတယ်။

ဈေးဆိုင်ထဲမှာ လူတွေစည်ကားလေလေ၊ ဈေးရောင်းသူတွေအဖို့ အလုပ်များလေလေပါပဲ။ ဝယ်လက်အမျိုးမျိုးအထွေထွေမှာ စရိုက်မျိုးစုံ ရှိကြပါတယ်။ ဝယ်သူတွေက ပစ္စည်းကို ဈေးအနည်းဆုံးနဲ့ ဝယ်ချင်တယ်လေ။ ဆိုင်ရှင်ရဲ့ သဘာဝကတော့ ဝယ်လက်ဆီက အရိတ်သိမ်းဖို့ ဖြစ်ပါတယ်။ ဈေးရောင်းကောင်းသူဆိုတာ ဖော်ရွေတဲ့အပြုံး၊ နှစ်လိုဖွယ်ရာ ဆိုစကားနဲ့ ဝယ်လက်ကို ဆွဲဆောင်နိုင်ရပါမယ်။ ဝယ်လက်ကိုတော့ အပြစ်ဖို့လို့ မရပါဘူး။ ဝယ်လက်နဲ့ မကြာခဏ ပြဿနာတက်ရင်တော့ အလုပ်ဖြုတ်ခံရတတ်ပါတယ်။ ရောင်းသူဆိုတာ ဝယ်လက်ကို အမြဲတမ်း အပြုံးနဲ့ ကြိုဆိုနေရပါမယ်။ ဝယ်သူတွေ ဘာပဲပြောပြော၊ ဘယ်လိုပဲနေနေ ကိစ္စမရှိပါဘူး။ သူတို့တွေဟာ ဆိုင်ကို ပိုက်ဆံလာပေးနေကြတယ်လို့ မှတ်ပါ။ ဒါကြောင့် ဝယ်လက်ဟာ အမြဲမှန်ပါတယ်လို့ ပြောကြပါတယ်။

အရောင်းဆိုင်တွေမှာ အရောင်းသမလေးတွေရဲ့ အပြုံးကို အမြဲတွေ့မြင်နေရပါတယ်။ သူတို့လေးတွေရဲ့ ချိုစကားကို ကြားနေရပါတယ်။ သူတို့တတွေဟာ ကုန်ပစ္စည်းအကြောင်းကို ဝယ်လက်အကြိုက်တွေ့အောင် ရှင်းပြတတ်ကြပါတယ်။ ဝယ်လက်ဆီက အမြတ်ရရေးအတွက် ဝယ်လက်သည် အမြဲမှန်သည်လို့ ပြောကြတာ ဖြစ်မှာပါ။



Many hands make light work

Human beings can't live long oneself. So they live in a family in community. Sometime, he or she may do what he or she likes. However, they do very heavy or very difficult things they work collectively. Thus they know the benefit of cooperative work. They value it. Now they say "Many hands make light work."

Now, people live in community, in villages or towns. They struggle for their families differently. They make their lives better themselves. When they have to face their common enemy, they stand unitedly. They defend their community successfully. They can prevent the enemies from invading their society. They lend their hands to one in social or religious affairs. In this way they get used to working coorperatively. They help one another in their farm work or building houses in turn. They discuss together for the purpose of their welfare. When people are united, even a very small country can stand among the big ones. Or else they have to shame on their lack of unity. How heavy or difficult the thing or the task is, many hands can make it light.

To make the environment clean and green is a heavy and difficult task. When we try co operatively, this task will become light and less difficult. Thus, we found associations, communities, organizations and so on for the purpose of cooperation. We know "Many hands make light work".

*

Glossary

oneself	- မိမိဖာသာ
community	- လူ့သိုက်မြုံ
collectively	- စုပေါင်း၍
benefit	- အကျိုးကျေးဇူး
coorperative	- ဝိုင်းဝန်းလုပ်ဆောင်သော၊
value	- တန်ဖိုးထား
struggle	- ရုန်းကန်လှုပ်ရှား၊
make-better	- ပိုးကောင်း၊ပိုသာယာအောင် လုပ်
have to face	- ရင်ဆိုင်ရသောအခါ၊
common enemy	- ဘုံရန်သူ
stand unitedly	- စည်းရုံးညီညွတ်စွာ ရပ်တည်၊
defend	- ကာကွယ်၊
prevent from (v-ing)	- တားဆီး၊ ဟန့်တား
invading	- ကျူးကျော်ဝင်ရောက်ခြင်း
social or religious affairs	- လူမှုရေး၊ ဘာသာရေးကိစ္စတွေ
get used to	- အလေ့အထရလာ၊ ကျင့်သား ဖြစ်လာ
one another	- တစ်ဦးကို တစ်ဦး
in turn	- အလှည့်ကျ
welfare	- ကောင်းစားရေး၊
shame on	- ရှက်ပါတယ်၊ ရှက်စရာကြီး
lack of unity	- စည်းရုံးမှု မရှိခြင်း
associations	- အသင်းအပင်းတွေ
organizations	- အစည်းအရုံးတွေ
for the purpose	- ရည်ရွယ်ချက်ဖြင့်

*

တစ်ယောက်တစ်လက်၊ လုပ်ငန်းသွက်

လူသားတွေဟာ တစ်ယောက်တည်း ကြာကြာမနေနိုင်ကြပါဘူး။ ဒါကြောင့် မိသားစုနဲ့ လူ့သိုက်မြုံနဲ့ နေကြတာပါပဲ။ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမသားပဲဖြစ်ဖြစ် ကိုယ်ကြိုက်တာကိုယ် လုပ်တတ်ကြပါရဲ့။ ဒါပေမယ့် သိပ်ပြီး လေးလံခက်ခဲတဲ့ လုပ်ငန်းကိစ္စတွေကိုတော့ စုစုရုံးရုံးနဲ့ လုပ်တတ်ကြပါတယ်။ ဒီလိုနဲ့ စုပေါင်းလုပ်ဆောင်ခြင်းရဲ့ အကျိုးကျေးဇူးကို သိနားလည်လာကြတာပေါ့။ စုပေါင်းလုပ်ဆောင်မှုကို တန်ဖိုးလည်း ထားလာကြပါတယ်။ အခုတော့ တစ်ယောက်တစ်လက် လုပ်ငန်းသွက်လို့ ပြောနေကြပြီလေ။

လူတွေဟာ လူ့အဖွဲ့အစည်းသိုက်မြုံတွေဖြစ်တဲ့ ကျေးရွာတွေ၊ မြို့ပြတွေမှာ နေကြပါတယ်။ ကိုယ့်မိသားစုအတွက် ကိုယ်အမျိုးမျိုး ရုန်းကန်အလုပ်လုပ်ကြရပါတယ်။ ပိုမိုသာယာတဲ့ ဘဝကလေးကို ထူထောင်ဖို့ မိမိတို့ဘာသာ ကြိုးစားကြရတာပေါ့။ ဘုံရန်သူနဲ့ ရင်ဆိုင်တဲ့အခါမှာတော့ စုပေါင်းညီညာ ရပ်တည်ခုခံကြတယ်လေ။ သူတို့ရဲ့ လူ့သိုက်မြုံကို အောင်အောင်မြင်မြင် ခုခံကာကွယ်ထားကြပါတယ်။ ရန်သူတို့ သူတို့ရဲ့ လူ့အဖွဲ့အစည်း၊ နိုင်ငံထဲ မကျူးကျော်နိုင်အောင် ဟန့်တားထားကြပါတယ်။ လူမှုရေး၊ ဘာသာရေးကိစ္စတွေအတွက် တစ်ဦးဦးကို ကူညီကြပါပြီ။ ဒီလိုနဲ့ စုပေါင်းလုပ်ဆောင်တဲ့ အကျင့်ကို အလေ့အထ ဖြစ်လာကြပါပြီ။ ယာလုပ်ငန်းတွေမှာ၊ အိမ်ယာ ဆောက်လုပ်ရာမှာ တစ်ဦးကို တစ်ဦး အလှည့်ကျ ကူညီကြပါ

တယ်။ သူတို့ လူ့အဖွဲ့ကလေးရဲ့ ကောင်းရာကောင်းကြောင်းကိုလည်း တိုင်ပင်နှီးနှောကြတယ်လေ။ ပြည်သူတွေ ညီညွတ်ကြပြီဆိုရင် နိုင်ငံပိစိကွေးကလေးတောင်မှ နိုင်ငံကြီးတွေရဲ့အလယ်မှာ တင့်တင့်တယ်တယ် ရပ်တည်နိုင်မှာပါ။ ဒီလိုမှ မဟုတ်ရင်တော့ စည်းရုံးမှုမရှိတဲ့ ကိုယ့်အဖြစ် ကိုယ်ပဲ အရှက်ရမှာပေါ့။ ကိစ္စက ဘယ်လောက်ပဲ ခက်ခဲလေးနက်ပါစေ၊ စုပေါင်းလုပ်ရင် အောင်မြင်မှာပါ။

ကျွန်ုပ်တို့ရဲ့ ဝန်းကျင်လောကကို သန့်ရှင်းစိမ်းလန်းအောင် လုပ်ဖို့ဆိုတာ ခက်ခဲလှပါတယ်။ စုပေါင်းညီညာကြိုးစားကြရင်တော့ ပေါ့ပါးသွားမှာ အသေအချာပဲ။ ဒါကြောင့် ကျွန်ုပ်တို့ဟာ အသင်းတွေ၊ သိုက်မြုံတွေ၊ အစည်းအရုံးတွေကို ထူထောင်နေကြတာဟာ စုပေါင်းလုပ်ဆောင်ကြဖို့ပဲလေ။ တစ်ယောက်တစ်လက် လုပ်ငန်းသွက်ဆိုတာ သိကြပါတယ်။

Honesty is the best policy

Whatever we do, we should be honest. It is the noblest way of life. But it may not make you prosper in a short term. When you lead your life simply or your career is clear of defects, people will give respect to you. Such a way of life can give you at least peace of mind.

We know that people are always trying to upgrade their life in different ways. Their greed may lead to the wrong. The selfish ones or the egoists will do whatever if it makes him or her profitable. Such a person will not hesitate to exploit the others if it is fruitful for him or her. People of bad temper are ready to play a trick on the others. He or She will never tells the truth. He or she usually tells a lie or swindles the others. But they are clever to behave or to pretend like a noble person. He or she will do whatever even it may endanger the environment for his sake. He or she is seemingly sociable but really they are natorious. So, we should love the honest way of life.

If you lost money, you lost nothing. If, you lost your health, you lost something. If you lost moralily, you lost everything. When you are honest,you will be trusted by everyone. You may not be very rich but people will take regard you. They will give you their respect for ever. That is why, people say honesty is the best policy.

*

Glossary

honesty	- ရိုးသားခြင်း၊
policy	- လမ်းစဉ်၊ ဝါဒ
noblest way	- အမွန်မြတ်ဆုံး နည်းလမ်း
prosper	- ကြီးပွားတိုးတက်သည်၊
in a short term	- ရေတို၊ တစ်မုဟုတ်ချင်း
simply	- ရိုးရှင်းစွာ
career	- အသက်မွေးမှုလုပ်ငန်း
defects	- အပြစ်အနာအဆာ၊ အားနည်းချက်တွေ
peace of mind	- စိတ်၏ငြိမ်းချမ်းမှု
upgrade	- မြှင့်တင်၊ မြင့်မားစေ
greed	- လောဘ
selfish	- တစ်ကိုယ်ကောင်းဆန်သော
egoists	- အတ္တဝါဒီတွေ၊ ကိုယ်ကျိုးသမားတွေ
profitable	- အကျိုးအမြတ်ရှိသော
will not hesitate	- လက်မတွန့်၊
exploit	- ခေါင်းပုံဖြတ်၊
fruitful	- အကျိုးရှိသော၊ သီးပွင့်ဝေဆာသော
bad temper	- စိတ်ယုတ်မာ
play a trick	- လှည့်စား
swindles	- ငွေညှစ်
endanger	- ဒုက္ခပေး၊
for his sake	- သူ့အကျိုးအတွက်
seemingly	- အမြင်အရ၊ အပေါ်ယံမှာတော့
natorious	- သတင်းဆိုးထွက်သော၊

morality - ကိုယ်ကျင့်တရား
trusted - ယုံကြည်ကိုးစား

*

ရိုးသားခြင်းသည် အကောင်းဆုံးလမ်းစဉ်

ကျွန်ုပ်တို့တွေ ဘာကိုပဲ လုပ်လုပ်၊ ရိုးရိုးသားသား လုပ်သင့်ကြပါတယ်။ ဒါဟာ အမှန်မြတ်ဆုံးသော ဘဝလမ်းစဉ်ဖြစ်ပါတယ်။ ဒီလို ရိုးသားမှုက တစ်မဟုတ်ချင်းတော့ ကြီးပွားချမ်းသာစေမှာ မဟုတ်နိုင်ပါဘူး။ ရိုးရိုးသားသား နေထိုင်မယ်၊ စီးပွားရှာမှုကလည်း အပြစ်ကင်းမယ်ဆိုရင် လူတကာက သင့်ကို လေးစားမှာပေါ့။ ဒီလို လမ်းစဉ်မျိုးက သင့်ကို အနည်းဆုံး စိတ်၏ ချမ်းသာမှုတော့ ပေးနိုင်ပါတယ်။

လူတွေဟာ ကိုယ့်ဘဝ အဆင့်အတန်းမြင့်ဖို့ရာ အမျိုးမျိုး ကြိုးစားနေကြတာပဲလေ။ လောဘကတော့ လမ်းမှားကို ပို့ပေးမှာ အမှန်ပဲ။ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တသမားတွေဟာ သူ့အတွက် အကျိုးအမြတ်ရှိပြီ ဟော့ဆိုရင် ဘာမဆိုလုပ်မှာ။ ဒီလိုလူစားမျိုးတွေဟာ သူ့အတွက်သာ မျိုးမျိုးမြတ်မြတ် ရှိမယ်ဆိုရင် တစ်ဖက်သားအပေါ် ခေါင်းပုံဖြတ်ဖို့ ဝန်လေးမှာ မဟုတ်ဘူး။ စိတ်ထားယုတ်ညံ့သူတွေဟာ တစ်ပါးသူတွေကို လှည့်စားဖို့ အသင့်ပဲပေါ့။ ဘယ်တော့ပဲဖြစ်ဖြစ် သူတပါးကို လိမ်မယ်၊ ညာမယ်၊ ငွေညှစ်မယ်။ ဒါပေမယ့် သူတို့က သူတော်ကောင်းကြီးလို ဟန်ဆောင်ရာမှာတော့ အတော့်ကို ပါးနပ်ကြပါတယ်။ သူသာ ကောင်းစားမယ်ဆိုရင် ပတ်ဝန်းကျင်တစ်ခုလုံး ဒုက္ခပင်လယ် ဝေချင်ဝေပါစေ။ သူ့ကိုယ်ကျိုးအတွက်တော့ သူလုပ်မှာပဲလေ။ သူ့ကို အပေါ်ယံကြော ကြည့်ရင်တော့ အင်မတန်လူရာဝင်ဆန့်သလို ထင်ရပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့

"ကျော်ဇောသတင်း၊ သတင်းဆိုးအနံ့က သင်းနေသူသာ ဖြစ်တယ်" ဒါကြောင့် ကျွန်ုပ်တို့တတွေဟာ ရိုးသားတဲ့ဘဝလမ်းစဉ်ကိုပဲ မြတ်နိုးသင့်ကြပါတယ်။

သင်ဟာ ပိုက်ဆံပျောက်ပြီဆိုရင်၊ ဘာမျှ မဆုံးရှုံးသေးပါဘူး။ ကျန်းမာရေး ဆုံးရှုံးရင်တော့ တစ်စုံတစ်ရာ ဆုံးရှုံးလိုက်တာပါပဲ။ ကိုယ်ကျင့်တရားသာ မရှိတော့ဘူး၊ ဆုံးရှုံးပြီဆိုရင်တော့ သင်ဟာ အရာရာကို ဆုံးရှုံးရတော့တာပါပဲ။ သင်က ရိုးသားပြီဆိုရင် လူတွေက သင့်ကို ယုံကြည်ကြပါလိမ့်မယ်။ သင်ဟာ မချမ်းသာရင်တောင်မှ သင့်ကို လူတကာက လေးစားကြမှာ၊ ထာဝရ ဂါရဝထားကြမှာပါ။ ဒါကြောင့် ရိုးသားမှုဟာ အကောင်းဆုံး လမ်းစဉ်လို့ ပြောကြတာ ဖြစ်ပါတယ်။

The grass is always greener on the other side

The nature of human-beings is strange. Some people think that they are very important persons. They have a low opinion of others while some people think highly of the others. To them the grass is always greener on the other side.

We see many tourists are crowded at the handicraft shops. most of them come from industrialized countries. However, they love Myanmar handicraft and arts. while we love their factory products. We export our textile to western countries and import thier wearings. Women from very cold regions have pale and colourless look. So they apply make-up of pink colour and lipstick. We orginally have fair complexion but our women apply make-up and lipstick of red or pink colours. Farm girls apply thick thanakha on their cheek to protect from sun burn. Now we see the style of thick thanakha on the cheeks of the urban ladies. Then we have to say "the grass is greener on the other side".

Though people have their own traditional style, many young ones try to make themselves into the carbon copy of foreigners. They wear the wearings of high brands. They try to imitate their action. As for our ancestors, they don't like coquettish styles and say the grass is greener on the other side.

*

Glossary

very important persons	-	အလွန်အရေးပါသူ (VIP)
have a low opinion of	-	အထင်အမြင်သေး
think highly of some one	-	အထင်ကြီး
are crowded	-	ဝိုင်းအုံနေကြ
handicraft shops	-	လက်မှုပညာထည်ဆိုင်
factory products	-	စက်ရုံထုတ်ကုန်ပစ္စည်း
textile	-	အထည်အလိပ်၊ အဝတ်အစား
export	-	နိုင်ငံခြားသို့ ကုန်တင်ပို့
import	-	နိုင်ငံခြားမှ ပစ္စည်းတင်သွင်း
pink colour	-	ပန်းရောင်
lipstick	-	နှုတ်ခမ်းနီ
apply	-	အသုံးချ၊ လိမ်းခြယ်
thick thanakha	-	သနပ်ခါးထူထူ
farm girls	-	လယ်တောသူတွေ
urban ladies	-	မြို့ကြီးသူတွေ
make carbon copies	-	ပုံတူကူး၊ ထပ်တူတူအောင် လုပ်၊
high brands	-	အကောင်းစား တံဆိပ်တွေ
imitate	-	တုပ၊
coquettish style	-	ပျံတံတံစတိုင်၊

*

ရှာနားက မြက်၊ ရှာနွားမစား (အထင်မကြီး)

လူတို့ရဲ့ သဘာဝက ဆန်းကြယ်လှပါတယ်။ တချို့သူတွေက မိမိကိုယ်မိမိ အရေးပါလှသူဆိုပြီး အထင်ကြီးတစ်ခွဲသားနဲ့ပေါ့။ တစ်ဘက်သားတွေကို အထင်သေးကြတယ်လေ။ တချို့ကတော့ သူတစ်ပါးကိုမှ အထင်ကြီးတတ်ကြပါတယ်။ သူတို့အဖို့တော့ ရှာနားက မြက်၊ ရှာနွား မစား၊ အထင်မကြီးဘူးလို့ ပြောရမှာပါ။

ကမ္ဘာလှည့်ခရီးသည် အတော်များများကို လက်မှုပညာထည်ဆိုင်တွေမှာ အုံနေကြတာကို ကျွန်ုပ်တို့ တွေ့နေရပါတယ်။ သူတို့အများစုက စက်မှုထွန်းကားတဲ့ နိုင်ငံကြီးတွေက လာကြတာပါ။ သူတို့က မြန်မာ့အနုပညာ၊ လက်မှုပညာပစ္စည်းတွေကို မြတ်နိုးကြသတဲ့။ ကျွန်ုပ်တို့ကတော့ သူတို့စက်ရုံကြီးတွေက ထွက်တဲ့ ပစ္စည်းကို နှစ်ခြိုက်ကြပါတယ်။ ကျွန်ုပ်တို့ရဲ့ အထည်တွေကို သူတို့ဆီ တင်ပို့ပြီး၊ သူတို့ဆီက အထည်တွေကို ပြန်ဝယ်ကြပြန်ပါရော။ အင်မတန် ချမ်းအေးတဲ့ဒေသက အမျိုးသမီးတွေရဲ့ အသားက အရောင်အဆင်းမရှိ၊ ဖြူဖပ်ဖြူရော်တွေပေါ့။ ဒီတော့ ပန်းရောင်ရှိတဲ့၊ မိတ်ကပ်တို့၊ နှုတ်ခမ်းနီတို့ကို သုံးရပြီလေ။ ကျွန်ုပ်တို့ရဲ့ အသားအရည်က နဂိုကတည်းက လှပြီးသားပါ။ ဒါပေမယ့် ကျွန်ုပ်တို့ရဲ့ မိန်းမသားတွေက မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ သုံးကြသေးတယ်လေ။ ယာတောသူကလေးတွေရဲ့ ပါးပေါ်မှာ သနပ်ခါးထူထူ လိမ်းထားတာက နေပူဒဏ်ခံနိုင်အောင် ကာကွယ်ဖို့ပါ။ ခုတော့ ခုတော့ မြို့ကြီးသူ မမတို့ ပါးပေါ်မှာ

သနပ်ခါးထူထူလိမ်းတဲ့ စတိုင်တို့ တွေ့နေရပြန်ပါပြီ။ သူများတကာ လုပ်တာ ပြင်တာမှ လှတယ် ထင်တာကိုး။

လူတွေဟာ ကိုယ်ပိုင်ဟန်တွေ၊ ဓလေ့တွေ ရှိကြတယ် ဆိုပေမယ့် လူငယ်အတော်များများက နိုင်ငံခြားသားဂိုက်ကို ဖမ်းနေကြပါတယ်။ နာမည်ကြီးတံဆိပ် အဝတ်အထည်တွေကို ဝတ်ပြီး သူတို့ဟန်ကို တုနေကြတယ်လေ။ ကျုပ်တို့ရဲ့ ရှေးလူကြီးတွေက ပျံတံတံဟန်ပန်ကို မကြိုက် မနှစ်မြို့ကြလို့ ရွာနားက မြက် ရွာနွားမစား အထင်မကြီးပါကလားလို့ ပြောကုန်ကြပါပြီ။

Fortune favours the brave

Whatever we do we must have confidence. Without confidence, we can't win whatever we do. We see all the winners are brave. If we want to be winners in life, we must be brave. When we do not have courage, we hesitate to face the difficulty. So we say fortune favours the brave.

People say life is full of struggles. That means we have many problems or difficulties to face. No one will help us to do or to solve our problems. Thus, we must have courage to overcome the difficulties. If we have no courage, how can we stand for our country. When the mountaneers reached the summit or peak of the mount Everest, people all over the world praised and congratulate them for their success. However, they did not see the cuts, and wounds on the mountaineers bodies. They had done many a deadly adventures on their way during hiking. Thus mountaineers became heroes. Similarly, the brave fighters won many battles for their country. So we, the people bow and give respect to our martyrs and vow to keep the independence till the end of the world bravely.

People say only the brave deserve the pretty or fortune favours the brave. We must be brave to defend our country against the enemies and traitors who tarnish the name of the race and country. We know that fortune favours the brave. We must be brave to stand for our country forever. This is the most valuable thing for the people.

*

Glossary

confidence - ယုံကြည်မှု၊ ယုံကြည်စိတ်
winners - အောင်နိုင်သူတွေ
brave - သတ္တိရှိသော၊ ရဲရင့်သော
courage - သတ္တိ၊
hesitate - တွန့်ဆိုင်းသည်၊
to face - ရင်ဆိုင်ရန်
struggles - ရုန်းကန်လှုပ်ရှားမှုတွေ
overcome - ကျော်လွှား၊ အောင်မြင်
stand for - အတွက် မားမားရပ်
mountaineers - တောင်တက်သမားတွေ
summit/ peak - အထွတ်၊ ထိပ်ဆုံး
the mount Everest - ဧဝရက်တောင်
praise - ချီးမွမ်း
congratulate - ဝမ်းမြောက်စကားဆို
cuts and wounds - ရှရာ၊ ကွဲပြဲဒဏ်ရာတွေ
deadly adventures - သေလုမျောပါး စွန့်စားခန်းများ၊
heroes - သူရဲကောင်းတွေ
bow - ဦးညွှတ်အလေးပြု
martyrs - အာဇာနည်တွေ
vow - သစ္စာအဓိဋ္ဌာန်ပြု
till the end of the world - ကမ္ဘာဆုံးတိုင်
independence - လွတ်လပ်ရေး
deserve - ထိုက်တန်
traitors - သစ္စာဖောက်တွေ

tarnish - နာမည်ပျက်စေသည်၊
အရောင်မှေးမှိန်စေသည်။
race - လူမျိုး
fortune - ကုသိုလ်ကြမ္မာ

*

ကြောက်ရင် လွဲ၊ ရဲ မင်းဖြစ်

ကျွန်ုပ်တို့တတွေဟာ ဘာကိုပဲလုပ်လုပ်၊ မိမိကိုယ်မိမိ ယုံကြည်မှု ရှိရပါမယ်။ ယုံကြည်မှုမရှိရင်တော့ ဘာကိုမျှ အောင်မြင်နိုင်မယ် မဟုတ်ပေဘူး။ အောင်နိုင်သူတွေ အားလုံးဟာ သတ္တိရှိမှန်း သိကြပါတယ်။ ဘဝမှာ အောင်နိုင်သူတွေ ဖြစ်ချင်ရင်တော့ သတ္တိရှိရမှာပေါ့။ သတ္တိမရှိဘူးဆိုရင် အခက်အခဲတွေကို ရင်ဆိုင်ဖို့ တွန့်ဆုတ်နေပေလိမ့်မယ်။ ဒါကြောင့် ကြောက်လျှင် လွဲ ရဲ မင်းဖြစ်လို့ ပြောကြတာပါပဲ။

ဘဝဆိုတာ ရုန်းကန်မှုတွေနဲ့ ပြည့်နှက်နေတယ်လို့ ဆိုပါတယ်။ ဆိုလိုတာက ကျွန်ုပ်တို့တတွေဟာ ရင်ဆိုင်ရဖို့ ပြဿနာတွေ၊ အခက်အခဲတွေ အများအပြား ရှိတယ်ဆိုတာပါပဲ။ ဒီပြဿနာတွေ အခက်အခဲတွေကို ကျော်လွှားဖို့ ဘယ်သူကမျှ လာမကူပါဘူး။ ဒါကြောင့် ဒီအခက်အခဲတွေကို ကျော်လွှားဖို့ သတ္တိရှိရမယ်လို့ ပြောရတာပါ။ သတ္တိမရှိလည်း နိုင်ငံအတွက် ဘယ်လို မားမားရပ်နိုင်မှာလဲ။ တောင်တက်သမားတွေက ချီးမွမ်းထောပနာ ပြုခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့ ကိုယ်ပေါ်က ရှရာ ပြတ်ရာ၊ ဒဏ်ရာတွေကိုတော့ မမြင်ကြပါဘူး။ တောင်တက်တဲ့ ခရီးတစ်လျှောက်မှာ သေလုမျောပါး ကြိုးစားခဲ့ရတဲ့ စွန့်စားခန်းတွေက မနည်းပါဘူး။ ဒီလိုနဲ့ တောင်တက်သမားတွေဟာ သူရဲကောင်းကြီးတွေ ဖြစ်လာခဲ့ရတာပါ။ ဒီလိုပါပဲ သတ္တိခဲတွေဟာ နိုင်ငံအတွက် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ကြတယ်လေ။ ဒါကြောင့်လည်း ကျွန်ုပ်တို့ ပြည်သူတွေဟာ အာဇာနည်

ခေါင်းဆောင်ကြီးတွေကို အလေးပြုကြရင်း လွတ်လပ်ရေးကို ကမ္ဘာ့ခဲ့တိုင် သတ္တိရှိရှိနဲ့ ထိန်းသိမ်းကြပါမယ်လို့ သစ္စာအဓိဋ္ဌာန်ပြုကြပါတယ်။

သတ္တိရှိသူတွေသာ ဘဝလှလှနဲ့ ထိုက်တန်ကြပါတယ်လို့ ပြောကြပါတယ်။ ကြောက်လျှင် လွဲ ရဲ မင်းဖြစ်ဆိုတာပေါ့။ ကျွန်ုပ်တို့နိုင်ငံကို ကာကွယ်ဖို့ ရန်သူတွေ၊ သစ္စာဖောက် မျိုးဖျက်တွေကို တိုက်ခိုက်ဖို့ ကျွန်ုပ်တို့ သတ္တိရှိရပါမယ်။ ကြောက်လျှင် လွဲ ရဲ မင်းဖြစ်ဆိုတာ သိကြပါတယ်။ နိုင်ငံအတွက် ထာဝရ မားမားရပ်ကြဖို့ သတ္တိရှိရပါမယ်။ ဒါဟာ ပြည်သူတွေရဲ့ အမွန်မြတ်ဆုံးတရား ဖြစ်ပါတယ်။

Don't judge a book by its cover/ All that glitt[redacted] not gold

Today, boo[redacted] different colours and designs. Some bo[redacted]s with [illegible] but some have pap[redacted] the cover of a book is not important fo[redacted] [illegible] the old and rare books. So, we s[redacted] cannot be judged by its cover.

The cover design of a book is the art of an artist or designer. The quality of the cover is not concerned with the subject matter. Similarly, we cannot judge a person by his or her appearance. He or she may be handsome or beautiful but we cannot confirm he or she is good or bad. Today, the price of gold is very high. Only the very rich can afford to buy and wear it. Now, there are many imitations worn as if they wear the real jewelleries. Thus we say "All that glitters is not gold". Some people wore stylishly as if they came of decent families. In fact they have learned a little. However some skilled practitioners or writers and poets wear as they like or disorderly. They usually love the bohemian way of life. We cannot judge a person by his or her wearing. A book cannot be judged by its cover.

Don't judge a book by its cover/ All that glitters is not gold

Today, books are published in different colours and designs. Some books have hard covers with paper jackets but some have paper backs. However, the cover of the book is not important for a good reader. A book-worm values the old and rare books. So, we say a book cannot be judged by its cover.

The cover design of a book is the art of an artist or designer. The quality of the cover is not concerned with the subject matter. Similarly, we cannot judge a person by his or her appearance. He or she may be handsome or beautiful but we cannot confirm he or she is good or bad. Today, the price of gold is very high. Only the very rich can afford to buy and wear it. Now, there are many imitations worn as if they wear the real jewelleries. Thus, we say "All that glitters is not gold". Some people wore stylishly as if they came of decent families. In fact they have learned a little. However, some skilled practitioners or writers and poets wear as they like or disorderly. They usually love the bohemean style of life. We cannot judge a person by his or her wearings as a book cannot be judged by its cover.

Different books are published everyday. Their covers are designed beautifully. However, most of the modern day books cannot surpass the old ones. So we say "Don't judge a book by its cover. Similarly, people are wearing very nice clothes in this modern day. But they cannot surpass the ancient scholars. Thus we say "All that glitters is not gold."

*

Glossary

judge - အကဲဖြတ်သည်။
glitters - ဝင်းလက်သည်။
jacket - အပေါ်ဖုံး၊
book-worm - စာကျိုး၊
value - တန်ဖိုးထားသည်၊
quality - အရည်အသွေး
subject matter - ဘာသာရပ် အကြောင်းအရာ
the very rich - အတော်ချမ်းသာသူတွေ
real jewelleries - လက်ဝတ်ရတနာအစစ်တွေ
bohemean - လွတ်လပ်ပျော်ရွှင်သော
a little - အနည်းငယ်၊
stylishly - ဟန်ပါပါ၊
modern day - ခေတ်သစ်
surpass - သာလွန်သည်၊
ancient - ရှေးခေတ်
scholars - ပညာရှင်တွေ

*

အဖုံးကြည့်ရုံနှင့် စာအုပ်အကြောင်းမသိနိုင် ဝါဝါမြင်တိုင်း ရွှေမဟုတ်

အခုခေတ်မှာ စာအုပ်တွေကို အရောင်အသွေးအမျိုးမျိုး၊ ပန်းချီဒီဇိုင်း အမျိုးမျိုးနဲ့ ထုတ်ဝေလျက် ရှိကြပါတယ်။ တချို့စာအုပ်တွေက ကတ်ထူဖုံး တွေနဲ့၊ တချို့ကတော့ စက္ကူဖုံးတွေနဲ့ ဖြစ်ပါတယ်။ တကယ့် စာဖတ်သမား အဖို့တော့ အဖုံးတွေက အရေးမပါလှပါဘူး။ စာဂျပိုးဆိုရင်တော့ ရှားပါးတဲ့ စာအုပ်ဟောင်းတွေကို တန်ဖိုးထားတတ်ပါတယ်။ ဒါကြောင့် အပေါ်ယံ အဖုံးကြည့်ပြီး စာအုပ်တစ်အုပ်ကို အကဲဖြတ်လို့ မရနိုင်ဘူးလို့ ပြောရတာ ပါ။

စာအုပ်အဖုံးပေါ်က ပန်းချီဒီဇိုင်းဟာ ပန်းချီဆရာ၊ ဒီဇိုင်းဆရာရဲ့ လက်ရာမှန်ပါပဲ။ အတွင်းစာသား၊ ဘာသာရပ်အကြောင်းအရာနဲ့တော့ မသက် ဆိုင်ပေဘူး။ ဒီလိုပဲလေ၊ လူတစ်ယောက်ကို အပေါ်ယံ ရုပ်ရည်ကြည့်ပြီး အကဲဖြတ်လို့ မဖြစ်ဘူး။ လူချောတစ်ဦး၊ မိန်းမလှတစ်ယောက် ဖြစ်ချင် ဖြစ်မယ်။ လူကောင်းလား၊ လူဆိုးလား ဆိုတာတော့ မပြောနိုင်ပါဘူး။ အခုခေတ်မှာ ရွှေဈေးက ခေါင်ခိုက်နေပြီလေ။ အင်မတန်ချမ်းသာမှ ရွှေဝတ် နိုင်တာပါ။ အခုတော့ လက်ဝတ်ရတနာအတုတွေက ပေါမှ ပေါပေါ့။ ဒါကြောင့် ဝါဝါမြင်တိုင်း ရွှေ မဟုတ်ဘူးလို့ ပြောရတာပါ။ တချို့လူတွေက လှလှပပ ဝတ်စားပြီး လူကုန်ထံမျိုးရိုးက ဆင်းသက်လာတဲ့ ပုံဖမ်းနေကြ တယ်လေ။ တကယ် စာတတ်ပေတတ်ကြီး ဟန်နဲ့ပေါ့။ တကယ့်ပညာရှင် တွေ စာရေးဆရာတွေ၊ ကဗျာဆရာတွေကတော့ သူတို့သဘောတွေ့သလို

ဘိုသီဘတ်သီ ဝတ်လိုဝတ်နဲ့၊ လွတ်လပ်ပျော်ရွှင်တဲ့ဘဝကို ခုံမင်ကြတာကိုး။ လူတစ်ယောက်ကို အပေါ်ယံ ဝတ်ပုံစားပုံ ကြည့်ပြီးတော့လည်း အကဲမဖြတ်နိုင်ပါဘူး။

နေ့စဉ်လိုလို စာအုပ်တွေ ထုတ်ဝေဖြန့်ချိနေပါတယ်။ အဖုံးလေးတွေက လှလှပပ ကြိုက်စရာပေါ့။ ဒါပေမယ့် အခုခေတ်သစ်စာအုပ်တွေက ခေတ်ဟောင်းစာတွေကို မကျော်လွှန်နိုင်ကြဘူးလေ။ ဒါကြောင့် အဖုံးမြင်ရုံနဲ့တော့ စာတစ်အုပ်ကို အကဲဖြတ်လို့ မရဘူးလို့ ပြောရတာပါ။ ဒီလိုပဲ အခုခေတ်မှာ လူတွေဟာ ကျော့နေအောင် ဝတ်စားတတ်ကြပါတယ်။ ဒါပေမယ့် ရှေးက တကယ့်ပညာရှင်တွေကိုတော့ မကြောနိုင်ကြဘူးလေ။ ဒါကြောင့် ဝါဝါမြင်တိုင်း ရွှေ မဟုတ်ဘူးလို့ ပြောကြတာ ဖြစ်ပါသည်။

Talk is cheap

We hear people talking everywhere from daybreak to bed-time. Monks or priests preach the religious teachings. Teachers give lecutures to students. Great man gives a speech to his followers or people. Talks differ according to situation such as gossips, discussions, seminars, scoldings, flattering, soothing and so on. So we say talk is cheap.

When students hear their teachers teaching or lectures, they get knowledge . Our parents especially our mothers, words are as sweet as honey. When we hear a joke, we laugh. But scolding makes us unhappy. We please when we hear some-one soothing us kindly. Some people usually give words of promise. Arguments sometimes lead to a quarrel. Some people flatter or make false praise to make the other proud. Great men frequently give speech to their followers or people. Their speech is full of hopes and incentives. These are different talks of different people. We talk or speak by the air that comes from lungs through the vocal cord. So we can say the source of talks and speech is air. Air is air. When someone gives us promises we say "talk is cheap".

We usually hear talks and speech full of hopes and in-centives. But they scarcely come true. However, most people believe them. When nothing come true, they say talk is cheap.

*

Glossary

daybreak - မိုးလင်း
monks or priests - ဘုန်းတော်ကြီးတွေ
religious teaching - ဘာသာတရားအဆုံးအမတွေ
speech - မိန့်ခွန်း၊
differ - ကွဲပြားခြားနားသည်၊
gossips - အတင်းအဖျင်း
discussion - ဆွေးနွေးမှုတွေ
seminar - နှီးနှောဖလှယ်ပွဲတွေ
scoldings - ဆူပူကြိမ်းမောင်းမှုတွေ
flattering - မြှောက်ပင့်စကားတွေ
soothing - ချော့မော့စကားတွေ
lectures - ပို့ချချက်တွေ
honey - ပျားရည်
please - ကျေနပ်နှစ်သိမ့်သည်၊
arguement - အငြင်းအခုန်တွေ၊
frequently - မကြာခဏ
hopes and incentive - မျှော်လင့်ချက်တွေနဲ့ မက်လုံးတွေ
source and talks - စကားရဲ့ ရင်းမြစ်
scarcely - ရှားရှားပါးပါး၊ ခဲခဲယဉ်းယဉ်း
come true - အကောင်အထည်ပေါ်လာ။

*

အပြောက ဩ

မိုးလင်းချိန်ကနေ အိမ်ချိန်အထိ နေရာတကာမှာ လူတွေ စကားပြော နေကြတာကို ကြားနေရပါတယ်။ ဘုန်းတော်ကြီးတွေက တရားဓမ္မ ဟော ကြားပြီး၊ ဆရာတွေက ကျောင်းသူကျောင်းသားတွေကို စာသင်ပေးကြ တယ်လေ။ ပုဂ္ဂိုလ်ကြီးတွေကတော့ မိန့်ခွန်းတွေ ခြွေသတဲ့။ စကားပြော ကြတာတွေက နေရာနဲ့အခြေအနေပေါ် မူတည်ပြီး အမျိုးမျိုး ကွဲပြားကြပါ တယ်။ အတင်းပြောမှုတွေ၊ ဆွေးနွေးမှုတွေ၊ နှီးနှောဖလှယ်ပွဲတွေ၊ ဆူပူကြိမ်း မောင်းစကားတွေ၊ မြှောက်ပင့်ပြောဆိုတာတွေ၊ ချော့စကားတွေ စသည် ပေါ့။ ဒါကြောင့် အပြောက ဩပဲလို့ ပြောလေ့ရှိကြပါတယ်။

ကျောင်းသူကျောင်းသားတွေက ဆရာတွေ စာသင်တာကို ကြားရ တော့ ပညာရတာပေါ့။ မိခင်ရဲ့စကားကတော့ ပျားသကာလို ချိုမြသတဲ့။ ပျက်လုံးတွေ ကြားရတော့ ရယ်ကြတော့တာပါပဲ။ ဒါပေမယ့် ဆူပူကြိမ်း မောင်းတာတွေ ကြားရတဲ့အခါ စိတ်ဆင်းရဲရတာပါပဲ။ ကြင်ကြင်နာနာနဲ့ ချော့စကားတွေ ကြားပြန်တော့ ကျေနပ်နှစ်သိမ့်ရပါတယ်။ တချို့သူတွေက ကတိစကားတွေ ပြောပေးကြပါတယ်။ ငြင်းခုန်စကားတွေက ရန်ပွဲတွေ ဖြစ်စေပြီး၊ တချို့က မြှောက်ထိုးပင့်ကော် ပြောလေ့ရှိပြီး အပြောခံရသူက စိတ်ကြီးဝင်သွားပါလေရော။ ပုဂ္ဂိုလ်ကြီးတွေက မိန့်ခွန်းတွေ ခြွေတတ်ပါ တယ်။ သူတို့မိန့်ခွန်းတွေမှာ မျှော်လင့်ချက်တွေ၊ မက်လုံးတွေနဲ့ ပြည့်နေတာ ပါပဲ။ ဒါတွေက လူအမျိုးမျိုးက ပြောကြတဲ့စကားအမျိုးမျိုး ဖြစ်ပါတယ်။

ကျွန်ုပ်တို့ဟာ အဆုပ်ကလာတဲ့ လေနဲ့ စကားပြောကြတယ်လေ။ ဒါကြောင့် စကားရဲ့ ရင်းမြစ်က လေပါပဲလို့ ပြောနိုင်တာပေါ့။ လေဟာ လေပါပဲနော်။ တစ်ယောက်ယောက်က ကျွန်ုပ်တို့ကို ကတိတွေပေးတဲ့အခါ အပြောကတော့ ပြေပါပဲလို့ ပြောမိတာပေါ့။

မျှော်လင့်ချက်တွေ၊ မက်လုံးတွေပါတဲ့ မိန့်ဆိုချက်တွေကို အမြဲကြားနေရပါတယ်။ တကယ်တော့ ဒီကတိတွေက တကယ်ဖြစ်လာခဲပါတယ်။ ဘာပဲဖြစ်ဖြစ် ယုံတဲ့သူက ယုံကြပါတယ်။ အဲဒါတွေ အကောင်အထည်ပေါ်မလာတဲ့အခါ အပြောက ပြေပါပဲလို့ ဆိုရတော့တာပေါ့။

When in Rome, do as Romans do

Rome was the greatest and the most splendid city in ancient history. Thus Roman civilization was awed by every nation in its time of glory. As Rome was the papal state. People obeyed the religious characters. They called Rome a very high and noble society. Thus, they say "When in Rome, do as Romans do."

This proverb seems to mention that orientation is how improtant when one moves to a new society. One must behave to match with the custom of the new society. In Myanmar, our elders teach the young ones to act suitably to the time and circumstance of a situation. When we meet a monk or a priest we have to say 'Yours Reverence'. We say "Yours Majesty" to a King and "Yours excellency" to a high rank personality or an ambassador. In a ceremony, we take place according to the ranks. When we visit a village or a rural area, we must remember the mommunity approach by saying "When in Rome, do as Romans do."

The proverb reminds us to learn the etiquette of our own as well as those of the others. We know "One's meat may be another one's poison." Teachers and parents teach and train their young ones the behaviour by saying "When in Rome, do as Romanus do."

*

Glossary

Rome	-	ရောမမြို့တော်၊ ရောမနိုင်ငံ၊
greatest	-	အကြီးကျယ်ဆုံးသော
most splendid	-	အခန့်ညားဆုံးသော၊
time of glory	-	ဂုဏ်ရောင်ပြောင်သော ခေတ်၊
papal state	-	ပုပ်ရဟန်းမင်းနိုင်ငံ
religious character	-	ဘာသာတရားစရိုက် လက္ခဏာ
noble	-	မြင့်မြတ်သော
elders	-	အကြီးအကဲတွေ
suitably	-	သင့်လျော်စွာ
circumstance	-	အဝန်းအဝိုင်းဒေသ
situation	-	အခြေအနေ
monk/ priest	-	ဘုန်းတော်ကြီး
Yours Reverence	-	မှန်လှပါ အရှင်ဘုရား၊
Yours Majesty	-	အရှင်မင်းတရားကြီး
Yours Excellency	-	သံတမန်အမတ်မင်း/ ဝန်မင်း
high rank	-	ရာထူးအဆင့်မြင့်
ambassador	-	သံအမတ်ကြီး၊
community approach	-	လူသိုက်မြိုကို ချဉ်းကပ်မှု
rural area	-	ကျေးလက်ဒေသ
etliquette	-	လူမှုကျင့်ဝတ်ထုံးတမ်း
meat	-	ဟင်းလျာအသား
poison	-	အဆိပ်
Romans	-	ရောမနိုင်ငံသူ/ နိုင်ငံသားတွေ၊

*

ရောမရောက်ရင် ရောမသားလိုကျင့်

ရောမဟာ ရှေးခေတ်ရာဇဝင်မှာ အကြီးကျယ်ဆုံးနဲ့ အခန်းနားဆုံး မြို့တော်ကြီးပေါ့။ ရောမနိုင်ငံတော်ကြီး ဘုန်းမီးနေလတောက်ပစဉ်က ရောမယဉ်ကျေးမှုကို ဥရောပရှိ နိုင်ငံတကာက လေးစားခန့်ညားခဲ့ကြပါတယ်။ ရောမဟာ ပုပ်ရဟန်းမင်းကြီးရဲ့ နိုင်ငံတော်ဖြစ်တဲ့အတွက် လူတွေဟာ ဘာသာအယူဝါဒ အဆုံးအမကို လေးစားလိုက်နာခဲ့ကြတာပေါ့။ ရောမကို မြင့်မြတ်တဲ့ လူ့အဖွဲ့အစည်းလို့တောင် ခေါ်ကြပါသေးတယ်။ ဒီတော့ ရောမရောက်ရင် ရောမသားလို ကျင့်လို့ ပြောကြမြဲဖြစ်ပါတယ်။

ဒီစကားပုံက လူ့အဖွဲ့အစည်းအသစ်တစ်ခုကို ရောက်တဲ့အခါ အလိုက်သင့် ပြောဆိုနေထိုင်တတ်ဖို့ အရေးကြီးပုံကို ညွှန်းဆိုနေဟန် ရှိပါတယ်။ လူ့အဖွဲ့အစည်းသစ်ရဲ့ ဓလေ့ထုံးတမ်းနဲ့ လိုက်ဖက်အောင် ပြုမူနေထိုင်ရပါမယ်။ မြန်မာနိုင်ငံမှာတော့ လူကြီးသူမတွေက လူငယ်တွေကို "ကာလံ ဒေသံ အင်္ဂမခန့်-ကာလဒေသပယောဂနဲ့အညီ နေထိုင်ကြဖို့ ဆိုဆုံးမတတ်ကြပါတယ်။ ဘုန်းတော်ကြီးတစ်ပါးနဲ့ တွေ့တဲ့အခါ "မှန်လှပါဘုရား၊ တင်ပါ့ဘုရား"လို့ လျှောက်ထားရတယ်။ ရှင်ဘုရင်ကိုတွေ့တော့ "မှန်လှပါ မင်းကြီး" လို့ သံတော်ဦးတင်ရတယ်လေ။ မြင့်မြတ်သူ၊ သံကြီးတမန်ကြီးနဲ့ တွေ့တော့ "မြင့်မြတ်လှစွာသော သံတမန်ကြီး၊ ဝန်မင်း" စသည်ဖြင့် အာလုပ်စကားကို သုံးရပါတယ်။ အခန်းအနားတွေ၊ ပွဲတော်တွေ ကျင်းပတဲ့အခါ မိမိတို့ရဲ့ အဆင့်အလိုက် နေရာယူကြရပါမယ်။ ကျေးလက်ဒေသ၊

ကျေးရွာတစ်ရွာကို ရောက်လာတဲ့အခါ ဒေသခံတွေနဲ့ နီးစပ်အောင် ချဉ်းကပ်နေထိုင်တတ်ဖို့ အင်မတန် အရေးကြီးပါတယ်။ ရောမရောက်ရင် ရောမသားလိုကျင့် ဆိုတဲ့ သတိပေးစကားကို သတိရကြရပါမယ်။

ဒီစကားပုံက မိမိတို့လူမျိုးရဲ့ ကျင့်ဝတ်ထုံးတမ်းတွေကိုရော၊ သူတစ်ပါးရဲ့ ကျင့်ဝတ်ထုံးတမ်းတွေကိုပါ ဆည်းပူးလေ့လာထားဖို့ သတိပေးနေပါတယ်။ လူတစ်ဦးရဲ့ အစားအစာဟာ တခြားသူအဖို့ အဆိပ်ဖြစ်နေတတ်ပါတယ်။ မိဘ၊ ဆရာသမားတွေက "ရောမ ရောက်ရင် ရောမသားလိုကျင့်" ဆိုတဲ့ စကားပုံကလေးကို ပြောပြီး ကိုယ်နှုတ်အမူအရာတွေကို သင်ကြား ဖျိုးထောင်ကြပါတယ်။

A picture paints a thousand words

We use words to explain about something. We have to use more and more words to describe the case in detail. Yet some may misunderstand the explanation. When they see a picture they can judge something or someone clearly. The picture tells the truth. So we say a picture paints a thousand words.

During the earliest time in history cave-men began drawing pictures on the walls of caves. It is because they had no language to explain what had happened to him. Thus, they retold what he had seen in the jungle. Their wall paintings are very meaningful. In the time of renaissance, Leonardo da Vinci painted the picture of Mona Lisa. He portrayed a woman to the life. Mona Lisa's smile is world-famous that can't be easily interpretted in many words. In the interview with celebrities, their photos tell their past or their younger days fully. A photo is the firm witness in a law-suit at a trial. Some pictures of satire tell about a person or a policy or an activity more detail than a long article.

People say a plece of written copy is more important than a hundred speakers. Then a picture paints a thousand words. Pictures tell us about culture, tradition, history and so on. Thus, we value pictures and say a picture paints a thousand words.

*

Glossary

in detail	- အသေးစိတ်၊ စုံစုံစေ့စေ့
misunderstand	- နားလည်မှုလွဲမှား
explanation	- ရှင်းပြမှု၊
the earliest time	- အစောဆုံးခေတ်
cave-men	- ဂူနေလူများ
caves	- ဂူများ
no langauge	- စကားမပြောတတ်
retold	- ပြန်ပြောပြ
in the jungle	- တောထဲမှာ
meaningful	- အဓိပ္ပါယ်ရှိသော
in the time	- ခေတ်မှာ
renaissance	- ရီနေဆန်၊ ဉာဏ်သစ်လောင်း အရေးတော်ပုံ
Leonardo da Vinci	- လီယိုနာဒိုဒါဗင်စီ
Mona Lisa	- မော်နာလီဆာ
portrayed	- လူပုံဆွဲသည်၊
to the life	- အသက်ဝင်
world famous	- ကမ္ဘာကျော်
interpretted	- အဓိပ္ပါယ်ရှင်းပြ၊ ဘာသာပြန်ပေး
interview	- တွေ့ဆုံမေးမြန်းမှု
celebrities	- အနုပညာရှင် အကျော်အမော်များ
firm witness	- ခိုင်မာသော သက်သေခံ
lawsuit	- တရားတပေါင်ဖြစ်
trial	- တရားခွင်
satire	- သရော်စာ၊ ပုံပန်းချီ

*

ပုံတစ်ချပ် စကားလုံးတစ်ထောင် အဓိပ္ပါယ်ဆောင်

ကျွန်ုပ်တို့ဟာ တစ်ခုခုကို ရှင်းပြဖို့ စကားလုံးတွေကို အသုံးပြုကြပါတယ်။ အသေးစိတ်ပြောပြဖို့ဆိုရင် စကားလုံးတွေ ပိုပိုပြီး သုံးရပါတယ်။ ဒါနဲ့တောင် တချို့က အဓိပ္ပါယ်အယူအဆ နားလည်မှု လွဲမှားကြသေးတယ်လေ။ ပုံတစ်ချပ်ကို တွေ့လိုက်ရင် ပြတ်ပြတ်သားသား ဝေခွဲနိုင်တော့တာပေါ့။ ရုပ်ပုံကားချပ်က အမှန်အတိုင်း ဖော်ပြပြောဆိုတာကိုး။ ဒါကြောင့် ပုံတစ်ချပ်ဟာ စကားလုံးတစ်ထောင် အဓိပ္ပါယ်ဆောင်တယ်လို့ ပြောရတာပေါ့။

သမိုင်းရဲ့အစောဆုံးခေတ်မှာ ဂူနေလူတွေက နံရံပေါ်မှာ ပုံတွေ စတင်ရေးဆွဲခဲ့ကြရတယ်။ ဘာကြောင့်လဲဆိုတော့ တောထဲမှာ သူတို့ ဆုံတွေ့၊ ဖြစ်ပျက်ခဲ့တာတွေကို ရှင်းပြဖို့ စကားမပြောတတ်သေးလို့ပါပဲ။ သူတို့ရဲ့ နံရံပန်းချီတွေက အဓိပ္ပါယ်အတော်ရှိပါတယ်။ ရီနေဆန်ခေတ် ရောက်တော့ လီယိုနာဒိုဒါဗင်ချီက မော်နာလီဆာ ပန်းချီကားကို ရေးဆွဲခဲ့ပါတယ်။ အဲဒါက အမျိုးသမီးတစ်ယောက်ရဲ့ အသက်ဝင် ပန်းချီပုံ ဖြစ်ပါတယ်။ မော်နာလီဆာရဲ့ အပြုံးက ကမ္ဘာကျော်တယ်လေ။ စကားလုံးပေါင်းမြောက်မြားစွာနဲ့ ရှင်းပြဖို့ကို မလွယ်ပါဘူး။ ကျော်ကြားတဲ့ အနုပညာရှင်တွေနဲ့ တွေ့ဆုံမေးမြန်းခန်းများမှာ သူတို့ရဲ့ ဓာတ်ပုံတွေက သူတို့ရဲ့ ငယ်စဉ်ဘဝကို အပြည့်အဝ ပြောပြကြလေရဲ့။ တရားတဘောင် ရင်ဆိုင်ကြတဲ့ တရားခွင်မှာ ပုံတစ်ပုံဟာ အနိုင်မာဆုံး သက်သေအထောက်အထားဖြစ်ပါတယ်။ သရော်ထားတဲ့ ပန်းချီ

တွေက လူတစ်ယောက်၊ ဝါဒတစ်ခု၊ လုပ်ရပ်တစ်ခုကို ဆောင်းပါးရှည်ကြီးတစ်စောင်ထက် ပိုပြီး ပြည့်ပြည့်စုံစုံ ပြောပြနိုင်စွမ်းရှိပါတယ်။

"နှုတ်တစ်ရာ စာတစ်လုံး" ဆိုစကားကို ရှိပါတယ်။ အခုတော့ "ပုံတစ်ပုံက စကားလုံးတစ်ထောင် အဓိပ္ပါယ်ဆောင်" လို့ ပြောနိုင်ပါပြီ။ ပန်းချီကားတွေက ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနဲ့ ရာဇဝင်သမိုင်းတွေကို ပြောပြကြပြီလေ။ ဒီတော့ ပန်းချီကားချပ်၊ ဓာတ်ပုံကားချပ်တွေကို တန်ဖိုးထားကြပါပြီ။ "ပုံတစ်ချပ်က စကားလုံးတစ်ထောင် အဓိပ္ပါယ်ဆောင် လို့ ပြောကြရပြီလေ။"

An empty purse drives friends away

I must say that money has a very strong force of attraction. If you had a lot of money, there would be a lot of friends around you. You would feel pleased as you were in the air of false praises. When all of your money ran out, your friends also ran away.

You can imagine the days you lived with great luxuries joyfully. Your house would be like a fairy land with nice facilities and pretty attendants. Your satis house would be crowded every day and night. Your face was gladdened among the honey sweet smiles of your friends. You frequently visit the beach together with friends with glee. In the hotel the grand feast was overwhelmed with your laughters and the noise that came from glasses and plates. After spending a lot of money on spree, your money and your friend parted you. You saw nothing around you. You understood your fair weather friends. You felt lonesome.

Your friends were gone not because you drove them away but because your empty purse made them go away. You had to leave the grand house and stay alone in a nasty flat. The only thing that belonged to you was the empty purse. The empty purse drives friends away.

*

Glossary

empty purse	- ဘာမျှမရှိသော ပိုက်ဆံအိတ်
force of attraction	- ဆွဲဆောင်မှုအင်အား
feel pleased	- ကျေနပ်ပီတိဖြစ်နေ၊
air of false praises	- မြှောက်လုံး၊ ပင့်လုံးတွေ
ran out	- ပြတ်လပ်၊ ကုန်ခန်းသွား
imagine	- တွေးကြည့်စမ်းပါ၊
joyfully	- ပျော်ပျော်ပါးပါး
firy land	- နတ်ဘုံ၊ နတ်နန်း
facilities	- အသုံးအဆောင် အကူအပံ့ပစ္စည်းများ
attendants	- ခစားသူ၊ အစေအပါးများ
satis house	- လိုတရအိမ်ကြီး၊
gladdened	- ဝမ်းမြောက်ပီတိဖြစ်နေ
honey sweet	- ပျားရည်တမျှချိုမြသော
with glee	- အူမြူးလျက်
feast	- စားသောက်ပွဲကြီး
laughters	- ရယ်မောသံတွေ
spend on spree	- အပျော်အပါးအတွက် သုံးစွဲ
parted	- စွန့်ခွာသွားကြ
lonesome	- အထီးကျန်ဆန်
nasty flat	- မနှစ်မြို့စရာ အိမ်ကလေး

*

ရွှေရှိမှ အမျိုးတော်ချင်/ ရွှေမရှိသည့်ဘုရား လူမရှိသေ

ပိုက်ဆံမှာ အင်မတန်အားကြီးတဲ့ ဆွဲအားရှိပါတယ်လို့ ပြောရမှာပါ။ သင့်မှာ ပိုက်ဆံအများကြီးရှိမယ်ဆိုရင်၊ သင့်ဝန်းကျင်မှာ အပေါင်းအသင်းတွေ ဝိုင်းဝိုင်းလည်နေမှာပေါ့။ မြှောက်လုံး ပင့်လုံးတွေကြားမှာ သိပ်ကျေနပ်နေမှာပဲလေ။ သင့်ပိုက်ဆံတွေလည်း ကုန်ရော၊ သူငယ်ချင်းတွေလည်း ရှောင်ပြေးကုန်ကြတော့တာပါပဲ။

ဗိမ်ခံပစ္စည်းတွေနဲ့ စည်းစိမ်ရစ်နေခဲ့တဲ့ ဘဝကို တွေးကြည့်လိုက်စမ်းပါ။ သင့် အိမ်ဂေဟာမှာ အခစားဝင်နေကြတဲ့ ရုံရွှေတော်တွေနဲ့ နတ်ဘုံနတ်နန်းကလေးတမျှ ဗိမ်ကျနေတာပေါ့။ သင့်ရဲ့ လိုတရအိမ်ကြီးမှာ နေ့ရော ညပါ စည်ကားနေပြီလေ။ သူငယ်ချင်းတွေရဲ့ ပျားရည်ဆမ်းတမျှ ချိုမြတဲ့ အပြုံးတွေကြားမှာ သင့်မျက်နှာကြီးက ဝင်းထိန်နေလေရဲ့။ ပင်လယ်ကမ်းခြေကို မကြာခဏ အတူတူမြန်းကြပြီး အူမြူးနေကြပါတယ်။ ဟိုတယ်ထဲက စားသောက်ပွဲကြီးဟာ တဝါးဝါး တဟားဟား ရယ်သံတွေ၊ ဖန်ခွက်သံ၊ ပန်းကန်သံတွေက လွှမ်းမိုးနေတယ်လေ။ အပျော်အပါးအတွက် ငွေ အတော်များများ သုံးဖြုန်းပြီးတဲ့အခါ သင့်ပိုက်ဆံတွေ၊ သင့်သူငယ်ချင်းတွေက သင့်ကို ခွဲခွာသွားကြပါလေရော။ သင့်အပါးမှာ ဘာဆို ဘာမျှ မရှိတော့ပါဘူး။ သင့်ရဲ့ သာပေါင်းညာစား သူငယ်ချင်းတွေကို နားလည်လိုက်ပြီပေါ့။ အထီးကျန် ဆန်လှပါပြီကော။

သူငယ်ချင်းတွေ ပျောက်သွားတာ သင် နှင်ထုတ်လို့ မဟုတ်ပါဘူး။ ပိုက်ဆံကုန်ခန်းသွားပြီဖြစ်တဲ့ သင့်ရဲ့ ပိုက်ဆံအိတ်ကြောင့်ပဲပေါ့။ ခန်းနားတဲ့

အိမ်ကြီးကို စွန့်ပြီး မနှစ်မျို့စရာ အိမ်ကလေးမှာ တစ်ယောက်တည်း ငေါင်းစင်းစင်းနေနေရပြီလေ။ သင့်ရဲ့ ကိုယ်ပိုင်ပစ္စည်းဆိုလို့ ဘာမျှမရှိတော့တဲ့ ဆင်းရဲပိုက်ဆံအိတ်ကလေးပဲ ရှိပါတော့တယ်။ ရွှေမရှိတဲ့ဘုရား လူမရှိသေဘူးတဲ့။